# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မပြစ်မှားမိအောင် သတိပြု

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ဓား၊ လှံ စသည့် လက်နက်တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်း ဆုံးရှုံး၏။ ကိုယ်အင်္ဂါပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်း ခံရ၏။ သေသော် ငရဲသို့ ကျရောက်ရ၏။ (မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။) **ဒဏ္ဍဝဂ်(ဓမ္မပဒ-၁၄၀)**


၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်၊ တနင်္လာနေ့ အတွဲ (၅၇)၊ အမှတ်(၀၄၄)


# ယခုအချိန်အခါတွင် စည်းလုံးညီညွတ်မှုစွမ်းအားကို အမြင့်ဆုံးမြှင့်တင်ရတော့မည့်အချိန်ဖြစ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ (၉၇)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**

(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူပြည်သားအပေါင်းတို့ခင်ဗျား-**

ယနေ့ ၁၃၇၉ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၉၇)နှစ်မြောက် အမျိုးသားနေ့ အခါသမယတွင် တိုင်းရင်းသားပြည်သူပြည်သား အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံနိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❖

# အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး (ABIS) သို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် မိန့်ခွန်းပြောကြား

**မနီလာ(ဖိလစ်ပိုင်) နိုဝင်ဘာ ၁၂**

ဖိလစ်ပိုင်နိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် အာဆီယံ စီးပွားရေးအကြံပေးကောင်စီ (ASEAN BAC) က ကြီးမှူးကျင်းပသည့် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး (ABIS)၊ နှစ်(၅၀)ပြည့် အာဆီယံဂုဏ်ပြုညစာစားပွဲနှင့် အရှေ့အာရှထိပ်သီးအစည်းအဝေး၏ သီးသန့်အစည်းအဝေး (EAS Leaders' Retreat)တို့သို့ တက်ရောက်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မနီလာမြို့ Solaire Hotel ၌ အာဆီယံစီးပွားရေးအကြံပေးကောင်စီ (ASEAN BAC)က ကြီးမှူးကျင်းပသည့် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီး အစည်းအဝေး (ABIS) သို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။ **(အောက်ပုံ)**

*စာမျက်နှာ ၃ ကော်လံ ၁* ❄




## ၉၇ နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုပါ၏။




မြန်မာ့အလင်း

# အမျိုးသားရေး စိတ်ဓာတ်အမွေ

၁၉ ရာစုနှောင်းပိုင်းကာလ ကိုလိုနီနယ်ချဲ့တို့က မြန်မာနိုင်ငံကို ကျူးကျော်စစ် သုံးကြိမ်ပြုတိုက်ခိုက်၍ တစ်ရစ်ပြီးတစ်ရစ် ဝါးမြိုသိမ်းပိုက်ခဲ့ရာ ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲမှသည် တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲအထိ နှစ်ပေါင်း ၆၀ ခန့်ကာလအတွင်း ပဒေသရာဇ် မြန်မာနိုင်ငံတစ်ခုလုံး အရင်းရှင်နယ်ချဲ့တို့၏ လက်အောက်သို့ ကျရောက်ခဲ့ရသည်။ စစ်နိုင်သူနယ်ချဲ့တို့က စစ်ရှုံးသူမြန်မာတို့ကို ချိုးနှိမ်ခဲ့ရာတွင် မန္တလေးနန်းတော်ကို ဝင်ရောက်သိမ်းပိုက်ခဲ့သူ နယ်ချဲ့စစ်ဗိုလ်ချုပ်က နန်းတော်မှ ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို ၎င်း၏ ခြေထောက်အနီး ကြမ်းပြင်ပေါ်၌ ချထားကာ အောင်ပွဲခံဓာတ်ပုံရိုက် မှတ်တမ်းတင်ရင်း လူမျိုးကိုသာမက ဘာသာသာသနာကိုပါ ရိုင်းပျစွာစော်ကားခဲ့ပြီး ကျွန်ဇာတ်သွင်းခဲ့ကြသည်။

၁၈၈၅ ခုနှစ် မြန်မာနိုင်ငံတစ်နိုင်ငံလုံးကို ဗြိတိသျှနယ်ချဲ့တို့ သိမ်းပိုက်ပြီးခါစတွင် မြန်မာလူမျိုး ၈၅ ရာခိုင်နှုန်းခန့် စာရေး စာဖတ်တတ်ခဲ့ကြသည်။ ဗုဒ္ဓဘာသာထွန်းကားသော ပဒေသရာဇ်နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့သည့် မြန်မာနိုင်ငံတွင် မြို့ပြများတွင်သာမက ကျေးလက်တောရွာ အနှံ့အပြားတို့၌ တည်ရှိနေခဲ့သော ဘုန်းတော်ကြီးကျောင်းများတွင် ပညာသင်ယူနိုင်ခဲ့ကြခြင်းကြောင့် ယင်းပညာရေးစနစ်ဖြင့်ပင် စာတတ်မြောက်နှုန်း မြင့်မားခဲ့ကြပြီး အမျိုးသားယဉ်ကျေးမှုအမွေကိုပါ ဆက်ခံနိုင်ခဲ့ကြခြင်း ဖြစ်သည်။

နယ်ချဲ့လက်အောက်လုံးလုံးကျရောက်ခဲ့ပြီးနောက် နှစ်ပေါင်း ၃၅ နှစ်ကြာ ကာလတွင်မူ မြန်မာလူမျိုး ၃၅ ရာခိုင်နှုန်းသာ စာရေးစာဖတ် တတ်ကြတော့သည်။ အဆိုပါကာလအတွင်း တစ်နိုင်ငံလုံးတွင် အင်္ဂလိပ်-မြန်မာစာသင်ကျောင်း ၄၉ ကျောင်းနှင့် ပြင်ဦးလွင်(မေမြို့)တွင် အင်္ဂလိပ်လူမျိုးများသာ တက်ခွင့်ရှိသည့် ကျောင်းတစ်ကျောင်း စုစုပေါင်း ကျောင်း ၅၀ သာရှိခဲ့သည်။ မြို့ကြီး ခုနစ်မြို့၌ အထက်တန်းကျောင်းခုနစ်ကျောင်းသာရှိခဲ့ပြီး မြို့ငယ်များ ကျေးလက်များ၌ အစိုးရစာသင်ကျောင်း လုံးဝမရှိ။ ထို့အပြင် တက္ကသိုလ်ဟူ၍လည်း မရှိဘဲ အိန္ဒိယမှ ကာလကတ္တားတက္ကသိုလ်လက်အောက်ခံရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်နှစ်ခုသာရှိပြီး နှစ်ကျောင်းပေါင်း ကျောင်းသား ၈၀၀ ကျော်သာ ရှိခဲ့သည်။ ဤသည်မှာ ၁၉၂၀ ပြည့်နှစ် ပထမကောလိပ်သပိတ်ကြီး မပေါ်ပေါက်လာမီ မြန်မာနိုင်ငံ၏ နိမ့်ကျနေသည့် ပညာရေးအခြေအနေ ဖြစ်သည်။

၁၉၂၀ ပြည့်နှစ် ရန်ကုန်ကောလိပ်သပိတ်သည် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်ပြီး ကျွန်ပညာရေးစနစ်ကို ဆန့်ကျင်ခဲ့ခြင်းသက်သက်မျှသာမဟုတ်ဘဲ အရင်းရှင်စီးပွားရေးစနစ်ကိုပါ တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ နယ်ချဲ့အရင်းရှင်အာဏာပိုင်တို့ကို ပညာရေးနယ်ပယ်မှစတင်၍ ဆန့်ကျင်ခဲ့ကြခြင်းဖြစ်သည်။ သူ့ကျွန်ဘဝကျရောက်ခဲ့ရချိန်မှစ၍ ဖိနှိပ်ခံခဲ့ရသည့် ပြည်သူတစ်ရပ်လုံးကလည်း ကျောင်းသားသပိတ်ကို တစ်ခဲနက် ထောက်ခံခဲ့ကြပြီး အမျိုးသားရေးစိတ်ဓာတ်တို့ နိုးကြားတက်ကြွခဲ့ကာ နောင်တွင် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများ ဆင့်ကာဆင့်ကာ ပေါ်ထွက်လာခြင်းနှင့်အတူ မျိုးဆက်သစ်ခေါင်းဆောင်များက နိုင်ငံလွတ်လပ်ရေးဆီသို့ ဦးတည်သယ်ဆောင်သွားနိုင်စေခဲ့သည်။

စင်စစ်အမျိုးသားရေးစိတ်ဓာတ်ဟူသည် နိုင်ငံနှင့်လူမျိုးကို ချစ်စိတ်၊ ကာကွယ်စောင့်ရှောက်လိုသော စိတ်ပင်ဖြစ်သည်။ လူမျိုးဟူသည်မှာလည်း နှစ်ပရိစ္ဆေဒများစွာ အေးအတူပူအမျှ အတူတကွ ပူးပေါင်းနေထိုင်ကြရင်း တစ်သွေးတည်းတစ်သားတည်း ဟူသောစိတ်ထားဖြင့် အပြန်အလှန် ရိုင်းပင်း ကာကွယ်စောင့်ရှောက်နေထိုင်ကြသူများပင် ဖြစ်သည်။ ဘိုးဘွားတို့လက်ဆင့်ကမ်းပေးခဲ့သည့် အမျိုးသားရေးစိတ်ဓာတ်အမွေတို့ကို ခံယူကာ မိမိတို့၏ ပစ္စုပ္ပန်သမိုင်းပေးတာဝန်များဖြစ်သည့် ပြည်ထောင်စု စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်ရေး၊ တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးတာဝန်များကို ဦးလည်မသုန် တညီတညွတ် ထမ်းရွက်ကြရပါမည်ဖြစ်ပါကြောင်း။ ။

# တရားကိုယ်ကို လှစ်ဟပြသနေသော စကားလုံးများ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့၌ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့ပါသည်။ လုံခြုံရေးကောင်စီဥက္ကဋ္ဌ ထုတ်ပြန်ချက်၏ အဖွင့်အပိုဒ်ကို ဖတ်လိုက်သည်နှင့် တရားမျှတမှုရှိလေဟန် ပုံဖော်ထားသည်ကို သတိပြုမိပါသည်။ အဆိုပါ အဖွင့်အပိုဒ်၌ ရခိုင်ပြည်နယ်၌ ဩဂုတ်လ ၂၅ ရက်နေ့က ARSA အဖွဲ့၏ မြန်မာလုံခြုံရေးတပ်ဖွဲ့တို့အပေါ် တိုက်ခိုက်မှုကို ရှုတ်ချထားပြီး ARSA အဖွဲ့၏ လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် လေးလေးနက်နက် စိုးရိမ်မကင်းဖြစ်မိကြောင်း ဖော်ပြထားပါသည်။

လုံခြုံရေးကောင်စီဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်၌ ARSA အဖွဲ့ကို အမည်အပြည့်ဖြင့် ဖော်ပြထားသော်လည်း အကြမ်းဖက် အဖွဲ့ဆိုသည်ကိုမူ တစ်စုံတစ်ရာ ရည်ညွှန်းဖော်ပြထားခြင်းမရှိပါ။ ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့သည် သာမန်အကြမ်းဖက်အဖွဲ့ မဟုတ်ပါ။ သာမန်အကြမ်းဖက်အဖွဲ့ဟူသည် ဒေသတွင်းနေထိုင်သူတို့ ကိုယ်တိုင်ဖွဲ့စည်းထားသော အကြမ်းဖက်အဖွဲ့ဟု ဆိုလိုခြင်းဖြစ်ပါသည်။ ARSA အကြမ်းဖက်အဖွဲ့သည် ပြည်ပနိုင်ငံတို့၌ အခြေစိုက်ဖွဲ့စည်းထားသော အကြမ်းဖက်အဖွဲ့ ဖြစ်သည်သာမက ကမ္ဘာတစ်ဝန်း လှုပ်ရှားနေသော နိုင်ငံတကာအကြမ်းဖက်အဖွဲ့တို့နှင့် ချိတ်ဆက်ထားသော အကြမ်းဖက်အဖွဲ့ ဖြစ်ပါသည်။

ARSA အကြမ်းဖက်အဖွဲ့၏ ခေါင်းဆောင်ဆိုသူများမှာလည်း နိုင်ငံခြားသားများသာ ဖြစ်ပါသည်။ ဤအချက်တို့သည် နိုင်ငံတကာ အကြမ်းဖက်အဖွဲ့အစည်းတို့က ရခိုင်ပြည်နယ်၌ ဝင်ရောက်စွက်ဖက် အခြေစိုက်ရန် ကြိုးပမ်းနေသည်ကို ရှင်းလင်းစွာ မီးမောင်းထိုးပြသနေပါသည်။ သို့သော် ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ရခိုင်ပြည်နယ်၌ နိုင်ငံတကာ အကြမ်းဖက် အဖွဲ့တို့၏ စွက်ဖက်ထိုးနှက်မှုကို မြင်တွေ့နေရပါလျက် ARSA အဖွဲ့အား ပြည်ပအကြမ်းဖက် အဖွဲ့အစည်းအဖြစ် ရည်ညွှန်းရန် ပျက်ကွက်ခဲ့ခြင်းသည် အလွန်တရာ စိတ်ပျက်ဖွယ်ကောင်းသော အပြုအမူသာ ဖြစ်ပါသည်။ ဖုံးကွယ်မှု တစ်စုံတစ်ရာရှိသည်ကိုလည်း ညွှန်းပြနေပါသည်။

လုံခြုံရေးကောင်စီဥက္ကဋ္ဌ ထုတ်ပြန်ချက်၏ စတုတ္ထအပိုဒ်အဖွင့်၌ "လုံခြုံရေးကောင်စီသည် မြန်မာနိုင်ငံ၏ ဒေသအားလုံး တစုတစည်း ညီညီညွတ်ညွတ်တည်ရှိမှု၊ နယ်မြေတည်တံ့ခိုင်မြဲမှု၊ လွတ်လပ်သော နိုင်ငံအဖြစ်တည်ရှိမှုနှင့် အချုပ်အခြာအာဏာပိုင်စိုးမှုတို့အား အပြည့်အဝအသိအမှတ်ပြုပါသည်" ဟု ဖော်ပြထားပါသည်။ သို့သော် လုံခြုံရေးကောင်စီဥက္ကဋ္ဌ ထုတ်ပြန်ချက်၌ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အချုပ်အခြာအာဏာထိပါးစေမည့် တိုင်းရင်းသားလူမျိုးဖြစ်လေဟန် လုပ်ကြံအမည်ဆန်းဟု ယူဆထားသည့်အမည်ကို ထပ်ခါတလဲလဲ အသုံးပြုထားပါသည်။ လုံခြုံရေးကောင်စီဥက္ကဋ္ဌ ထုတ်ပြန်ချက်၌ မြန်မာနိုင်ငံ၏ အချုပ်အခြာ အာဏာအား အပြည့်အဝအသိအမှတ်ပြုပါသည်ဟု စကားလုံးအရ ဖော်ပြထားသော်လည်း လက်တွေ့အဓိပ္ပာယ်သက်ရောက်မှု၌ နိုင်ငံရေးအနှစ်သာရအရ အကြိမ်ကြိမ် ပြက်ရယ်ပြုထားပါသည်။ တိုင်းရင်းသားလူမျိုးဖြစ်လေဟန် လုပ်ကြံဖန်တီးထားသည့်စကားလုံးကို နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးက လက်မခံ၊ ပယ်ချထားပါလျက် လုံခြုံရေးကောင်စီက အဘယ်ကြောင့် မြိန်ရေရှက်ရေ သုံးစွဲနေရပါသနည်း။ စကားနောက်တရားပါဟူသော မြန်မာစကားရှိပါသည်။ အထက်၌ ရည်ညွှန်းဖော်ပြခဲ့သည့် အချက်နှစ်ချက်ကို ကြည့်ရုံမျှဖြင့် လုံခြုံရေးကောင်စီဥက္ကဋ္ဌ ထုတ်ပြန်ချက်တွင် ဖုံးကွယ်ထားသော အကြောင်းတရားတို့ ရှိနေပါကြောင်း လေးနက်စွာတင်ပြအပ်ပါသည်။ ။



နေပြည်တော်တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ (၉၇)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင် ဖြန့်ဝေခြင်းနှင့် အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၁၀ ရက်က အဆိုပါကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းကြည်က အမှာစကား ပြောကြားပြီး မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်က အမျိုးသားနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင် ဖြန့်ဝေပေးစဉ်။

တင်စိုးလွင်

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၂-၁၁-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၂၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၈၇၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၆၅၅/၆၇၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၆၉၀ ကျပ် (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၉ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၀ | ·၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ | ·၀ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ·၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၁ |
| တရုတ် | တစ်ယွမ် | ၂၀၇ | ·၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၉ | ·၉ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❊ ရှေ့ဖုံးမှ

အစည်းအဝေး၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိန့်ခွန်းပြောကြားရာတွင် "အာဆီယံဒေသရဲ့စီးပွားရေးက မကြာသေးမီ ဆယ်စုနှစ်များအတွင်း အလွန်တရာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ကမ္ဘာပေါ်မှာ သတ္တမမြောက်အကြီးမားဆုံး စီးပွားရေးအင်အားစုဖြစ်လာခဲ့ပါတယ်၊ လူဦးရေအရလည်း လူဦးရေ ၆၄၈ သန်းရှိတဲ့ အာဆီယံဒေသက ဥရောပတိုက်ဖြစ်စေ၊ မြောက်အမေရိကတိုက်ဖြစ်စေ နှစ်ခုစလုံးထက် ပိုမိုများပြားပါတယ်။

**ပြောင်းလဲမှုတွေလုပ်ဆောင်နေ**

"မြန်မာနိုင်ငံက အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကဏ္ဍတိုင်းမှာ ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်နေတာကြောင့် ကျွန်မတို့နိုင်ငံရဲ့စီးပွားရေးက အလျင်အမြန်ကို တိုးတက်နေပါတယ်၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှာ ယှဉ်ပြိုင်မှုကို အားပေးပြီး ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းဖန်တီးပေးတာကြောင့် သိသာထင်ရှားတဲ့ ပြုပြင်ပြောင်းလဲမှုတွေကို မြင်တွေ့နိုင်ပါတယ်၊ ဒီလိုလုပ်ဆောင်ဖို့ အရေးကြီးတာကတော့ ပုဂ္ဂလိကကဏ္ဍရဲ့ အခန်းကဏ္ဍဖြစ်ပါတယ်၊ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ အတိုင်းအတာမဖော်ပြနိုင်လောက်အောင် အထောက်အကူပြုမယ့်အရေးပါတဲ့ အခြေခံအဆောက်အအုံစီမံကိန်းတွေ အကောင်အထည်ဖော်ဆောင်ရာမှာ ပုဂ္ဂလိကကဏ္ဍ



နိုင်ငံ့အကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများအား ကြိုဆိုခြင်းအခမ်းအနားနှင့် နှစ်(၅၀)ပြည့် အာဆီယံဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

က အရေးပါတဲ့အခန်းကဏ္ဍကနေ ပါဝင်နေပါတယ်၊ One stop service center တွေ တည်ထောင်တာ၊ single-window system လို့ခေါ်တဲ့ ကုန်သွယ်မှုပြုလုပ်ရာမှာ အဆင်ပြေချောမွေ့အောင် လုပ်ဆောင်တဲ့စနစ်ချမှတ်တာ၊ အွန်လိုင်းကနေလျှောက်ထားတဲ့စနစ် အစရှိတဲ့ လုပ်ဆောင်ချက်တွေကို ဗျူရိုကရက်ကြိုးနီစနစ်လျှော့ချဖို့နဲ့ ပုဂ္ဂလိကလုပ်ငန်းတွေ ကြီးပွားတိုးတက်လာနိုင်မယ့် စီးပွားရေးပတ်ဝန်းကျင်တစ်ရပ် ဖန်တီးပေးဖို့ ဆောင်ရွက်နေပါတယ်။

**စိန်ခေါ်မှုများစွာရှိနေ**

"စီးပွားရေးနဲ့ နိုင်ငံရေးအရ ဆယ်စုနှစ်ချီ ထီးတည်းနေခဲ့ရတဲ့ မြန်မာနိုင်ငံအတွက် မကြာသေးမီအချိန်အတွင်း ကမ္ဘာ့စီးပွားရေး နွေးကွေးလာချိန်မှာ စိန်ခေါ်မှုများစွာရှိနေပါတယ်။ တာဝန်ရှိတဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုအနေနဲ့ စီးပွားရေးနဲ့ လူမှုရေးအရ ပိုမိုချိတ်ဆက်မှု၊ ပေါင်းစည်းမှုရှိလာဖို့ မြန်မာနိုင်ငံအနေနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးနဲ့ လက်တွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ ဒီလိုပေါင်းစည်းရေးလုပ်ငန်းစဉ်လုပ်ဆောင်ရာမှာ လူသားအရင်းအနှီးဖြစ်တဲ့ တတ်သိပညာရှင်တွေက စီးပွားရေးနဲ့ လူမှုဖွံ့ဖြိုးမှုအရ အဆင့်အသီးသီးမှာ ကွဲပြားမှုရှိနေတဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေကြား ကွာဟချက်ကျဉ်းမြောင်းအောင်ဆောင်ရွက်ရာမှာ အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်နေပါတယ်။





နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံစီးပွားရေးအကြံပေးကောင်စီမှ ခေါင်းဆောင်များနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**အားတက်သရေပါဝင်**

"စီးပွားရေးနဲ့လူမှုရေးဖွံ့ဖြိုးတိုးတက်မှုမှာပါဝင်တဲ့ အမျိုးသမီးတွေရဲ့အရေးပါတဲ့အခန်းကဏ္ဍ၊ တိုင်းပြည်ရဲ့အသွင်ကူးပြောင်းမှုမှာ အမျိုးသမီးတွေပါဝင်ခဲ့တဲ့ အရေးပါတဲ့အခန်းကဏ္ဍနဲ့ စဉ်ဆက်မပြတ်သော လူမှုရေးအပြောင်းအလဲဖြစ်ပေါ်စေရာမှာ အမျိုးသမီးတွေရဲ့ ရှုထောင့်အမြင်လိုအပ်ချက်ကို အသိအမှတ်ပြုဖို့ မြန်မာနိုင်ငံက ၂၀၁၃ ခုနှစ်မှာ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများဖိုရမ်ကို လက်ခံကျင်းပခဲ့ပါတယ်။ အသွင်ကူးပြောင်းမှုမှာ အမျိုးသမီးလုပ်ငန်းရှင်တွေ ပိုပြီးတော့ အားတက်သရေပါဝင်လာခဲ့ပြီး လူမှုရေးသာမက စီးပွားရေးနယ်ပယ်မှာ အမျိုးသမီးတွေရဲ့အရေးပါမှုကို ထင်ရှားစေပါတယ်။

**အပြုသဘောဆောင်**

"ပညာရှင်တွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ အစီရင်ခံစာက လိင်ပိုင်းဆိုင်ရာတန်းတူညီမျှရေးရဲ့ အရေးပါမှုကို အခိုင်အမာဆိုထားပါတယ်၊ အမျိုးသမီးတွေရဲ့အခွင့်အရေးရရှိရေး လုပ်ဆောင်ရာမှာ အပြုသဘောဆောင်တဲ့အပြောင်းအလဲဖြစ်ပေါ်လာဖို့ မူလတန်းနဲ့အလယ်တန်းအဆင့် ကျောင်းအပ်နှံတဲ့မိန်းကလေးအရေအတွက် တိုးမြင့်လာစေဖို့ လုပ်သားထုမှာ အမျိုးသမီးတွေရဲ့ပါဝင်မှု တိုးတက်လာဖို့၊ ပိုမိုကောင်းမွန်တဲ့ မိခင်ကျန်းမာရေးစောင့်ရှောက်မှုရရှိဖို့၊ ခိုင်မာသောလူမှုရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုထောက်ပံ့ပေးဖို့နဲ့ ဆုံးဖြတ်ချက်ချမှတ်ရာမှာ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍကိုမြှင့်တင်ပေးဖို့ အရေးကြီးပါတယ်၊ မကြာသေးမီကာလအတွင်း လူမှုရေး၊ နိုင်ငံရေးနဲ့ စီးပွားရေးအပြောင်းအလဲတွေမှာ အမျိုးသမီးတွေရဲ့ ပါဝင်မှု နိုင်ငံအများအပြားမှာ အံ့အားသင့်ဖွယ်ပါပဲ၊ သို့သော်လည်း အမျိုးသမီးများမှာ နယ်ပယ်များစွာ၌ အခွင့်အလမ်းများ ဆုံးရှုံးနေရဆဲဖြစ်ပါတယ်၊ အမျိုးသမီးများကို လုပ်ငန်းကျွမ်းကျင်မှုမရှိသော လုပ်သားအဖြစ် သတ်မှတ်ထားပြီး ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခြင်းမရှိသော အိမ်ရှင်မများအဖြစ် သိရှိထားသည့် လူမှုရေးစံနှုန်းမှာ အကြီးမားဆုံးစိန်ခေါ်မှုတွေထဲကတစ်ခု ဖြစ်ပါတယ်၊ စီးပွားရေးအောင်မြင်မှုနဲ့ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုမှာ အမျိုးသမီးတွေရဲ့ အရေးပါတဲ့အခန်းကဏ္ဍကို အသိအမှတ်ပြုတဲ့အနေနဲ့ မြန်မာနိုင်ငံက ၁၀ နှစ်ကြာ စီမံကိန်းတစ်ခုဖြစ်တဲ့ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားမဟာဗျူဟာမြောက် စီမံချက်ကို ချမှတ်ခဲ့ပါတယ်၊ ဒီစီမံချက်က ၁၉၉၇ ခုနှစ်မှာ မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးခဲ့တဲ့ Beijing Platform or Action ရဲ့

*စာမျက်နှာ ၄ သို့*

# "အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်ခု အနေနဲ့ စီးပွားရေးနဲ့ လူမှုရေးအရ ပိုမိုချိတ်ဆက်မှု၊ ပေါင်းစည်းမှု ရှိလာဖို့ မြန်မာနိုင်ငံအနေနဲ့ အာဆီယံအဖွဲ့ဝင် နိုင်ငံများအားလုံး နဲ့ လက်တွဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မနီလာမြို့ရှိ မြန်မာသံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များ၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များအား တွေ့ဆုံစဉ်။ သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

နှစ်စဉ် အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပရခြင်း၏ သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုလျှင် မြန်မာပြည်သူအများ တက္ကသိုလ်ပညာ သင်ကြားနိုင်ရေး ကန့်သတ်ပိတ်ပင်ထားသည့် ယူနီဗာစီတီ အက်ဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ချိန်၊ မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (၁၉၂၀ ခုနှစ် ဒီဇင်ဘာလ ၅ ရက်)နေ့တွင် ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်ကျောင်းသားများက ယူနီဗာစီတီ အက်ဥပဒေကို စတင် သပိတ်မှောက်ခဲ့ကြပါသည်။ မတရားသည့် ယူနီဗာစီတီ အက်ဥပဒေကို ဆန့်ကျင်သပိတ်မှောက်ရာမှ ကျောင်းသားသပိတ်သည် နိုင်ငံတစ်နံတစ်လျား ပျံ့နှံ့ ရိုက်ခတ်သွားခဲ့ပါသည်။ ဤသပိတ်၏ အကျိုးဆက်ကြောင့် များမကြာမီအတွင်း အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုရင့်သန်လာပြီး အမျိုးသားကျောင်းများ နိုင်ငံနှင့်အဝှမ်း ပေါ်ပေါက်လာခဲ့ပါသည်။ ထိုသို့ သပိတ်မှောက်ခဲ့ခြင်းသည် တက္ကသိုလ်ပညာရေးဖြင့်သာ သက်ဆိုင်သည့် အရေးကိစ္စမဟုတ်ဘဲ မြန်မာပြည်သူများကို အမျိုးသားရေး အသိစိတ်ဓာတ်များ နှိုးဆော်ပေးလိုက်သည့် အရေးတော်ပုံကြီးပင် ဖြစ်ပါသည်။ ထိုအရေးတော်ပုံမှ စတင်၍ မွေးဖွားပေးခဲ့သည့် အမျိုးသားရေးနိုးကြားမှု အသိစိတ်ဓာတ်များသည် မြန်မာနိုင်ငံ လွတ်လပ်ရေးကို ရယူနိုင်စွမ်းရှိသည်အထိ အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းတိုးတက်လာခဲ့ပါသည်။

**အစဉ်ကိန်းအောင်းနေ**

၁၉၂၁ ခုနှစ် အောက်တိုဘာလ ၂၁ရက်နေ့မှ ၂၄ ရက်နေ့အထိ မန္တလေးမြို့တွင် ကျင်းပခဲ့သည့် နဝမအကြိမ်မြောက် ဂျီစီဘီအေ ညီလာခံကြီးက ပထမ ကျောင်းသားသပိတ်စတင်ခဲ့သည့် ၁၂၈၂ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ပြဋ္ဌာန်းရန် စတင်ဆွေးနွေးခဲ့ပြီး ၁၉၂၂ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့ ရန်ကုန်မြို့တွင် စတင်ကျင်းပခဲ့သည့် ဂျီစီဘီအေ အထူးညီလာခံက ၎င်းနေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ကြောင်း ဆုံးဖြတ် အတည်ပြုပေးခဲ့ပါသည်။ ထိုအချိန်မှစ၍ တိုင်းရင်းသားပြည်သူအားလုံး၏ နှလုံးသည်းပွတ်တွင် အမျိုးသားရေးစိတ်ဓာတ် အစဉ်ကိန်းအောင်းနေစေခြင်းငှာ နှစ်စဉ်နှစ်တိုင်း နိုင်ငံနှင့် အဝှမ်း အမျိုးသားနေ့အဖြစ် သတ်မှတ်၍ အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားများ ခြိမ့်ခြိမ့်သဲသဲ ကျင်းပလာခဲ့ကြပြီး ယခုဆိုလျှင် ရာပြည့်အကြို (၉၇ နှစ်)တိုင်ခဲ့ပြီ ဖြစ်ပါသည်။

**“ အစိုးရ၊ ပြည်သူ၊ တပ်မတော်၊ လွှတ်တော်၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ မကြံ့စဖူး စည်းလုံးညီညွတ်မှုနှင့်အတူ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါ လမ်းကြောင်းမှန်အတိုင်း မတိမ်းမစောင်း၊ မယိမ်းမယိုင် တည်ငြိမ်ဖြောင့်မတ်စွာ ဆက်လက်လျှောက်လှမ်းနိုင်ရေးအတွက် အဖွဲ့အစည်းအသီးသီးတို့သည် ပြည်သူနှင့်အတူ စည်းလုံးညီညွတ်မှုစွမ်းအားကို အရှိန်မြှင့်တင် မွေးမြူဆောင်ရွက်ကြရမည် ”**

**စည်းလုံးညီညွတ်မှုစွမ်းအား**

ယခုအချိန်အခါတွင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး အနေဖြင့် စည်းလုံးညီညွတ်မှုစွမ်းအားကို အမြင့်ဆုံးမြှင့်တင်ရတော့မည့်အချိန် ဖြစ်ပါသည်။ အစိုးရ၊ ပြည်သူ၊ တပ်မတော်၊ လွှတ်တော်၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ မကြံ့စဖူး စည်းလုံးညီညွတ်မှုနှင့်အတူ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါ လမ်းကြောင်းမှန်အတိုင်း မတိမ်းမစောင်း၊ မယိမ်းမယိုင် တည်ငြိမ်ဖြောင့်မတ်စွာ ဆက်လက် လျှောက်လှမ်းနိုင်ရေးအတွက် အဖွဲ့အစည်းအသီးသီးတို့သည် ပြည်သူနှင့်အတူ စည်းလုံးညီညွတ်မှု စွမ်းအားကို အရှိန်မြှင့်တင် မွေးမြူဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ယနေ့ မြန်မာနိုင်ငံသည် စစ်မှန်သည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရန်အတွက် (၂၁)ရာစု ပင်လုံဟုခေါ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကိုလည်း ကျင်းပလျက်ရှိပါသည်။

ခိုင်မာသည့် ရည်မှန်းချက်ဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ယနေ့ကျရောက်သည့် အမျိုးသားနေ့ ဦးတည်ချက်များဖြစ်သည့် -

- **ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး**
- **ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်ရေး**
- **တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး**
- **ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး**

တို့ကို ဦးထိပ်ထားလျက် ပြည်သူတို့၏ အမျိုးသားစည်းလုံးညီညွတ်မှုအင်အားဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။ ။

*စာမျက်နှာ ၃ မှ*

ဦးစားပေး နယ်ပယ် ၁၂ ခုနဲ့ Convention on the Elimination of All Forms of Discrimination against Women ရဲ့ အခြေခံ စည်းမျဉ်းများအပေါ် အခြေခံထားပါတယ်။

**စီးပွားရေးလုပ်ကိုင်နိုင်မှု စွမ်းအား**

“စီးပွားရေးနဲ့ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုမှာ အမျိုးသမီးတွေရဲ့ ပါဝင်ဆောင်ရွက်မှုက မြန်မာနိုင်ငံမှာ သာမက ဒေသတွင်းမှာပါ ထင်ထင်ရှားရှား တွေ့မြင်နိုင်ပါတယ်၊ ဒီအားသာချက်ကို အသိအမှတ် ပြုခြင်းအားဖြင့် နိုင်ငံများအတွက် အာဆီယံလို့ ကျွန်မတို့ခေါ်တဲ့ ပေါင်းစည်းထားတဲ့ အသိုင်းအဝိုင်းတစ်ခုအတွက်နဲ့ ပိုမိုကောင်းမွန်တဲ့ ကမ္ဘာကြီးတစ်ခုအတွက် အမျိုးသမီးတွေအနေနဲ့ သူတို့ရဲ့ စီးပွားရေးလုပ်ကိုင်နိုင်မှု စွမ်းအားကို ထုတ်ဖော်ပြသနိုင်မယ့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးကြပါစို့။

**စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု**

“ယနေ့အချိန်မှာ နိုင်ငံတစ်နိုင်ငံရဲ့ ချမ်းသာသုခက အဲဒီနိုင်ငံရဲ့ သဘာဝအရင်းအမြစ် ပေါကြွယ်ဝမှုသာမက နိုင်ငံသူ နိုင်ငံသားတွေရဲ့ အသိပညာနဲ့ ကျွမ်းကျင်မှုဆိုင်ရာ အသုံးဝင်မှုဆိုတာကို ပိုပြီးတော့ အသိအမှတ်ပြုလာကြပါပြီ၊ အသိပညာနဲ့ ကျွမ်းကျင်မှု ပိုမိုရှိလာခြင်းကသာ ပြည်သူတွေနဲ့ နိုင်ငံနှစ်ခုစလုံးအတွက် ပိုမိုကောင်းမွန်တဲ့ စီးပွားရေးရလဒ်တွေ ဖြစ်ပေါ်ရရှိစေနိုင်တယ်ဆိုတာ တောင်ကိုရီးယားနဲ့ စင်ကာပူတို့လို ထွန်းသစ်စ စက်မှုနိုင်ငံတွေရဲ့ အတွေ့အကြုံက ထင်ရှားစေပါတယ်၊ တိုင်းပြည်တစ်ပြည်မှာရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေရဲ့ အရည်အသွေးက အဲဒီနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ညွှန်ပြနေပါတယ်။

**လူသားအရင်းအနှီး ဖွံ့ဖြိုးရေး**

“လူသားအရင်းအနှီး ဖွံ့ဖြိုးတိုးတက်မှုက နိုင်ငံတွေရဲ့ လူမှုရေးနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမှာ အရေးကြီးပါတယ်၊ ဖွံ့ဖြိုးဆဲ တိုင်းပြည်တွေက လူသားအရင်းအနှီးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းရမှာ ဖြစ်ပါတယ်၊ ပြောင်းလဲနေတဲ့ ကမ္ဘာ့စီးပွားရေး ပတ်ဝန်းကျင်မှာ ယှဉ်ပြိုင်နိုင်တဲ့ အရည်အသွေး ပြည့်ဝသော၊ လေ့ကျင့်ထားသော လုပ်သားထု မွေးထုတ်ရန် ပညာရေးနှင့် လေ့ကျင့်ရေးမှတစ်ဆင့် လူသားအရင်းအနှီး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်ပါတယ်။ ယနေ့ ကမ္ဘာကြီးမှာ စဉ်ဆက်မပြတ်သော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရရှိဖို့အတွက် လူသားအရင်းအနှီး ဖွံ့ဖြိုးရေးဟာ ပဓာနကျပါတယ်၊ နိုင်ငံတစ်နိုင်ငံရဲ့ လူသားအရင်းအနှီး ဖွံ့ဖြိုးတိုးတက်ရေးမှာ ပညာရေးဟာ အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်နေပါတယ်၊ ပညာရေးမှာ ရင်းနှီးမြှုပ်နှံမှုက မြန်ဆန်တဲ့ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို မြှင့်တင်ပေးနိုင်ပါတယ်”ဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အာဆီယံစီးပွားရေး အကြံပေးကောင်စီမှ ခေါင်းဆောင်များနှင့်စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**ဂုဏ်ပြုညစာ စားပွဲ**

ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မနီလာမြို့ SMX Convention Center ၌ ကျင်းပသည့် နှစ်(၅၀)ပြည့် အာဆီယံ ဂုဏ်ပြု ညစာစားပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံ့အကြီးအကဲများနှင့် အစိုးရအဖွဲ့ အကြီးအကဲများအား ကြိုဆိုခြင်း အခမ်းအနားနှင့် နှစ်(၅၀)ပြည့် အာဆီယံ ဂုဏ်ပြုညစာ စားပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ဒူတာတေးက နှစ်(၅၀)ပြည့် အာဆီယံဂုဏ်ပြုညစာ စားပွဲသို့ တက်ရောက်လာသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံ့အကြီးအကဲများနှင့် အစိုးရအဖွဲ့ အကြီးအကဲများ၊ အာဆီယံနှင့် ဆက်စပ် အစည်းအဝေးများသို့ တက်ရောက်လာကြသည့် နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများအား SMX Convention Center ၌ ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကာ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

**တက်ရောက်**

အခမ်းအနားများသို့ အာဆီယံ အဖွဲ့ဝင် နိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ် နိုင်ငံတို့မှ နိုင်ငံ့အကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်၊ အာဆီယံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်များ၊ စီးပွားရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်များ၊ စီးပွားရေး ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သံတမန် ကျင့်ဝတ်စည်းကမ်း**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ယနေ့ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် မနီလာမြို့ရှိ မြန်မာသံအမတ်ကြီး နေအိမ်သို့ ရောက်ရှိပြီး သံအမတ်ကြီး ဦးဝင်းနိုင်နှင့် သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ စစ်သံမှူး ဗိုလ်မှူးကြီး ဝင်းမြတ်နှင့် စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများအားတွေ့ဆုံပြီး ပညာရေး၊ ကျန်းမာရေး အခြေအနေတို့ကို မေးမြန်းကာ သံတမန်ကျင့်ဝတ်စည်းကမ်းများနှင့်အညီ နေထိုင်ကြရန် မှာကြားပြီး သံအမတ်ကြီး တည်ခင်းသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

**သတင်းစဉ်**

# နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင် အာဆီယံဝန်ကြီးများအဆင့် အစည်းအဝေးများသို့ တက်ရောက်

**မနီလာ (ဖိလစ်ပိုင်) နိုဝင်ဘာ ၁၂**

ဖိလစ်ပိုင်နိုင်ငံ၌ ခရီးရောက်ရှိနေသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်သည် ယနေ့ဒေသ စံတော်ချိန် နံနက် ၁၀ နာရီတွင် မနီလာမြို့ Marriott Grand Ballroom D ၌ ကျင်းပသည့် (၁၆) ကြိမ်မြောက် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးသို့ လည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင် ကျင်းပသည့် အကြိမ်(၂၀)မြောက် အာဆီယံ ညှိနှိုင်းရေးကောင်စီ အစည်းအဝေးသို့ လည်းကောင်း တက်ရောက်သည်။

အစည်းအဝေးများသို့ အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ ဂျကာတာမြို့အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ မြန်မာ အမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီး ဦးမင်းလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

လှူဒါန်းကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါ သီချင်းဆိုပြိုင်ပွဲကို အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့်စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး၊ နိုင်ငံတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်သူများ၏ စိတ်ပါဝင်စားမှု၊ ထောက်ခံပါဝင်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ ပိုမိုရရှိစေရန်နှင့် အထောက်အကူပြုစေရေးတို့အတွက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV မှ မြို့နေရာများ သတ်မှတ်ကာ ပြိုင်ပွဲများကိုကျင်းပပေးခဲ့သည်။

Level -1 အဆင့် ဒေသ လက်ရွေးစင် ရွေးချယ်ပွဲများကို တောင်ကြီး၊ မြစ်ကြီးနား၊ မော်လမြိုင်၊ လားရှိုး၊ ပုသိမ်၊ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ဘားအံ၊ ကလေးမြို့တို့တွင် ကျင်းပခဲ့ပြီး အဆိုပါမြို့များမှ ဒေသ လက်ရွေးစင် ၃၆ ဦး ထွက်ပေါ်လာခဲ့သည်။ ဆက်လက်၍ Level-2 အဆင့် ပွဲစဉ်(၄)ခုကို ကျင်းပခဲ့ပြီးနောက် ပြိုင်ပွဲဝင် ၁၁ ဦးကို Level -3 အဆင့်အတွက် ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

Level -3 အဆင့်ကို ပွဲစဉ်(၄) ခုခွဲ၍ ကျင်းပလျက်ရှိရာ အဆိုပါပွဲစဉ်များတွင် ဒိုင်များ၏ဆုံးဖြတ်ချက်အပြင် ပရိသတ် များ၏ Voting စနစ်လည်း ပါဝင်ကြောင်း သိရသည်။ ပရိသတ်များအနေဖြင့် မိမိကိုင်ဆောင်သည့် Operator အလိုက် SMS ပေးပို့နိုင်သည့် Code များမှာ MPT (7676)၊ Telenor (6600)၊ Ooredoo (6031)တို့သို့ ပြိုင်ပွဲကျင်းပ ပြီးစီးသည့် အချိန်မှ ၄၈ နာရီအတွင်း SMS ပေးပို့နိုင်ကြောင်း သိရသည်။

Level-3 အဆင့် ပွဲစဉ် (၁)မှ ပြိုင်ပွဲဝင် ၁၁ ဦးအနက် ဆက်လက်ယှဉ်ပြိုင်ရန် ရွေးချယ်ခံရသူများကို ယနေ့ ကျင်းပသည့် Level-3 အဆင့် ပွဲစဉ်(၂)တွင် ကြေညာပြီး ယင်းရွေးချယ်ခံရသူ ပြိုင်ပွဲဝင် ကိုးဦးက ဆက်လက်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ Level-3 အဆင့် ပွဲစဉ်(၂)မှ ရွေးချယ်ခံရသူများကို နိုဝင်ဘာ ၁၉ ရက်တွင် ကျင်းပမည့် Level -3 အဆင့်ပွဲစဉ်(၃)တွင် ကြေညာပေးသွားမည်ဖြစ်သည်။ ယင်းနောက် Level-3 အဆင့် ပွဲစဉ်(၃)မှ ရွေးချယ်ခံရသူများကို Level -3 အဆင့် ပွဲစဉ်(၄)တွင် ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Level-3 အဆင့် ပြိုင်ပွဲသို့ ရွေးချယ်ခံထားရသည့် ဆန်ခါတင် ၁၁ ဦးအနက်မှ သုံးဦးကို ဒီဇင်ဘာလတွင် ရန်ကုန်မြို့၌ ကျင်းပမည့် Grand Final ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုများ ရွေးချယ်ကာ ပထမဆုအား ငွေကျပ်သိန်း ၃၀၀ ကို လည်းကောင်း၊ ဒုတိယဆုအား ငွေကျပ်သိန်း ၂၀၀ ကိုလည်းကောင်း၊ တတိယဆုအား ငွေကျပ် သိန်း ၁၀၀ ကို လည်းကောင်း ချီးမြှင့်ပေးသွားမည့်အပြင် နှစ်သိမ့်ဆု တစ်ဆုလျှင် ငွေကျပ်သိန်း ၃၀ စီဖြင့် စုစုပေါင်း နှစ်သိမ့်ဆု ရှစ်ဆု ချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ငြိမ်းချမ်းရေးဂီတပွဲတော် ၂၀၁၇ သီချင်းဆိုပြိုင်ပွဲများကို အဆိုပါပြိုင်ပွဲ ကျင်းပသည့်နေ့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV မှ ည ၈ နာရီ သတင်းအပြီးတွင် တိုက်ရိုက် ထုတ်လွှင့်ပေးလျက်ရှိသကဲ့သို့ MRTV Facebook စာမျက်နှာဖြစ်သည့် www.facebook.com/mrtvwebmediaportal နှင့် Peace Music Festival Facebook စာမျက်နှာ www.facebook.com/peacemusicfestival တို့မှလည်း တိုက်ရိုက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# မိုင်တစ်ထောင်ကျော်ကွာဝေးသော ညီနောင်ရင်းချာတို့၏ ချစ်ကြည်မှု

**လူလေးဝိုင်း**

**မြန်မာနိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံတို့ကြား သံတမန်ဆက်ဆံရေးကို ၁၉၅၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့မှာ စတင်ထူထောင်ခဲ့ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံကြားက သံတမန်ဆက်ဆံရေးဟာ နှစ်ပေါင်း (၆၀) ကျော်သွားပါပြီ။ အာဆီယံအဖွဲ့ကြီးရဲ့ သက်တမ်းဟာ ဒီနှစ်မှာမှ နှစ်(၅၀)ပြည့်မှာမို့လို့ မြန်မာနိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံကြားက သံတမန်ဆက်ဆံရေးဟာ အာဆီယံအဖွဲ့ရဲ့ သက်တမ်းထက် ပိုရှည်ကြာ၊ ပိုသက်တမ်းရင့်ပါတယ်။**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာ ရိုဒရီဂို ဒူတာတေးနှင့် ဇနီးတို့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

### အဓိကအားသာချက်

မြန်မာနိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံတွေဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေ ဖြစ်ပေမယ့် ပထဝီဝင်အနေအထားအရ ဝေးကွာတဲ့နိုင်ငံတွေပါ။ မြန်မာနိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံကြား ခရီးအကွာအဝေးဟာ မိုင်ပေါင်း ၁၈၁၁ မိုင်ရှိတာမို့လို့ လေယာဉ်ပျံနဲ့သွားမယ်ဆိုရင် သုံးနာရီခွဲဝန်းကျင် ကြာတဲ့ခရီးပါ။ The World Almanac (2015) စာရင်းအရ ဖိလစ်ပိုင်နိုင်ငံရဲ့ လူဦးရေဟာ ၁၀၇ သန်းကျော် ရှိတာမို့လို့ မြန်မာနိုင်ငံထက် လူဦးရေ ပိုများပါတယ်။ ဖိလစ်ပိုင်နိုင်ငံဟာ ကျွန်းပေါင်း ၇၀၀၀ ကျော် ပါဝင်တဲ့ ကျွန်းစုနိုင်ငံပါ။ ဒါပေမယ့် လူဦးရေရဲ့ ၉၅ ရာခိုင်နှုန်းဟာ နိုင်ငံရဲ့ အကြီးဆုံး ကျွန်းကြီး ၁၁ ကျွန်းမှာပဲ နေထိုင်ကြတာပါ။ ဖိလစ်ပိုင်နိုင်ငံဟာ မြန်မာနိုင်ငံလောက် မများပေမယ့် တိုင်းရင်းသားမျိုးနွယ်စု အတော်များများရှိတဲ့နိုင်ငံပါ။ တဂါးလော့ (Tagalog) မျိုးနွယ်စုက လူဦးရေရဲ့ ၂၈ ရာခိုင်နှုန်း၊ ဆီဗျူရန်နို (Cebuano) မျိုးနွယ်စုက ၁၃ ရာခိုင်နှုန်း၊ အီလိုကားနို (Ilocano) မျိုးနွယ်စုက ၉ ရာခိုင်နှုန်း၊ ဘစ်ဆေးရာ (Bisaya) မျိုးနွယ်စုက ၈ ရာခိုင်နှုန်း၊ ဟေးလီဂန္ဒွန် အီးလောင်းကို (Hiligaynon Ilonggo) မျိုးနွယ်စုက ၈ ရာခိုင်နှုန်း၊ ဘိုင်ကော် (Bikol ) မျိုးနွယ်စုက ၆ ရာခိုင်နှုန်းနဲ့ ဝါးရေ (Waray) မျိုးနွယ်စုက ၃ ရာခိုင်နှုန်း အသီးသီးရှိကြတာပါ။ ဖိလစ်ပိုင်ပြည်သူတွေရဲ့ ဘာသာရေးယုံကြည်မှုကို ကြည့်ရင် ခရစ်ယာန်ဘာသာဝင်က ၈၆ ရာခိုင်နှုန်းရှိပြီး အစ္စလာမ်ဘာသာဝင်က ၅ ရာခိုင်နှုန်းရှိပါတယ်။ ဖိလစ်ပိုင်နိုင်ငံဟာ သွင်းကုန်အများစုကို အမေရိကန်နိုင်ငံ ၁၁ ဒသမ ၅ ရာခိုင်နှုန်း၊ တရုတ်နိုင်ငံ ၁၀ ဒသမ ၈ ရာခိုင်နှုန်းနှင့် ဂျပန်နိုင်ငံ ၁၀ ဒသမ ၄ ရာခိုင်နှုန်းတို့က တင်သွင်းပါတယ်။ ဖိလစ်ပိုင်နိုင်ငံရဲ့ ပို့ကုန်အများစုကိုလည်း ဒီသုံးနိုင်ငံကိုပဲ တင်ပို့တာပါ။ ပို့ကုန်တွေတင်ပို့ရာမှာ ဂျပန်နိုင်ငံ ၁၉ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံ ၁၄ ဒသမ ၂ ရာခိုင်နှုန်း နဲ့တရုတ်နိုင်ငံ ၁၁ ဒသမ ၈ ရာခိုင်နှုန်းတွေကိုပဲ အဓိက တင်ပို့တာပါ။ ဖိလစ်ပိုင်နိုင်ငံရဲ့ တစ်ဦးချင်းထုတ်ကုန်တန်ဖိုး (per capita GDP)က အမေရိကန်ဒေါ်လာ ၄၇၀၀ ရှိတာမို့လို့ မြန်မာနိုင်ငံထက်တော့ များပါတယ်။ မြန်မာနိုင်ငံရဲ့ တစ်ဦးချင်းထုတ်ကုန်တန်ဖိုးက အမေရိကန်ဒေါ်လာ ၁၇၀၀ ရှိပါတယ်။ ဖိလစ်ပိုင်နိုင်ငံက အမေရိကန်နိုင်ငံ၊ ဂျပန်နိုင်ငံနဲ့ တရုတ်နိုင်ငံလို ကမ္ဘာ့ဈေးကွက်ကြီးတွေကို ရောင်းနိုင် ဝယ်နိုင်တာက အဓိကအားသာချက်တစ်ရပ် ဖြစ်နေတယ်လို့ ဆိုချင်ပါတယ်။

**"နှစ်နိုင်ငံ ပြည်သူတွေအတွက် တိုက်ရိုက်အကျိုးရှိတဲ့ နားလည်မှု စာချွန်လွှာကတော့ နှစ်နိုင်ငံပြည်သူတွေ ဗီဇာမလိုဘဲ အပြန်အလှန် ခရီးသွားလာခွင့်ပါ၊ ဖိလစ်ပိုင်ပြည်သူတွေအနေနဲ့ ဗီဇာမလိုဘဲ မြန်မာနိုင်ငံကို ၁၄ ရက်ကြာ လည်ပတ်ခွင့်ရပြီး မြန်မာပြည်သူတွေက ဖိလစ်ပိုင်နိုင်ငံကို ဗီဇာမလိုဘဲ ရက် ၃၀ ကြာ လည်ပတ်ခွင့်ရခဲ့"**

ပွင့်ပွင့်လင်းလင်းပြောရရင် သမိုင်းကို ပြန်ကြည့်တဲ့အခါ အစပိုင်းမှာ မြန်မာနိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံကြားက ဆက်ဆံရေးဟာ ပုံမှန်လောက်ပဲ ရှိခဲ့တာပါ။ ၁၉၉၀ ကျော်နှောင်းပိုင်းကာလတွေဟာ နှစ်နိုင်ငံခေါင်းဆောင်တွေ အပြန်အလှန် လည်ပတ်ခဲ့တာရှိပေမယ့် ထူးခြားတဲ့ တိုးတက်မှု မရှိခဲ့ပါဘူး။ ဒါပေမယ့် ၂၀၀၄ ခုနှစ် ဧပြီလမှာတော့ မြန်မာ-ဖိလစ်ပိုင် ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင် (Myanmar- Philippines Joint Commission for Bilateral Cooperation -JCBC) ကို ဖွဲ့စည်းပြီး ပထမအကြိမ် အစည်းအဝေးကို ရန်ကုန်မြို့မှာ ကျင်းပခဲ့ပါတယ်။ ဒီပထမအကြိမ် အစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ဒီလီယာဒိုမင်ဂိုအယ်လ်ဘတ် (Delia Domingo Albert) ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးခဲ့ပါတယ်။ ဒီလိုဆွေးနွေးကြတဲ့အခါ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် လယ်ယာစိုက်ပျိုးရေးအပါအဝင် ကဏ္ဍအတော်များများမှာ တိုးချဲ့ပူးပေါင်းဆောင်ရွက်ကြဖို့ သဘောတူခဲ့ကြပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံခြားမူဝါဒညှိနှိုင်းရေး ဆွေးနွေးပွဲတွေကိုလည်း ကျင်းပခဲ့ပါတယ်။ ပထမအကြိမ် မူဝါဒဆွေးနွေးပွဲကို ၂၀၀၆ ခုနှစ် ဇွန်လက မနီလာမြို့မှာ ကျင်းပခဲ့ပြီး ဒုတိယအကြိမ် မူဝါဒဆွေးနွေးပွဲကို ၂၀၀၇ ခုနှစ် ဇူလိုင်လက နေပြည်တော်မှာ ကျင်းပခဲ့ပါတယ်။

### မိတ်ဆွေနိုင်ငံအပေါ် ထားတဲ့စိတ်

မြန်မာပြည်သူတွေအဖို့ ဖိလစ်ပိုင်ပြည်သူတွေကို အထူးကျေးဇူးတင်ရတာက ဆိုင်ကလုန်းနာဂစ်လွန် ကာလပါ။ အားလုံးသိတဲ့အတိုင်း ၂၀၀၈ ခုနှစ် မေလ ၂၅ ရက်နေ့မှာ ဆိုင်ကလုန်းနာဂစ်က မြန်မာနိုင်ငံနဲ့ ပြည်သူတွေကို အကြီးအကျယ် နစ်နာဆုံးရှုံးစေခဲ့ပါတယ်။ ထောင်ပေါင်းများစွာသော ပြည်သူတွေ အသက်ဆုံးရှုံးခဲ့ရပါတယ်။ ဖိလစ်ပိုင်နိုင်ငံက ပညာရှင် ၃၀ ပါဝင်တဲ့ ဆေးကုသရေးအဖွဲ့ကို ဆေးဝါးအကူအညီပစ္စည်းတွေနဲ့အတူ မြန်မာနိုင်ငံကို စေလွှတ်ပေးခဲ့ပါတယ်။ ဒါ့အပြင် C-130 လို အကြီးစားစစ်ဘက်သယ်ယူပို့ဆောင်ရေးလေယာဉ်ကိုပါ အသုံးပြုပေးခဲ့တာပါ။ ဖိလစ်ပိုင်ပြည်သူတွေရဲ့ ကူညီဖေးမမှုဟာ ငွေကြေးတန်ဖိုးအရ များတယ်မဆိုနိုင်ပေမယ့် မိတ်ဆွေနိုင်ငံအပေါ်ထားတဲ့ စိတ်စေတနာမှန်ကိုတော့ ပေါ်လွင်ထင်ရှားစေခဲ့ပါတယ်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှာတော့ မြန်မာနိုင်ငံနဲ့



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖိလစ်ပိုင်လက်မှုအနုပညာပစ္စည်းများ ပြုလုပ်နေမှုကို ကြည့်ရှုလေ့လာစဉ်။

ဖိလစ်ပိုင်နိုင်ငံကြား နားလည်မှုစာချွန်လွှာ အတော်များများ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ စုစုပေါင်း နားလည်မှုစာချွန်လွှာ (၆) ရပ်ကို လက်မှတ်ရေးထိုးခဲ့တာပါ။ ဒီနားလည်မှုစာချွန်လွှာတွေဟာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍမျိုးကစပြီး ကုန်သွယ်ရေးကဏ္ဍမျိုးအထိ အကျုံးဝင်ပတ်သက်နေပါတယ်။ နှစ်နိုင်ငံပြည်သူတွေအတွက် တိုက်ရိုက်အကျိုးရှိတဲ့ နားလည်မှုစာချွန်လွှာကတော့ နှစ်နိုင်ငံပြည်သူတွေ ဗီဇာမလိုဘဲ အပြန်အလှန်ခရီးသွားလာခွင့်ပါ။ ဖိလစ်ပိုင်ပြည်သူတွေအနေနဲ့ ဗီဇာမလိုဘဲ မြန်မာနိုင်ငံကို ၁၄ ရက်ကြာ လည်ပတ်ခွင့်ရပြီး မြန်မာပြည်သူတွေက ဖိလစ်ပိုင်နိုင်ငံကို ဗီဇာမလိုဘဲ ရက် ၃၀ ကြာ လည်ပတ်ခွင့်ရပါတယ်။

### သံတမန်ဆက်ဆံရေး

လူထုအစိုးရသစ်လက်ထက် နှစ်နိုင်ငံဆက်ဆံရေးရဲ့ အရေးကြီးတဲ့ဖြစ်ရပ်ကို ပြောရရင် ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးက မြန်မာနိုင်ငံကို လာရောက်လည်ပတ်ခဲ့တာပါ။ ဖိလစ်ပိုင်သမ္မတ ဒူတာတေးက နေပြည်တော်ကို ၂၀၁၇ ခုနှစ် မတ်လ ၁၉ ရက်နေ့က ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံမှာ နှစ်ရက်ကြာ နေထိုင်လည်ပတ်ခဲ့ပါတယ်။ မတ်လ ၂၀ ရက်နေ့က ကျင်းပခဲ့တဲ့ နိုင်ငံတော်ညစာစားပွဲမှာ သမ္မတဦးထင်ကျော်နဲ့ ဖိလစ်ပိုင်သမ္မတ ဒူတာတေးတို့က မိန့်ခွန်းတွေ အပြန်အလှန် ပြောကြားခဲ့ပါတယ်။

ဒီနိုင်ငံတော် ညစာစားပွဲမှာ ဖိလစ်ပိုင်သမ္မတ ဒူတာတေးက "ပြီးခဲ့တဲ့နှစ်ဟာ ဖိလစ်ပိုင်နိုင်ငံနဲ့ မြန်မာနိုင်ငံကြား သံတမန်ဆက်ဆံရေး ထူထောင်ခဲ့တာ နှစ်(၆၀)ပြည့်တဲ့နှစ်ပါ။ ဒီနှစ်မှာတော့ ကျွန်တော်တို့ နှစ်နိုင်ငံ ကြား ဆက်ဆံရေးကို စာမျက်နှာသစ် ဖွင့်လှစ်နိုင်တော့မှာပါ။ ဒီစာမျက်နှာသစ်ဟာ ပိုပြီးခိုင်မာလာမှာဖြစ်သလို ပိုပြီးလည်း နက်ရှိုင်းလာမှာပါ။ ဆယ်စုနှစ်(၆)ခုကြာ နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခဲ့ တာပါ။ ကျွန်တော်တို့ နှစ်နိုင်ငံကြားမှာတည်ရှိတဲ့ တူညီတဲ့ သမိုင်းအတွေ့အကြုံနဲ့ ဘုံရည်မှန်းချက်တွေက ကျွန်တော်တို့ နှစ်နိုင်ငံရဲ့ဆက်ဆံရေးကို ဖွံ့ဖြိုးခိုင်မာစေမှာပါ။ ကျွန်တော်တို့ ပြည်သူတွေ ငြိမ်းချမ်းစေရမယ်၊ ဖွံ့ဖြိုးစေရမယ်၊ ကြွယ်ဝစေရမယ်ဆိုတဲ့ ကျွန်တော်တို့ နှစ်နိုင်ငံရဲ့ ဘုံရည်မှန်းချက်တွေက ကျွန်တော်တို့ နှစ်နိုင်ငံပြည်သူတွေကို သွေးသားရင်းချာလို ရင်းနှီးကျွမ်းဝင်စေတာပါ။ ကျွန်တော်တို့ နှစ်နိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ အလုပ်သမားရေးရာကဏ္ဍ၊ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွေမှာ အတူတကွ ကြိုးပမ်းအကောင်အထည်ဖော်ခဲ့သလို တိုးတက်မှုတွေကိုလည်း ဖော်ဆောင်နိုင်ခဲ့ပါပြီ။ ကျွန်တော်တို့ ဒီထက်တိုးတက်မှုတွေ ရအောင်ဆောင်ရွက်မှာပါ" ဆိုပြီး မိန့်ခွန်း ပြောကြားခဲ့တာပါ။ ဒီခရီးစဉ်အတွင်းမှာ ဖိလစ်ပိုင်သမ္မတ ဒူတာတေးဟာ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခဲ့ပြီး ရခိုင်ပြည်နယ်ရဲ့ လူသားချင်းစာနာထောက်ထားမှုကိစ္စရပ်တွေမှာ အသုံးပြုဖို့ အမေရိကန်ဒေါ်လာ သုံးသိန်းကို လှူဒါန်းခဲ့ပါတယ်။

### နှစ်နိုင်ငံကြားဆက်ဆံရေး ခိုင်မာစေ

ဖိလစ်ပိုင်သမ္မတ ဒူတာတေးရဲ့ ဒီခရီးစဉ်အတွင်းမှာ နှစ်နိုင်ငံကြား နားလည်မှုစာချွန်လွှာ နှစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒီစာချွန်လွှာနှစ်ရပ်ကတော့ စားနပ်ရိက္ခာဖူလုံရေးစာချွန်လွှာနဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးစာချွန်လွှာတို့ပါ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဟာ ဖိလစ်ပိုင်နိုင်ငံကို အာဆီယံထိပ်သီးအစည်းအဝေးနဲ့ ဆက်စပ်အစည်းအဝေးတွေ တက်ရောက်ဖို့ ရောက်ရှိနေပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဖိလစ်ပိုင်ခရီးစဉ်ဟာ နှစ်နိုင်ငံကြား ကောင်းမွန်ခိုင်မာပြီး ဖြစ်တဲ့ ဆက်ဆံရေးကို ပိုပြီး ကောင်းမွန်ခိုင်မာစေမှာပါ။ မိုင်ပေါင်းတစ်ထောင်ကျော် ကွာဝေးပေမယ့် သွေးသားရင်းချာ စိတ်ဓာတ်ရှိတဲ့ နှစ်နိုင်ငံပြည်သူတွေရဲ့ ပူးပေါင်းလက်တွဲဆောင်ရွက်မှုဟာ အချိန်ကြာလာတာနဲ့အမျှ ပိုမိုခိုင်မာကျယ်ပြန့်လာမယ်လို့ ယုံကြည်ပါကြောင်း တင်ပြပါရစေ။ ။

# တက္ကသိုလ်ကျောင်းသားသပိတ်မှသည် အမျိုးသားအောင်ပွဲနေ့သို့

မြင့်ဆွေဦး

**နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်သည် အမျိုးသားအောင်ပွဲနေ့ဖြစ်သည်။ ထိုနေ့ ထိုရက်သည် ၁၉၂၀ ပြည့်နှစ် ရန်ကုန် တက္ကသိုလ်ဥပဒေကို ကျောင်းသားများ သပိတ်မှောက်ခဲ့သောနေ့ ဖြစ်သည်။**

ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ် ကျောင်းသားတို့က ဦးဆောင်၍ ၁၉၂၀ ပြည့်နှစ် တက္ကသိုလ်ဥပဒေကို ကန့်ကွက်သည့် သပိတ်ဖြစ်သည်။ ယင်းဥပဒေမပြဋ္ဌာန်းမီ မြန်မာနိုင်ငံ၌ ရှိနေသော ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်တို့မှာ အိန္ဒိယနိုင်ငံ ကာလကတ္တားတက္ကသိုလ်၏ လက်အောက်ခံများ ဖြစ်ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် သီးခြားတက္ကသိုလ်တစ်ခု တည်ထောင်ပေးရန် မြန်မာတိုင်းရင်းသားတို့က မကြာခဏ တောင်းဆိုခဲ့ကြသည်။ ဤသို့နှင့် ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်တွဲနှစ်ခုကို ပေါင်း၍ ရန်ကုန်တက္ကသိုလ်အဖြစ် တိုးမြှင့်ပေးသည့် ၁၉၂၀ ပြည့်နှစ် တက္ကသိုလ်ဥပဒေ ပေါ်လာခြင်းဖြစ်သည်။ ယင်းဥပဒေကို ပြည်သူလူထုက ဝေဖန်နိုင်ရန် ၁၉၂၀ ပြည့်နှစ် ဇွန်လတွင် တိုင်းပြည်သို့ ထုတ်ပြန်ကြေညာခဲ့သည်။ နယ်ချဲ့ဗြိတိသျှအစိုးရသည် မလွှဲမရှောင်သာ၍ သီးခြားတက္ကသိုလ် တည်ထောင်ပေးရသောကြောင့် တက္ကသိုလ်ဥပဒေတွင် အထက်တန်းပညာရေးကို ကန့်သတ်ချုပ်ချယ်ထားသည့်အချက်များကို ထည့်ထားလေသည်။

ထို့ကြောင့် မြို့လုံးကျွတ် အစည်းအဝေးခေါ်ကာ တစ်မျိုး၊ သတင်းစာများမှ ဝေဖန်၍ ကန့်ကွက်ခြင်းက တစ်ဖုံ၊ အမျိုးမျိုး ကန့်ကွက်ခဲ့ကြသည်။ သို့ရာတွင် လက်ထောက်ဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက် ခေါင်းဆောင်သည့် နယ်ချဲ့အစိုးရက တိုင်းပြည်၏ ကန့်ကွက်နေမှုများကို လျစ်လျူရှုပြီး ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ ထိုဥပဒေကြမ်းကို အတည်ပြုလိုက်လေသည်။

ရန်ကုန်တက္ကသိုလ်ဥပဒေသည် တက္ကသိုလ်ပညာရေးကို ပျက်စီးစေသည်သာမက အမျိုးသားရေးဂုဏ်သိက္ခာနှင့် မြန်မာလူမျိုးတို့ အဆင့်အတန်းကို ယုတ်လျော့လာလိမ့်မည်ဟု သဘောပေါက်ကြသည်။ တက္ကသိုလ်ဥပဒေသည် မြန်မာတစ်မျိုးသားလုံးအား နှောင်ကြိုးဖြင့် အစဉ်ချုပ်နှောင်ထားရန် ဗြိတိသျှအစိုးရက ဖန်တီးထားခြင်းဖြစ်သည်။ ယင်းဥပဒေကို ပျက်စီးသွားစေရန် လည်းကောင်း၊ တက္ကသိုလ်ကျောင်းမဖွင့်နိုင်အောင် လည်းကောင်း ပြုလုပ်ရမည်ဟု ရန်ကုန်ကောလိပ်ကျောင်းသားများက သဘောရလေသည်။ ရန်ကုန်တက္ကသိုလ်ကျောင်းကြီးသည် ဥပဒေမည်သို့ပင် ရှိစေကာမူ ကျောင်းသားများမရှိသော ကျောင်းသည် အချည်းနှီးပင်ဖြစ်၍ ကျောင်းကို သပိတ်မှောက်ကြရန် စိတ်ကူးရလာသည်။

ထိုသို့ စိတ်ကူးအကြံရသည့်အတိုင်း ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် (ဒီဇင်ဘာ ၃ ရက်)နေ့ နေ့လယ်တွင် ရန်ကုန်ကောလိပ်မှ ကျောင်းသားကြီး ၁၁ ဦးတို့သည် ရွှေတိဂုံကုန်းတော်ပေါ် စနေထောင့်၌ တက္ကသိုလ်ကျောင်းကို သပိတ်မှောက်ရေးအတွက် လျှို့ဝှက်စည်းဝေးတိုင်ပင်ကြလေသည်။

အဆိုပါ ကျောင်းသား ၁၁ ဦးမှာ ကိုဘရှင်(သံတွဲ)၊ ကိုညီပိတ်၊ ကိုဖိုးကွန်း၊ ကိုအေး၊ ကိုလှတင်၊ ကိုဖေသိန်း၊ ကိုထွန်းဝင်း၊ ကိုဘရှင်(ထားဝယ်)၊ ကိုဘခင်၊ ကိုအောင်ဒင်၊ ကိုဘဦးတို့ ဖြစ်သည်။

ဤကောလိပ်ကျောင်းသားကြီး ၁၁ ဦးတို့သည် အဘက်ဘက်မှ လေးနက်စွာ စဉ်းစားဆင်ခြင်ပြီးနောက် အမိနိုင်ငံတော်၏ဂုဏ်သိက္ခာကို ကယ်တင်ရန်အတွက် ကောလိပ်ကျောင်းများကို သပိတ်မှောက်ရန် ဆုံးဖြတ်လိုက်ကြသည်။ ခေါင်းဆောင် ၁၁ ဦးတို့သည် ထိုကိစ္စနှင့် ပတ်သက်၍ ဆိုးတူကောင်းဖက် နောက်မဆုတ်တဲ့ဆောင်ရွက်ရန် သစ္စာပြုကြလေသည်။ သစ္စာပြုချက်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသား၍ ၁၁ ဦးစလုံးက လက်မှတ်ရေးထိုးကြသည်။

ယင်းသစ္စာပြုချက် မြန်မာပြန်ချက်မှာ အောက်ပါအတိုင်းဖြစ်လေသည်။

'အောက်တွင် လက်မှတ်ရေးထိုးသူ ကျွန်ုပ်တို့သည် ရန်ကုန်တက္ကသိုလ် သပိတ်မှောက် လှုပ်ရှားမှုကြီးတွင် ဦးဆောင်ကြမည့် ခေါင်းဆောင်များဖြစ်သည်။ ကျွန်ုပ်တို့ ဦးစီးဆောင်ရွက်ကြမည့် လှုပ်ရှားမှုသည် အကယ်၍ အောင်မြင်မှုမရဘဲ ချွတ်ချော်တိမ်းပါးခဲ့သော် ကျွန်ုပ်တို့အားလုံးသည် ကျောချင်းယှဉ် ရင်ချင်းအပ်၍ သေအတူရှင်အမျှ ကြံ့ကြံ့ခံ၍ ရပ်တည်ကြရန် သစ္စာမှုကာ အဓိဋ္ဌာန်ပြုပါ၏။'

**"ဗြိတိသျှကိုလိုနီ ပညာရေးစနစ်ကို တော်လှန်ပုန်ကန်သောအားဖြင့် ယူနီဗာစီတီသိပ္ပံကျောင်းကြီး သပိတ်မှောက်ခဲ့သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို နေရှင်နယ်ဒေးခေါ် အမျိုးသားနေ့အဖြစ် သတ်မှတ်သင့်ကြောင်း အဆိုတင်သွင်း၊ အချို့ကလည်း သီပေါမင်းပါတော်မူနေ့၊ အချို့က ဦးဥတ္တမကိုယ်တော် အပြစ်ပေးခံရသောနေ့များကို အမျိုးသားနေ့အဖြစ် သတ်မှတ်ရန် အဆိုတင်သွင်း၊ ၁၉၂၂ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ ဂျူဗလီဟောရုံကြီး၌ ဂျီစီဘီအေအသင်းချုပ်ကြီး ကွန်ဖရင့်တွင် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို နေရှင်နယ်ဒေးခေါ် အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ပြီး နှစ်စဉ်နှစ်တိုင်း မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ အမျိုးသားအောင်ပွဲနေ့ကို ကျင်းပလာခဲ့"**

ခေါင်းဆောင် ၁၁ ဦးတို့သည် ကျောင်းသို့ ပြန်ရောက်လာပြီးနောက် ကောလိပ်နှစ်ကျောင်းစလုံး နောက်တစ်နေ့တွင် အစည်းအဝေးပြုလုပ်ရန် လျှို့ဝှက်စည်းရုံးကြလေသည်။

ဒီဇင်ဘာလ ၄ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်တို့မှ ကျောင်းသားများ စကားအချေအတင်ပြောပွဲရှိသည်။ ထိုစကားအချေအတင်ပြောပွဲအပြီး ညနေ ၃ နာရီခွဲတွင် ဗဟန်းရှိ ဦးအရိယကျောင်းတိုက်သို့ အစည်းအဝေးတက်ရောက်ရန် ကျောင်းသားများ ဖိတ်ကြားကြလေသည်။

ထိုနေ့ညနေတွင် ကောလိပ်ကျောင်း နှစ်ကျောင်းလုံးမှ ကျောင်းသားပေါင်း ၆၀၀ ခန့် စုဝေးရောက်ရှိလာကြသည်။ ရန်ကုန်ကောလိပ်မှ ခေါင်းဆောင် ၁၁ ဦးနှင့် ကျောင်းသားများအပြင် ယုဒသန်ကောလိပ်မှ ကိုဖိုးကျား၊ ကိုမြင့်၊ ကိုဖိုးလတ် အစရှိသော ခေါင်းဆောင်များနှင့် ကျောင်းသားများ တက်ရောက်လာကြသည်။

ထို့နောက် ကောလိပ်နှစ်ရပ်လုံးမှ ကျောင်းသားများသည် သပိတ်မှောက်ရေးကိစ္စကို ဆွေးနွေးကြရာတွင် တက္ကသိုလ်ဥပဒေကို တိုက်ဖျက်ရေးအတွက် သပိတ်မှောက်ရန် သဘောတူကြလေသည်။ သို့ရာတွင် တက္ကသိုလ်ဥပဒေကို ပြင်ဆင်ပေးရန် ဘုရင်ခံထံတင်ပြ၍ လိုက်လျောခြင်းမပြုပါက သပိတ်မှောက်ရန်နှင့် မကျေနပ်မှုများကို ပြသည့်အနေဖြင့် သပိတ်မှောက်ပြီးမှ လိုလားချက်များကို တောင်းဆိုရန်ဟူ၍ သဘောကွဲလွဲကြသည်။ ထို့ကြောင့် မဲခွဲဆုံးဖြတ်ရန် စီစဉ်ပြီး ရှုံးသောဘက်မှ နိုင်သောဘက်သို့ လိုက်ပါရန် နှစ်ဦးနှစ်ဖက် ကတိပြုကြလေသည်။ သပိတ်မှောက်ပြီးမှ လိုလားချက်များကို အရေးဆိုရန်ဘက်က အနိုင်ရလေသည်။

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် မြန်မာနိုင်ငံ ဒုတိယဘုရင်ခံက ရန်ကုန်ကောလိပ်ကျောင်းသို့ လာရောက်ပြီး 'မြန်မာနိုင်ငံ တက္ကသိုလ်ဖွင့်လှစ်ကြောင်း' ကြေညာသည့်အခါတွင် ကောလိပ်ကျောင်း နှစ်ကျောင်းမှ ကျောင်းသားကြီးများသည် မိမိတို့၏စာအုပ်များကို ပိုက်၍ 'ရန်ကုန်တက္ကသိုလ်ကို သပိတ်မှောက်ပြီ'ဟု ကြွေးကြော်အော်ဟစ်ကာ ထွက်လာကြရန် ထိုအစည်းအဝေးမှ ဆုံးဖြတ်ခဲ့ကြသည်။

သပိတ်မှောက်ခြင်းနှင့် ပတ်သက်၍ ကိစ္စအဝဝကို ဆောင်ရွက်ရန် ကောလိပ်ကျောင်း နှစ်ကျောင်းမှ ကိုယ်စားလှယ်များ ပါဝင်သည့် ၂၆ ဦး ကော်မတီကို ရွေးချယ်ပြီး တာဝန်အသီးသီးလွှဲအပ်ခဲ့သည်။ ၂၆ ဦး ကော်မတီသည် သပိတ်မှောက်ရေးကိစ္စကို အစစအရာရာ စနစ်တကျရှိစေရန် ပြင်ဆင်ကြသည်။ ဒီဇင်ဘာလ ၅ ရက်နေ့တွင် ကော်မတီအစည်းအဝေး ပြုလုပ်နေစဉ် ကျောင်းသားတစ်ဦး ရောက်ရှိလာပြီး ကျောင်းသားများ သပိတ်မှောက်မည့်အကြောင်းကို ဆရာကြီး သိသွားပြီး ဒီဇင်ဘာလ ၆ ရက်နေ့ ကျောင်းတက်သောအခါ ဆုံးမစကားပြောကြားလိမ့်မည်ဟု သတင်းပို့လေသည်။ ဆရာကြီး ဆုံးမစကားပြောဆိုဖျောင်းဖျလျှင် အစီအစဉ်များ ပျက်သွားမည်ကို စိုးရိမ်ကြသည့်အတွက် ၇ ရက်နေ့အထိ စောင့်ဆိုင်းမနေဘဲ ယခုပင် ချက်ချင်း သပိတ်မှောက်ရန် ဆုံးဖြတ်လိုက်ကြသည်။

သပိတ်စခန်းများကို ဗဟန်းရွှေကျင်တိုက်ဝင်းအတွင်းရှိ ဇရပ်များတွင် ဖွင့်လှစ်ခဲ့ပြီး မြို့တွင်းကျောင်းသား ကျောင်းသူများနှင့် ပြည်သူလူထုသိရှိရန် ကြော်ငြာစာ ရိုက်နှိပ်ဖြန့်ဝေရန် စီစဉ်ကြလေသည်။

၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက် (၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့)တွင် 'ရန်ကုန်တက္ကသိုလ်ဥပဒေ'ကို စတင်သပိတ်မှောက်လိုက်ကြလေသည်။ ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်တို့၏ သပိတ်မှောက်လှုပ်ရှားမှုသည် ဒီဇင်ဘာလ ၆ ရက်နေ့တွင် ပို၍အောင်မြင်လာခဲ့သည်။ ပြည်သူလူထုက သပိတ်စခန်းသို့ လာရောက်ကြပြီး အားပေးကြသည်။ ထင်ရှားသော နိုင်ငံရေးခေါင်းဆောင်တို့ကလည်း ရောက်လာကြပြီး ကျောင်းသားများကို အားပေးကူညီကြသည်။

ဤသို့ သပိတ်မှောက်အရေးတော်ပုံကြီး စတင်ပေါ်ပေါက်လာပြီးသည့်နောက် သပိတ်မှောက်ကောင်စီသည် ဒီဇင်ဘာလ ၈ ရက်နေ့တွင် အောက်ပါကြေညာချက်ကို တိုင်းပြည်သို့ ထုတ်ပြန်လိုက်လေသည်။

**တိုင်းသူပြည်သားများသို့**

ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်ရှိ ကျွန်တော်တို့ ကျောင်းသားအားလုံးတို့သည် အဆုံး၌ ဘယ်လိုဖြစ်မည်ကို သေချာမသိရသေးသော ကိစ္စတစ်ခုကို စတင်ပြုလုပ်ကြပါသည်။ သို့ရာတွင် ကျွန်တော်တို့သည် တရားနည်းလမ်း မှန်ကန်ကြောင်းကို ကောင်းမွန်ခိုင်မြဲစွာ သိရှိရပါသည်။ ကျွန်တော်တို့သည် တစ်တိုင်းတစ်ပြည်လုံး ကျွန်တွင်းက မည်သည့်အခါမှ မလွတ်မကင်းမည့် ဗျူရိုကရက်တို့၏ သိပ္ပံကျောင်းဥပဒေကို ထုချေဖျက်ဆီးရန် အကြံရှိပါသည်။ ကျွန်တော်တို့သည် တိုင်းသူပြည်သားတို့၏ စိတ်အားထက်သန်သော အကူအညီအားဖြင့် လူငယ်များတို့က ခုခံဖြိုဖျက်ခြင်းမှတစ်ပါး အခြားသောနည်းဖြင့် တိုင်းပြည်ကို ကယ်ဆယ်ဖို့ရာ နည်းလမ်းမရှိပြီဟု ယုံကြည်ပါ၏။ ကျွန်တော်တို့သည် မြန်မာနိုင်ငံရှိ လူအများတို့၏ ပညာအဆီအနှစ်နှင့် ပြည့်စုံသော ကျောင်းသားများဖြစ်သည်ကို ရည်သန်၍ ကူညီစောင်မဖို့ရန် တောင်းပန်ပြောကြားပါသည်။ ကျွန်တော်တို့၏စိတ်ထဲ၌ စွဲမြဲစွာယုံကြည်သော ဤလုပ်ငန်းကြီးသည် တိုင်းပြည်၌ လိုအပ်သော အချက်ကြီးတစ်ခုကို ထုတ်ဖော်ပြောဆိုခြင်းပင် မည်ပါသည်။ (ဤကား အခြားမဟုတ်၊ အမျိုးသားသိပ္ပံကျောင်းကြီးပေတည်း။) ထိုကျောင်းကြီးမှာ မြန်မာနိုင်ငံ၏ သားသမီးများနှင့် သင့်လျော်သော ပညာရပ်များကို ရနိုင်ပေရာသည်။ အိန္ဒိယနိုင်ငံ၌ အမျိုးသားကျောင်းများ အလိုအလျောက်ပေါ်ပေါက်လာကြပေရာ မြန်မာနိုင်ငံကလည်း နောက်မကျရအောင် မြန်မာတို့သည် နိုင်ငံသားစစ်၍ ချစ်ခဲ့ပါလျှင် ဘယ်နှံ့ရောအခါမှ မတည်ဆောင်နိုင်ဘဲ ရှိလိမ့်မည်မဟုတ်ပါ။ စိတ်ပါလက်ပါလုပ်လျှင် မုချဖြစ်ပါလိမ့်မည်။

ဤသို့နှင့် ကျောင်းသားသပိတ်ကြီးသည် တစ်နိုင်ငံလုံး ပျံ့နှံ့သွားခဲ့လေသည်။ ဒီဇင်ဘာလ ၁၆ ရက်နေ့အထိ အရေးတော်ပုံ ၁၀ ရက်ကာလအတွင်း မန္တလေး၊ မော်လမြိုင်၊ ပြည်၊ ပုသိမ်၊ ပဲခူး၊ လက်ပံတန်း၊ သာယာဝတီ၊ ညောင်တုန်း၊ သထုံ၊ ပျဉ်းမနား၊ စစ်ကိုင်း၊ ရွှေတောင်၊ မြင်းခြံ၊ ဟင်္သာတ၊ သုံးခွ၊ မင်းဘူး၊ မြန်အောင်မြို့များသို့ သပိတ်အရေးတော်ပုံ ကူးစက်သွားပြီး ကျောင်း ၄၄ ကျောင်း သပိတ်မှောက်ကြလေတော့သည်။

တစ်နိုင်ငံလုံးတွင် သပိတ်မှောက်အရေးတော်ပုံများသည် ဒီရေအလား တိုးပွားပျံ့နှံ့လာသည်။ တစ်နယ်မှ တစ်နယ်သို့၊ တစ်မြို့မှ တစ်မြို့သို့ နယ်တိုင်း၊ မြို့တိုင်း၌ ကျောင်းသားများ၏ သပိတ်မှောက်ပွဲများဖြင့် ဖုံးလွှမ်းလာတော့သည်။ ကျောင်းသားများ သပိတ်မှောက်သည်နှင့် ကျောင်းသား မိဘ၊ တိုင်းသူပြည်သားများတို့ကလည်း အသင်းအဖွဲ့အလိုက် လည်းကောင်း၊ တစ်ဦးချင်းအလိုက် လည်းကောင်း ထက်ကြပ်မကွာ လိုက်ပါကာ အားပေးကူညီကြလေသည်။

သပိတ်အရေးတော်ပုံသည် တစ်မျိုးသားလုံး၏ အရေးတော်ပုံကြီးအဖြစ်၊ တစ်နိုင်ငံလုံး၏ အထွေထွေသပိတ်မှောက်အရေးတော်ပုံကြီးအဖြစ် ကြီးထွားလာခဲ့သည်။ ထိုမှနေ၍ ဗြိတိသျှကိုလိုနီ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုကြီး ဖြစ်လာခဲ့လေသည်။

သပိတ်မှောက်ကောင်စီမှ နယ်များသို့ လွှတ်လိုက်သည့် စည်းရုံးရေးမှူးများကလည်း အမျိုးသားပညာရေးအကြောင်းကို ဟောပြောကြသည်။ နယ်ခံမြို့မိမြို့ဖများကလည်း လှိုက်လှဲစွာ ကြိုဆိုကြသည်။ စည်းရုံးရေးမှူးတို့၏ ဟောပြောမှုကြောင့် အမျိုးသားရေးစိတ် နိုးကြားလာခဲ့ပြီး အမျိုးသားကျောင်းများ ပေါ်ပေါက်လာခဲ့သည်။

အမျိုးသားကောလိပ်ကျောင်းကြီးကိုလည်း ၁၂၈၃ ခုနှစ် ဝါခေါင်လဆန်း ၁၁ ရက်( ၁၉၂၁ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့) နေ့တွင် ရန်ကုန်မြို့ ဗဟန်းရပ် ရွှေကျင် ကျောင်းတိုက်ကြီးတွင် ဖွင့်လှစ်နိုင်ခဲ့လေသည်။

၁၉၂၀ ပြည့်နှစ် ယူနီဗာစီတီကောလိပ် ကျောင်းသားသပိတ်ကြီးသည် အိပ်မောကျနေသော မြန်မာအမျိုးသားများအား သူ့ကျွန်ဘဝတွင် နေရသည်ထက် (သေသော်မှတည့်သြော်ကောင်း၏) ဟူသော အမျိုးသားစိတ် အမျိုးသားမာန်များ ပြန်လည်နိုးကြားတက်ကြွစေရန် လှုံ့ဆော်ပေးခဲ့ရာ ယင်းသပိတ်ကြီး ပေါ်ပေါက်သည့်နေ့ကို နေ့ထူးနေ့မြတ်အဖြစ် အမှတ်တရ ဂုဏ်ပြုအပ်သည်ဟု သဘောရလာကြသည်။

၁၉၂၁ ခုနှစ် အောက်တိုဘာလတွင် မန္တလေးမြို့၌ ကျင်းပသော နဝမအကြိမ် ဂျီစီဘီအေ ကွန်ဖရင့်ကြီး၌ နေရှင်နယ်ဒေးခေါ် အမျိုးသားတို့အတွက် နေ့ထူးနေ့မြတ်တစ်ရက် သတ်မှတ်သင့်ကြောင်း ဆွေးနွေးကြလေသည်။ ထိုအခါ ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သော ဦးမြင့်က ဗြိတိသျှကိုလိုနီ ပညာရေးစနစ်ကို တော်လှန်ပုန်ကန်သောအားဖြင့် ယူနီဗာစီတီသိပ္ပံကျောင်းကြီး သပိတ်မှောက်ခဲ့သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို နေရှင်နယ်ဒေးခေါ် အမျိုးသားနေ့အဖြစ် သတ်မှတ်သင့်ကြောင်း အဆိုတင်သွင်းခဲ့သည်။ အချို့ကလည်း သီပေါမင်းပါတော်မူနေ့၊ အချို့က ဦးဥတ္တမကိုယ်တော် အပြစ်ပေးခံရသောနေ့များကို အမျိုးသားနေ့အဖြစ် သတ်မှတ်ရန် အဆိုတင်သွင်းကြလေသည်။

၁၉၂၂ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ ဂျူဗလီဟောရုံကြီး၌ ဂျီစီဘီအေအသင်းချုပ်ကြီး ကွန်ဖရင့်တွင် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို နေရှင်နယ်ဒေးခေါ် အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ပြီး နှစ်စဉ်နှစ်တိုင်း မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ အမျိုးသားအောင်ပွဲနေ့ကို ကျင်းပလာနိုင်ခဲ့သည်။

ထိုအမျိုးသားအောင်ပွဲနေ့ရောက်တိုင်း ကျောင်းသားနှင့်ပြည်သူတို့သည် စည်းလုံးညီညွတ်စွာ လက်တွဲလျက် စီတန်းလှည့်လည်ခြင်း၊ ဆန္ဒပြခြင်း၊ ကျွန်စိတ်ကျွန်သွေးကို ပယ်၍ သခင်စိတ် သခင်သွေးများ ပေါ်ပေါက်လာအောင် ဟောပြောလှုံ့ဆော်ခြင်း၊ အမိနိုင်ငံ လွတ်မြောက်ရေးအတွက် သစ္စာဓိဋ္ဌာန်ပြုခြင်း စသည်တို့ကို လုပ်ဆောင်ခဲ့ကြလေသည်။

၁၉၃၄ ခုနှစ် အမျိုးသားအောင်ပွဲနေ့အတွက် ဆရာကြီး မင်းသုဝဏ်က 'မင်္ဂလာခွန်းဆက်'ကဗျာကို ရေးဖွဲ့ခဲ့သည်။

**မင်္ဂလာခွန်းဆက်**
**အိုးဝေတဲ့ ညံ့ညံ့။**
**ရွှေဒေါင်းပျို တောင်ညိုဦးမှာ**
**ကျူးရင့်အောင်သံ။**
**အောင်ပွဲရယ်ခံ**
**နိုင်ငံတဲ့သာရေး။**
**မင်္ဂလာစည်တော် ရှမ်းချိန်မို့**
**ခွန်းချီဆက်တေး။ ။**

(၃၀၊ နိုဝင်ဘာ၊ ၁၉၃၄)

# အမျိုးသားနေ့ တို့မမေ့

မောင်လွမ်းရည်(ရွှေတောင်)

**ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းတွင် သမိုင်းမရှိသောနိုင်ငံဟူ၍ မရှိချေ။ သမိုင်းဟူသည် နိုင်ငံနှင့်လူမျိုးတို့၏ ဖြစ်စဉ်အကြောင်းကို မှတ်တမ်းတင်ထားခြင်းပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ သမိုင်းကိုလေ့လာခြင်းသည် ထိုနိုင်ငံ ထိုလူမျိုးတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု စသည့် ဖြစ်စဉ်များ၏ တိုးတက်မှု၊ ဆုတ်ယုတ်မှုတို့ကိုပါ အကဲဖြတ်ခြင်းလည်း ဖြစ်ပါသည်။ ထို့ကြောင့် သမိုင်းကို လေ့လာအပ်ပေသည်။**

မြန်မာတို့၏ အတိတ်ကာလသမိုင်းကြောင်းကို ပြန်လည်သုံးသပ်လေ့လာကြည့်လျှင် နယ်ချဲ့အင်္ဂလိပ်လက်အောက်၌ နှစ်ပေါင်း ၁၀၀ ကျော် ကျွန်အဖြစ်နေခဲ့ကြရသည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရခဲ့သည်။ သို့သော် လွယ်လွယ်နှင့် ရခဲ့သည်တော့ မဟုတ်ချေ။ လွတ်လပ်ရေးရရှိစေရန် မြန်မာတိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် တိုက်ပွဲဝင်ခဲ့ကြရသည်။ အမျိုးသားရေး စိတ်ဓာတ်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံကာ ရယူခဲ့ကြရသည်။ ထိုသို့ အမျိုးသားရေးစိတ်ဓာတ် အခြေခံကို မွေးဖွားပေးနိုင်ခဲ့သောနေ့မှာ 'အမျိုးသားနေ့' ပင်ဖြစ်ပါသည်။

အမျိုးသားနေ့ဆိုသည်မှာ တိုင်းပြည်နှင့်လူမျိုး၏ ထူးခြားသော ဖြစ်ရပ်တစ်ခုခုကိုအခြေခံ၍ သတ်မှတ်ထားသော နေ့ထူးနေ့မြတ်ပင် ဖြစ်ပါသည်။ နယ်ချဲ့အင်္ဂလိပ်တို့၏ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို မကျေနပ်သဖြင့် တက္ကသိုလ်ကျောင်းသားများက ဦးဆောင်ကာ မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့တွင် သပိတ်မှောက်ခဲ့ကြသည်။ ထိုနေ့ကို အစွဲပြု၍ အမျိုးသားနေ့ဟု ဂုဏ်ပြုသတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

မြန်မာတို့သည် ရှေးအစဉ်အဆက်ကပင် ကိုယ့်မင်းကိုယ့်ချင်းဖြင့် နေခဲ့ကြသူများဖြစ်သည်။ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေ ရှိခဲ့ကြသူများဖြစ်သည်။ သို့သော် ကုန်းဘောင်ခေတ်သို့ ရောက်သောအခါတွင်မှ စည်းလုံးညီညွတ်မှု ပြိုကွဲကာ နယ်ချဲ့လက်အောက်သို့ ကျွန်အဖြစ် သက်ဆင်းခဲ့ကြလေသည်။ နယ်ချဲ့အင်္ဂလိပ်တို့သည် ကျူးကျော်စစ်သုံးကြိမ်ဖြင့် မြန်မာတို့ကို ကျွန်ပြုခဲ့ကြသည်။ ၁၈၈၅ ခုနှစ်တွင်မူ တတိယကျူးကျော်စစ်ပွဲဖြင့် မြန်မာတစ်ပြည်လုံးကို သိမ်းပိုက်ခဲ့လေသည်။

အုပ်ချုပ်သူနယ်ချဲ့တို့သည် စီးပွားရေး၊ ပညာရေး၊ အုပ်ချုပ်ရေး စသည့်ကိစ္စအဝဝကို ဖိနှိပ်ချုပ်ချယ်ခဲ့ကြသည်။ ပညာရေးတွင် ကိုလိုနီပညာရေး ယန္တရားလည်ပတ်နိုင်စေရန် ကျွန်ပညာရေးစနစ်ကို လမ်းဖွင့်ထားခဲ့သည်။ နယ်ချဲ့လက်ပါးစေ လူတစ်စုသာ ခေတ်ပညာသင်ယူနိုင်ရန် ဖန်တီးထားခဲ့သည်။ မြန်မာတို့ အသိဉာဏ်ပွင့်သွားခဲ့လျှင် ကိုလိုနီထမ်းပိုးကို ရိုက်ချိုးနိုင်သဖြင့် အသိဉာဏ်မပွင့်စေရန် ဖိနှိပ်ခဲ့သည်။ ဆိုလိုသည်မှာ ပညာမဲ့လေ ဆင်းရဲတွင်း နက်လေလေဖြစ်ရုံမက ကိုလိုနီနှောင်ကြိုးမြဲလေဖြစ်၍ အသိဉာဏ်ခေါင်းပါးစေရန် ဖန်တီးခဲ့ကြသည်။

**"လွတ်လပ်ရေးရရှိစေရန် မြန်မာတိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် တိုက်ပွဲဝင်ခဲ့ကြရသည်။ အမျိုးသားရေးစိတ်ဓာတ်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံကာ ရယူခဲ့ကြရသည်။ ထိုသို့ အမျိုးသားရေး စိတ်ဓာတ် အခြေခံကို မွေးဖွားပေးနိုင်ခဲ့သောနေ့မှာ 'အမျိုးသားနေ့' ပင်ဖြစ်"**

## ၂၀၁၇ ခုနှစ်၊ ၉၇ နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- ★ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ★ ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်ရေး၊
- ★ တိုင်းရင်းသားအားလုံး ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး၊
- ★ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး။

မြန်မာနိုင်ငံတွင် သီးခြားတက္ကသိုလ် တည်ထောင်ပေးရန် ၁၉၉၂ ခုနှစ်ကပင် တောင်းဆိုခဲ့သော်လည်း အင်္ဂလိပ်တို့က ခွင့်မပြုခဲ့ချေ။ ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်နှစ်ခုသာရှိခဲ့သည်။ သို့သော် မြန်မာတို့၏ မဆုတ်မနစ်စိတ်ဓာတ်ကြောင့် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် 'ရန်ကုန်တက္ကသိုလ်' ဟူ၍ ပေါ်ပေါက်လာခဲ့လေသည်။ ရန်ကုန်တက္ကသိုလ်ပေါ်ပေါက်လာခဲ့သဖြင့် ဝမ်းသာစရာဖြစ်သော်လည်း အက်ဥပဒေပါ အချက်များသည် ကျွန်ပညာရေးစီမံကိန်းများသာဖြစ်၍ ဝမ်းနည်းစရာဖြစ်ကြရသည်။ ထိုဥပဒေပြဋ္ဌာန်းချက်များကို ပြင်ဆင်ပေးပါရန် တောင်းဆိုကြသော်လည်း နယ်ချဲ့ဘုရင်ခံက မလိုက်လျောခဲ့ချေ။ ဤသို့ဖြင့် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ကိုဘဦး၊ ကိုဘခင်၊ ကိုဘရှင်၊ ကိုညီပိတ်၊ ကိုဖိုးကွန်း၊ ကိုအေး၊ ကိုလှတင်၊ ကိုဖေသိန်း၊ ကိုထွန်းဝင်း၊ ကိုဘရှင် (ထားဝယ်)၊ ကိုအောင်ဒင် စသော ကျောင်းသားခေါင်းဆောင် ၁၁ ဦးက ဦးဆောင်၍ နယ်ချဲ့အစိုးရကို သပိတ်တိုက်ပွဲ စတင်ဆင်နွှဲခဲ့ကြလေသည်။

ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဦးအရိယကျောင်းတိုက်တွင် ဗဟိုသပိတ်စခန်းဖွင့်ကာ သပိတ်မှောက်ခဲ့ကြသည်။ အက်ဥပဒေကို ပြင်ဆင်ပေးရန် အချက် ၁၆ ချက်ဖြင့် တောင်းဆိုခဲ့ကြသည်။ သို့သော် ဘုရင်ခံက လက်မခံသည့်အပြင် သတ်မှတ်ရက်အတွင်း ကျောင်းပြန်မတက်သူများကို ကျောင်းထုတ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ ထို့ကြောင့် မကျေနပ်မှုများကြီးထွားလာပြီး တက္ကသိုလ်ကျောင်းသားများနှင့်အတူ အခြေခံအထက်တန်းကျောင်းသားများပါ ပူးပေါင်းဆန္ဒပြခဲ့ကြသည်။

သပိတ်တိုက်ပွဲကာလအတွင်း ကျောင်းသားများ၏ ပညာရေးမနှောင့်နှေးစေရန် ရည်ရွယ်၍ အမျိုးသားပညာရေးကို ပျိုးထောင်ရန်နှင့် ကျွန်ပညာရေးစနစ်ကို ပစ်ပယ်ပြီး သခင်ပညာရေးစနစ်ကို ဦးဆောင်ထားသည့် အမျိုးသားကျောင်းများ တည်ထောင်ရန်အတွက် အမျိုးသားပညာရေးကောင်စီကို ဖွဲ့စည်းခဲ့ကြသည်။ ဗဟန်းကောလိပ်ကိုလည်း ဖွင့်လှစ်ခဲ့ကြသည်။

ထိုအချိန်မှစ၍ ရန်ကုန်မြို့၌သာမက မြန်မာပြည်အနှံ့ အမျိုးသားကျောင်း(ဝါ) နေရှင်နယ်ကျောင်းများ ပေါ်ပေါက်လာခဲ့သည်။ အမျိုးသားကျောင်းများ၏ ကျေးဇူးကြောင့် အမျိုးသားစိတ်ဓာတ် နိုးကြားလာခဲ့သည်။ ကျွန်စိတ်မှ သခင်စိတ်အဖြစ်သို့ ပြောင်းလဲကာ မျိုးချစ်စိတ်နှင့်အတူ နိုင်ငံရေးစိတ်ဓာတ်များပါ ကိန်းအောင်းလာခဲ့ကြသည်။ တက္ကသိုလ် ကျောင်းသားသပိတ်သည် မြန်မာပြည်လွတ်လပ်ရေးအတွက် မျိုးစေ့ဖြစ်လာခဲ့ရသည်။ အိပ်မောကျနေသော မြန်မာတို့ကို အမျိုးသားရေးစိတ်ဓာတ်၊ နိုင်ငံရေးစိတ်ဓာတ်များ ကိန်းအောင်းစေခဲ့သည်။

၁၉၂၁ ခုနှစ်တွင် မန္တလေးမြို့၌ ကျင်းပသော ဂျီစီဘီအေအသင်းကြီး၏ နဝမအကြိမ်မြောက်ညီလာခံက မျိုးချစ်စိတ်ဓာတ် တိုးတက်ခိုင်မာအောင် မျိုးစေ့ချပေးခဲ့သော တက္ကသိုလ်သပိတ် စတင်ပေါ်ပေါက်သည့် ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်း လဆုတ် ၁၀ ရက်၊ ၅-၁၂-၁၉၂၀ နေ့ကို "အမျိုးသားနေ့"အဖြစ် တညီတညွတ်တည်း သတ်မှတ်ခဲ့ကြသည်။

အချုပ်အားဖြင့်ဆိုရသော် အမျိုးသားနေ့သည် နယ်ချဲ့အင်္ဂလိပ်ကိုတော်လှန်ရန် မြန်မာတစ်မျိုးသားလုံး မျိုးချစ်စိတ်ဓာတ်ခိုင်မာအောင် မျိုးစေ့ချပေးခဲ့သော နေ့တစ်နေ့အဖြစ် သမိုင်းတွင်ရစ်မည်သာ ဖြစ်ပါတော့သည်။ ။

## မြန်မာနိုင်ငံကင်းထောက်ရာပြည့် အထိမ်းအမှတ်ဂုဏ်ပြုသည့် မြန်မာကင်းထောက်ဂီတပွဲတော် ကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၁၂**

မြန်မာကင်းထောက် ဂီတပွဲတော်ကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) ၌ ကျင်းပသည်။

အဆိုပါ ဂီတပွဲတော်ကို မြန်မာကင်းထောက်ရာပြည့် အထိမ်းအမှတ် အခမ်းအနား အောင်မြင်မှုကို ဂီတအနုပညာစွမ်းပကားဖြင့် ထပ်ဆင့်ဂုဏ်ပြုမြှင့်တင်ရန်၊ မွန်မြတ်သော စိတ်စေတနာပြည့်ဝသည့် ကင်းထောက်မောင်မယ်လူငယ်များအပေါ် မိဘပြည်သူများအား စိတ်ဝင်တစား အားပေးဂုဏ်ပြု ချီးမြှင့်လာနိုင်စေရန်၊ ကင်းထောက်လူငယ်များအကြား ကင်းထောက်စိတ်ဓာတ်ကို အခြေပြု၍ ဂီတအနုပညာများနှင့် ပူးပေါင်းကာ မိမိနှင့် မိမိအဖွဲ့အစည်းကို အကျိုးပြုနိုင်သည့် အခန်းကဏ္ဍကို ပိုမိုမြှင့်တင်နိုင်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

ဂီတပွဲတော်သို့ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် မြန်မာနိုင်ငံကင်းထောက် ကော်မတီဥက္ကဋ္ဌ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ အမျိုးသမီး ကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်နှင့် ကင်းထောက်ကြီးများ၊ ဌာနဆိုင်ရာ ပုဂ္ဂိုလ်များ၊ တက္ကသိုလ်/ကောလိပ် အသီးသီးမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ကင်းထောက်ဖွဲ့စည်းပြီး မြို့နယ်များမှ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ကင်းထောက်ခေါင်းဆောင်များနှင့် ကင်းထောက်မောင်မယ်များ၊ အနုပညာရှင်များနှင့် မိဘပြည်သူများ ကြည့်ရှုအားပေးကြသည်။

မြန်မာကင်းထောက်ဂီတပွဲတော်ကို အခြေခံပညာကျောင်းများမှ ကင်းထောက်မောင်မယ်များက ကင်းထောက်ခရာသံကျူးရင့်ကာ ကင်းထောက်ကတိ (၃)ပါးရွတ်ဆိုပြီး အခမ်းအနားကို ဖွင့်လှစ်ကာ အခြေခံပညာကျောင်းများမှ ကင်းထောက်မောင်မယ်များ၏ "ကင်းထောက်ဂုဏ်ရည်" "ပြည်သူ့အတွက် အစဉ်အသင့်" တေးသီချင်းများ၊ တက္ကသိုလ်/ကောလိပ်များမှ ကင်းထောက်မောင်မယ်များ၏ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းများကို ဂုဏ်ပြုထားသည့် "ငြိမ်းချမ်းရေးသံတမန်များ (Messenger of Peace)" တေးသီချင်း၊ အမျိုးသမီးကင်းထောက်များ၏ " World Song " တေးသီချင်းများ ဖျော်ဖြေကြသည့်အပြင် တေးသံရှင်များက ခေတ်ပေါ် တေးသီချင်းသရုပ်ဖော် အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် မြန်မာကင်းထောက်ဂီတပွဲတော်သို့ လာရောက်ကြသည့် မိဘပြည်သူများနှင့် ကင်းထောက်မောင်မယ်များသည် အမျိုးသားကင်းထောက်အဖွဲ့ပြခန်း၊ အမျိုးသမီးကင်းထောက်အဖွဲ့ပြခန်းတွင် ကြိုးချည်နည်းများ၊ အချက်ပြစနစ်၊ သင်္ကေတများ၊ မြန်မာနိုင်ငံနှင့် ကမ္ဘာ့ကင်းထောက်အဖွဲ့ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ စာအုပ်များ၊ ကင်းထောက်တဲများ၊ ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းများမှ ကင်းထောက်ပြခန်းများကို ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိ သည်။

သတင်းစဉ်

## အမျိုးသားနေ့ ဦးတည်ချက်

- ✻ ၉၇-နှစ်မြောက် အမျိုးသားနေ့အတွက် ဦးတည်ချက်(၄)ရပ်မှန် ချမှတ်ထုတ်ပြန်။
- ✻ ပြည်ထောင်စုစိတ်ဓာတ်မြဲရှင်သန် တည်ဆောက်ရန် ငြိမ်းချမ်းရေး။
- ✻ ဖွံ့ဖြိုးမှုအဖုံဖုံ တိုင်းရင်းသားပေါင်းစုံ လွှမ်းခြုံကာ အခြေတည်လို့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ရှေးရှုစို့လေး။ ။

အောင်မြင့်စိုး(ရေစကြို)

## မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၂**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် မောင်တောဒေသရှိ မြို့တိုင်းရင်းသားများ၏ အိမ်ရာအသစ်ဖော်ထုတ်နေမှုကြည့်ရှု

**နေပြည်တော် နိုဝင်ဘာ ၁၂**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်ထူထောင်ရေး ဖွံ့ဖြိုးရေး စီမံကိန်း (UEHRD)၏ လုပ်ငန်းစဉ်များနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သော မီဒီယာအဖွဲ့သည် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့မှ ဘူးသီးတောင်မြို့သို့ ရေယာဉ်ဖြင့် ထွက်ခွာကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် မြို့တိုင်းရင်းသားများအား တွေ့ဆုံအားပေးပြီး အိမ်ထောင်စုများအတွက် ငွေလှူဒါန်းစဉ်။ သတင်းစဉ်

**နေ့စဉ်ပို့ဆောင်**

စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့သည် မေယုမြစ်ကြောင်းအတိုင်း ရေမိုင် ၅၀ ကျော်ကွာဝေးပြီး ၎င်းခရီးအား လူ ၁၀၀ ကျော် စီးနင်းနိုင်သည့် ရွှေပြည်တန်၊ မလိခ၊ ရွှေနဒီ စသည့် ရှပ်ပြေးရေယာဉ်များဖြင့် နေ့စဉ်ပို့ဆောင်ပေးလျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ဘူးသီးတောင်မြို့သို့ ရောက်ရှိကြပြီး မြို့၏ တည်ငြိမ်အေးချမ်းနေမှု၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်နေမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ မောင်တောမြို့သို့ ထွက်ခွာကြရာ မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာအနီးရှိ ကမ်းခြေသို့ရောက်ရှိပြီး ၎င်းတွင် တစ်ဖက်နိုင်ငံသို့ သွားရောက်ရန် ပြင်ဆင်နေကြသည့် ရသေ့တောင်နှင့် ဘူးသီးတောင်မြို့နယ်တို့ရှိ ကျေးရွာအချို့မှ ဘင်္ဂါလီလူမျိုးများအား တွေ့ဆုံ၍ ၎င်းတို့၏ သဘောဆန္ဒများကို မေးမြန်းဆွေးနွေးသည်။

အဆိုပါ ထွက်ခွာရန် ပြင်ဆင်နေကြသူများက ၎င်းတို့အနေဖြင့် စားဝတ်နေရေးအခက်အခဲကြောင့် တစ်ဖက်နိုင်ငံသို့ သွားရောက်လိုခြင်းဖြစ်ကြောင်း၊ ထိုသို့ သွားရောက်ရန် တစ်ဦးလျှင် လှေခငွေကျပ် ငါးသောင်းခန့် ပေးချေရပါကြောင်း၊ လှေစောင့်နေစဉ်ကာလအတွင်း ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် စားနပ်ရိက္ခာနှင့် ဆေးဝါးကုသပေးမှုများကို လက်ခံရရှိပါကြောင်း၊ တာဝန်ရှိသူများက ၎င်းတို့ နေထိုင်ခဲ့သည့် နေရာများသို့ ပြန်မည်ဆိုပါက လိုအပ်သည်များ ပံ့ပိုးပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ရာ ၎င်းတို့မှာ တစ်ဖက်နိုင်ငံသို့သာ သွားရောက်လိုသဖြင့် ယခုကဲ့သို့ စောင့်ဆိုင်းနေခြင်းဖြစ်ပါကြောင်း ပြန်လည်ပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က တစ်ဖက်နိုင်ငံသို့ သွားရောက်ခြင်းမပြုဘဲ ယခင်နေရပ်သို့ ပြန်လည်သွားရောက်လိုပါက နိုင်ငံတော်နှင့် ပြည်နယ်အစိုးရအဖွဲ့တို့က လိုအပ်သည့် စားနပ်ရိက္ခာနှင့် လုံခြုံရေးဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသော်လည်း ၎င်းတို့အနေဖြင့် တစ်ဖက်နိုင်ငံသို့သာ ဆက်လက်သွားရောက်မည်ဟု ဖြေကြားကြသည်။

ထို့နောက် အလယ်သံကျော်ကျေးရွာရှိ ကျေးရွာသားများအားတွေ့ဆုံ၍ နယ်မြေတည်ငြိမ်အေးချမ်းမှု အခြေအနေကို မေးမြန်းပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။



ပြည်ထောင်စုဝန်ကြီးဒေါက်တာ ဖေမြင့်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့ မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စု၌ နိုင်ငံသား စိစစ်ခံယူမည့်သူများအား တွေ့ဆုံစဉ်။ သတင်းစဉ်

**စီမံကိန်းဆောင်ရွက်နေမှု**

ယင်းနောက် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာခဲ့ရသည့် ကိုင်းကြီး (မြို)ကျေးရွာမှ မြို့တိုင်းရင်းသားများအား သံဒါကျေးရွာအနီး၌ ယာယီနေရာချထားပေးမှုကိုလည်းကောင်း၊ သံဒါကျေးရွာအနီး အိမ်ရာအသစ်ဖော်ထုတ်ရန် ဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း လှည့်လည်ကြည့်ရှုကြရာ ၎င်းတွင် အိမ်ရာဖော်ထုတ်ရေးတာဝန် ဆောင်ရွက်နေသည့် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က စီမံကိန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မောင်တောဒေသရှိ ရွှေဇဟို၊ စိန်ပန်းမြိုင်နှင့် ကိုင်းကြီးကျေးရွာများမှ မြို့တိုင်းရင်းသား အိမ်ထောင်စု ၁၀၀ ကျော်အား စုစည်း၍ သံဒါကျေးရွာအနီး အိမ်ရာအသစ်ဖော်ထုတ်၍ နေရာချထားပေးသွားမည်ဖြစ်ရာ ၎င်းတွင် ရေကောင်းရေသန့်ရရှိရေးအပြင် ဆိုလာလျှပ်စစ်မီးပါဝင်သည့် အုတ်ခံတစ်ထပ်တိုက်အိမ်များကို တည်ဆောက်ပေးရန်နှင့် ကျေးရွာစာသင်ကျောင်းကိုလည်း အဆင့်တိုးမြှင့်ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် စီမံကိန်းရှင်းလင်းဆောင်၌ မြို့တိုင်းရင်းသားများအား တွေ့ဆုံအားပေးစကားပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးက ၎င်းတွင် ရောက်ရှိနေကြသည့် အိမ်ထောင်စု ၄၆ စုအတွက် တစ်စုလျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် ငွေကျပ် ၂၃ သိန်းကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စု၌ ရခိုင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ နိုင်ငံသား စိစစ်ခံယူမည့်သူ၏ သက်သေခံကတ် (NVC) နှင့် Bio Metric နည်းပညာ (NID) စနစ်ဖြင့် အီလက်ထရွန်နစ် မှတ်တမ်းတင်ခြင်း ဆောင်ရွက်နေမှုအား ကြည့်ရှုအားပေးပြီး NVC ကတ်ရရှိသူများကို ကတ်များနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

**NVC ကတ်ထုတ်ပေးရေးလုပ်ငန်းစဉ်**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း NVC ကတ်ထုတ်ပေးရေးလုပ်ငန်းစဉ်ကို ဦးစားပေး ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၈ ရက်၊ ၃၁ ရက်နှင့် နိုဝင်ဘာ ၁ ရက်တွင် စစ်တွေမြို့ရှိ ကျောင်းကြီးလမ်း ရပ်ကွက် ဟိန္ဒူဘာသာဝင် ၁၃၂ ဦးအား NVC ကတ်ထုတ်ပေးခြင်း၊ နိုဝင်ဘာ ၁ ရက်မှ ၅ ရက်အထိ ဧည့်ဝတီ အားကစားကွင်းရှိ ဟိန္ဒူဘာသာဝင် ၂၁၃ ဦးအား NVC ကတ်ထုတ်ပေးခြင်းနှင့် ၂၈၀ ဦးအား NID နည်းဖြင့် မှတ်တမ်းတင်ခြင်း၊ နိုဝင်ဘာ ၁ ရက်မှ ၂ရက်အထိ ဘူးသီးတောင်မြို့နယ် ငါးရံ့ချောင်းကျေးရွာနေထိုင်သူ ၆၄ ဦးအား NVC ကတ်ထုတ်ပေးခြင်းနှင့် ၆၅ ဦးအား NID နည်းဖြင့် မှတ်တမ်းတင်ခြင်း၊ အောက်တိုဘာ ၁၂ ရက်မှ ယနေ့အထိ ရွှေဇားကျေးရွာ အုပ်စုအတွင်း နေထိုင်သူ ၆၉၉ ဦးအား NVC ကတ်ထုတ်ပေးခြင်းနှင့် ၇၃၇ ဦးအား NID နည်းဖြင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။ ယင်းလုပ်ငန်းစဉ်နှင့်အတူ Bio Metric နည်းပညာ(NID) နည်းဖြင့် NVC ကတ်မရရှိသူများနှင့် ရရှိသူများအား တစ်ပါတည်း မှတ်တမ်းတင် ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ကညင်ချောင်း အထူးစီးပွားရေးဇုန်တည်ဆောက်မည့်နေရာနှင့် နယ်စပ်ခြံစည်းရိုးကာရံထားမှုကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် မောင်တောမြို့ အမှတ်(၁)နယ်စပ် ဝင်ထွက်ပေါက်မှ တစ်ဆင့် နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေများကို ကြည့်ရှုလေ့လာကြသည်။ ယင်းနယ်စပ်ဝင်ထွက်ပေါက်ကို ၂၀၁၇ ခုနှစ် ပဋိပက္ခဖြစ်စဉ်ဖြစ်ပွားချိန်မှစ၍ ပိတ်ထားခဲ့ရာမှ အောက်တိုဘာ ၁၄ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုမှတစ်ဆင့် မောင်တောမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ခိုလှုံလျက်ရှိသော ဟိန္ဒူဘာသာဝင်များအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ၎င်းနေရာရှိ ကလေးငယ်များအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ကြသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်၌ ပြည်သူ့အတွက် လူငယ့် ရက် ၂၀ လုပ်ငန်း မိတ်ဆက်အခမ်းအနားကျင်းပ

**စစ်တွေ နိုဝင်ဘာ ၁၂**

မောင်တောဒေသ ပြန်လည်တည်ဆောက်ရေးအတွက် မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ လူငယ်စေတနာ့ဝန်ထမ်းများနှင့် ဆောင်ရွက်သွားမည့် ပြည်သူ့အတွက် လူငယ့် ရက် ၂၀ လုပ်ငန်း မိတ်ဆက်အခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က အမှာစကားပြောကြားပြီး ရခိုင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်က စေတနာ့ဝန်ထမ်း လူငယ် မောင်မယ်များ၏ လုပ်ငန်းအတွင်း ကြုံတွေ့နိုင်သည့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်နှင့် ထိထိမိမိ ကူညီဆောင်ရွက်ပေးနိုင်ရေးတို့အတွက် ပံ့ပိုးကူညီသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။ ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးက ပြည်သူ့အတွက် လူငယ့် ရက် ၂၀ လုပ်ငန်း အစီအစဉ်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး စေတနာ့ဝန်ထမ်း လူငယ်အဖွဲ့ ကိုယ်စားလှယ် တစ်ဦးဖြစ်သူ မယဉ်မိုးသူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က နိဂုံးချုပ်စကားပြောကြားသည်။



"ကျွန်မတို့အနေနဲ့ အခုလိုမျိုး ကြီးမားတဲ့ ပရဟိတ လုပ်ငန်းတစ်ခုကို အစိုးရအဖွဲ့အစည်းရဲ့ ပံ့ပိုးကူညီမှုနဲ့ အတူ လုပ်ကိုင်ဆောင်ရွက်ခွင့်ရတဲ့အတွက် အထူးပဲ ကျေးဇူးတင်ဂုဏ်ယူမိပါတယ်၊ ကျွန်မတို့ရဲ့စေတနာ့ဝန်ထမ်းလူငယ်အဖွဲ့အနေနဲ့ လူမျိုးရေး၊ ဘာသာရေး၊ အသားအရောင်ခွဲခြားမှုမရှိဘဲ လူသားချင်း စာနာထောက်ထားမှု စိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ကူညီဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု မယဉ်မိုးသူက ပြောသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်း လူငယ်များနှင့် စစ်တွေမြို့မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံအခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းမီဒီယာများ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ထွက်ခွာမည့် အစ္စလာမ်ဘာသာဝင်များအား သွားရောက်တွေ့ဆုံသတင်းယူ



**နေပြည်တော် နိုဝင်ဘာ ၁၂**

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက်ပိုင်း ကျေးရွာများ၌ ဆက်လက်နေထိုင်လျက်ရှိသည့် အစ္စလာမ်ဘာသာဝင်များအား အစွန်းရောက် အကြမ်းဖက်သမားများက အသက်အန္တရာယ် ခြိမ်းခြောက်မှုများကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ခွာလျက်ရှိကြောင်း သိရသည်။

**သတင်းရယူခြင်းများ ဆောင်ရွက်**

ယနေ့တွင် မြန်မာနိုင်ငံအခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းမီဒီယာများသည် အလယ်သံကျော် ကျေးရွာအနီး ပင်လယ်ကမ်းခြေတွင် ခေတ္တနေထိုင်လျက်ရှိသည့် အစ္စလာမ်ဘာသာဝင် ၂၀၀၀ ကျော်၊ မှိုဝင်ချောင်းဝနှင့် ဂေါ်ဒူသာရချောင်းဝကြား ပင်လယ်ကမ်းခြေတွင် နေထိုင်လျက်ရှိသော အစ္စလာမ်ဘာသာဝင် ၇၀ ကျော်တို့အား သွားရောက်တွေ့ဆုံ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ခွာရသည့် အကြောင်းအရာကိစ္စရပ်များနှင့်ပတ်သက်ပြီး မေးမြန်းသတင်းရယူခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် သတင်းထောက်များက နယ်မြေလုံခြုံရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဖြေရှင်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် သိရှိလိုသည်များအား မေးမြန်းရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် အေးလွင်နှင့် နယ်မြေလုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသည့် ဒုတိယရဲမှူးကြီး မြင့်ကျော်တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

**သတင်းစဉ်**

**မြန်မာနိုင်ငံအခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းမီဒီယာများ အစ္စလာမ်ဘာသာဝင်များအား သတင်းရယူမေးမြန်းနေသည်ကို တွေ့ရစဉ်။** သတင်းစဉ်

# မေယုတောင်ကျော်လမ်းဖောက်လုပ်လိုက်တဲ့အတွက် ဖွံ့ဖြိုးမှုနိမ့်ကျနေတဲ့ ကျေးရွာတွေရဲ့လူမှုစီးပွားဘဝ မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးလာမယ်

**ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်၊ မောင်တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့တွင် နေထိုင်ကြသည့် ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် အုပ်ချုပ်မှုပိုင်းတွင် အထောက်အကူပြုစေရန်အတွက် မေယုတောင်ကိုဖြတ်ကျော်ပြီး မောင်တောနှင့် ဘူးသီးတောင်ကို ဆက်သွယ်သည့် ကျောက်ပန္နူ - အင်းဒင် - စေတီပြင်လမ်းနှင့် ကြိမ်ချောင်း-ဂုပ္ပီလမ်းတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းတည်ဆောက်ရေးအဖွဲ့(၃)၊ လမ်းအထူးအဖွဲ့(၁၇)က တာဝန်ယူဖောက်လုပ်လျက်ရှိသည်။**

အဆိုပါ မေယုတောင်ဖြတ်ကျော်လမ်း ဖောက်လုပ်မှုနှင့် စပ်လျဉ်းပြီး စစ်တွေမြို့ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးထွန်းမော်နှင့် တွေ့ဆုံမေးမြန်းမှုကို တင်ပြလိုက်ရပါသည်။

**မေး ။ မေယုတောင်ကိုကျော်ပြီး ဒုတိယလမ်းဖြစ်တဲ့ ကြိမ်ချောင်း-ဂုပ္ပီလမ်းဖောက်လုပ်နေမှု အခြေအနေကိုသိပါရစေ။**

ဖြေ ။ မောင်တောကနေသွားတဲ့ မောင်တော-ကြိမ်ချောင်း-ဗန္ဓုလလမ်းနဲ့ ဘူးသီးတောင်မြို့နယ်ကနေ ဘူးသီးတောင်-ဂုပ္ပီအထိ မေယုတောင်ရဲ့အရှေ့အနောက်လမ်းနှစ်သွယ်ကို တောင်ကျော်လမ်းအနေနဲ့ ဖောက်လုပ်တဲ့လမ်းစီမံကိန်းပါ။ လမ်းအရှည်ကတော့ ရှစ်မိုင်ခန့်ရှိပြီး လမ်းကြောင်းပြေပြစ်တဲ့ အနေအထား ရှာဖွေနေတဲ့အတွက် လမ်းကြောင်းက ပိုရှည်မယ့် အနေအထား တွေ့ရပါတယ်။

**မေး ။ ကြိမ်ချောင်း- ဂုပ္ပီလမ်းဖောက်လုပ်မှုမှာ မောင်တောမြို့နယ် ကြိမ်ချောင်းဘက်ကလမ်းဖောက်လုပ်မှု ဘယ်လောက်ပြီးသွားပြီလဲ။ ဘူးသီးတောင်မြို့နယ် ဂုပ္ပီဘက်က ဘယ်လောက် လမ်းဖောက်လုပ်မှု ပြီးသွားပြီလဲဆိုတာ သိပါရစေ။**

ဖြေ ။ မေယုတောင်ကိုကျော်ပြီး ကြိမ်ချောင်း-ဂုပ္ပီလမ်း ဖောက်လုပ်တဲ့အပိုင်းမှာ ကြိမ်ချောင်းဘက်က တစ်ဖွဲ့ရယ်၊ ဂုပ္ပီဘက်ကတစ်ဖွဲ့ရယ် စက်အဖွဲ့(၂)ဖွဲ့နဲ့ ဆောင်ရွက်နေပါတယ်။ ကြိမ်ချောင်းကနေတောင်ပေါ်ကို ငါးမိုင်ကျော်ကျော် လမ်းအူကြောင်းတစ်ကြောင်းထိုးလမ်းကို လူနဲ့လမ်းကြောင်းဖောက်ရှာတယ်။ ဂုပ္ပီဘက်ကလည်း အလားတူလုပ်ခဲ့တာ စုစုပေါင်း ဂုပ္ပီဘက်က သုံးမိုင်၊ ကြိမ်ချောင်းဘက်က ငါးမိုင် စုစုပေါင်း ရှစ်မိုင် တစ်ကြောင်းထိုးလမ်းဖောက်နေပါပြီ။ တောင်ထိပ်မှာ မတ်စောက်တဲ့နေရာတွေမှာတော့ တစ်မိုင်ခွဲနှစ်မိုင်ဝန်းကျင်လောက်ကို အမြင့်တွေ ချောက်ကမ်းပါးတွေရှောင်ပြီးတော့ လမ်းအူကြောင်းရှာနေတဲ့အဆင့်။ တစ်ကြောင်းထိုးလမ်းဖောက်မယ့်အနေအထားက နောက်သုံးရက်ဆို ပြီးနိုင်မယ့် အနေအထား ရောက်နေပါပြီ။

**မေး ။ ကြိမ်ချောင်း- ဂုပ္ပီလမ်းဖောက်လုပ်မှုမှာ တစ်ကြောင်းထိုး လမ်းဖောက်ပြီးသွားရင် ဘယ်လိုဆက်ပြီး ဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။**

ဖြေ ။ ဒီလမ်းကြီးကို ရာသီမရွေးသွားလာနိုင်ပြီး ယာဉ်သွားလာမှုအတွက် အဆင်ပြေနိုင်မယ့် တောင်တက်လမ်း အဆင်ပြေနိုင်မယ့် လမ်းကြောင်းကို လမ်းပုံထုတ်အဖွဲ့တွေနဲ့ တိုင်းတာပြီး လမ်းပုံဖော်ပြီးတော့မှ ကျောက်ချောလမ်းအဆင့်အထိ အခုပွင့်လင်းရာသီမှာအပြီးဆောင်ရွက်သွားဖို့ ရည်မှန်းချက်ထား ဆောင်ရွက်နေပါတယ်။



**မေယုတောင်ဖြတ်ကျော်လမ်းကို စက်ယန္တရားများအသုံးပြု၍ လမ်းဖောက်လုပ်နေမှုကို တွေ့ရစဉ်။**

**မေး ။ ကြိမ်ချောင်း-ဂုပ္ပီလမ်းက မောင်တောဒေသအတွက် ဘယ်လောက်အထိ မဟာဗျူဟာကျတယ်။ ဘယ်လောက်ထိ အသုံးဝင်မယ်ဆိုတာသိပါရစေ။**

ဖြေ ။ မေယုတောင်ကြောရဲ့ အနောက်ဘက်ခြမ်း မောင်တော- ကြိမ်ချောင်း-ဗန္ဓုလဆိုတဲ့ ပင်လယ်ကမ်းရိုးတန်းအပိုင်းတွေကတော့ လူနေထူထပ်ပြီးတော့ စည်ကားတဲ့ အနေအထားမျိုး ရှိပါတယ်။ ဒါပေမယ့် ကြိမ်ချောင်းဘက်ခြမ်းကို မေယုတောင်တန်းရဲ့အရှေ့ဘက်ခြမ်းက ဘူးသီးတောင်မြို့နယ်မှာနေတဲ့ တိုင်းရင်းသားရွာတွေက ဒီတောင်ကြီးကို ဖြတ်ကျော်ပြီး သွားလာနေရတဲ့အခက်အခဲတွေကြောင့် အရှေ့ဘက်ခြမ်း ဘူးသီးတောင်ဒေသမှာရှိတဲ့ တိုင်းရင်းသားရွာတွေ ဖွံ့ဖြိုးမှုအတွက် အဟန့်အတားတွေဖြစ်နေပါတယ်။ အခုလို မေယုတောင်ကျော်လမ်းဖောက်လုပ်လိုက်တဲ့အတွက် ဖွံ့ဖြိုးမှုနိမ့်ကျနေတဲ့ တိုင်းရင်းသားကျေးရွာတွေ မြန်မြန်ဆန်ဆန်ဖွံ့ဖြိုးလာပြီးတော့ ကျန်းမာရေး၊ ပညာရေး အစစအရာရာ လွယ်ကူချောမွေ့ပြီး အုပ်ချုပ်မှု ယန္တရားတစ်ခုအတွက် ဒီလမ်းက မရှိမဖြစ်လိုအပ်မယ့် လမ်းတစ်လမ်းဖြစ်လာမှာပါ။

**မေး ။ ကြိမ်ချောင်း- ဂုပ္ပီလမ်း ဖောက်လုပ်တဲ့အခါမှာ ဘယ်လိုအခက်အခဲရှိလဲဆိုတာလည်း သိပါရစေ။**

ဖြေ ။ ကြိမ်ချောင်း-ဂုပ္ပီလမ်း ဖောက်လုပ်တဲ့ အခြေအနေမှာ မြေပြင်အနေအထားက လူသွားလမ်းတောင်ကျော်လမ်းလေးတွေ ရှိပါတယ်။ ဒါပေမယ့် လူသွားလမ်း တောင်ကျော်လမ်းတွေက ရာသီမရွေးသွားလာနိုင်တဲ့ လမ်းမျိုးမဟုတ်ပါဘူး။ မေယုတောင်က တောတောင်ထူထပ်ပြီးတော့ သဘာဝအတားအဆီးတွေ အများကြီးရှိပါတယ်။မေယုတောင်ကြောမှာ သားရိုင်းတိရစ္ဆာန်တွေ သဘာဝအတိုင်းရှိနေပါတယ်။ ဆင်အန္တရာယ်တွေရှိပါတယ်။ မြစ်ချောင်း၊ အင်းအိုင်တွေကလည်း သဘာဝအတားအဆီးတွေအဖြစ် ရှိနေတဲ့အတွက် နွေရာသီပွင့်လင်းရာသီမှာ အချိန်အဟုန်မြှင့်ပြီး လုပ်ကိုင်ဆောင်ရွက်ရမယ့် အနေအထားရှိနေပါတယ်။

**မေး ။ ကြိမ်ချောင်း-ဂုပ္ပီလမ်း ဖောက်လုပ်တာ ဘယ်က ဘတ်ဂျက်နဲ့ သုံးစွဲပြီး ဖောက်လုပ်တယ်ဆိုတာ သိပါရစေ။**

ဖြေ ။ လက်ရှိ ဒီနှစ်အတွက်ကတော့ ပထမစဖောက်တဲ့ ကျောက်ပန္နူ-အင်းဒင်-စေတီပြင်လမ်းနဲ့ ဒုတိယဖောက်တဲ့ ကြိမ်ချောင်း - ဂုပ္ပီလမ်း လမ်းနှစ်လမ်းကို မေယုတောင်ကြီးကို ကန့်လန့်ဖြတ်ပြီး လက်ရှိအခြေအနေအရ နိုင်ငံတော်ရဲ့ ပုံမှန်အစိုးရဘတ်ဂျက်အနေနဲ့ မဟုတ်ဘဲနဲ့ သမ္မတရဲ့ အထူးသီးသန့် ရန်ပုံငွေနဲ့ အထူးဦးစားပေးလမ်းနှစ်လမ်းကို ဖောက်လုပ်နေခြင်း ဖြစ်ပါတယ်။ ဒီလမ်းကြီးကို နှောင်နှစ်တွေမှာလည်း မေယုတောင်ကြီး အရှေ့ဘက်ခြမ်းနဲ့ အနောက်ဘက်ခြမ်း ဖွံ့ဖြိုးရေးအနေနဲ့ နောက်ထပ် လေးလမ်းအထိဖောက်ဖို့ စီမံချက်တွေရှိပါတယ်။

**မေး ။ မေယုတောင်ကိုကျော်ဖြတ်ပြီး ဒီနှစ်ထဲမှာ ပထမဆုံးဖောက်ခဲ့တဲ့ ကျောက်ပန္နူ-အင်းဒင်-စေတီပြင်လမ်းဖောက်လုပ်ထားမှုအခြေနေကိုလည်း သိပါရစေ။**

ဖြေ ။ ကျောက်ပန္နူ - အင်းဒင် - စေတီပြင်လမ်းကတော့ မောင်တောကနေ အငူမော်အထိ မေယုတောင်ရဲ့ အနောက်ဘက်ခြမ်းပိုင်း ဆောက်လုပ်ရေးကနေ ထိန်းသိမ်းနေတဲ့ လမ်းတစ်လမ်းဖြစ်ပါတယ်။ အဲ့ဒီလမ်းကတော့ ၄၉ မိုင်နဲ့ ၄ ဖာလုံရှိပါတယ်။ ဒီအတိုင်းပဲ မေယုတောင်ရဲ့ အရှေ့ဘက်ခြမ်းမှာ ဘူးသီးတောင်ကနေ အငူမော်ကို ၄၅ မိုင်ကျော် ကျေးလက်ဦးစီးဌာနကနေ ဖောက်နေတဲ့လမ်း ရှိပါတယ်။ မေယုတောင်ရဲ့အရှေ့နဲ့ အနောက်ဘက်ကို အပြိုင်လမ်းနှစ်လမ်း ဖောက်လုပ်နေပေမယ့် မေယုတောင်ကြီးကိုကျော်ပြီးတော့ အသုံးပြုနိုင်တဲ့ လမ်းမဟုတ်ပါဘူး။ ဒါကြောင့် မေယုတောင်ရဲ့ အရှေ့ဘက်မှာနေထိုင်တဲ့ တိုင်းရင်းသားတွေရဲ့ ဒေသဖွံ့ဖြိုးရေးအတွက် မေယုတောင်ရဲ့ အနောက်ဘက်မှာရှိတဲ့ အငူမော်နဲ့ မောင်တောလမ်းက အထောက်အကူပြုနိုင်ပါတယ်။ ဒါကြောင့် အဲ့ဒီလမ်းနှစ်လမ်းကို ဆက်သွယ်တဲ့ မေယုတောင်ကျော်လမ်းဖြစ်တဲ့ ကျောက်ပန္နူ-အင်းဒင်-စေတီပြင်လမ်းကို ဒီနှစ်ပွင့်လင်းရာသီမှာ ကျောက်ချောလမ်းအဆင့်အထိ ဖောက်လုပ်နိုင်အောင် စီမံချက်ချပြီး ဆောင်ရွက်နေပါတယ်။ ကျောက်ပန္နူ-အင်းဒင်-စေတီပြင်လမ်းက ကြိမ်ချောင်း - ဂုပ္ပီလမ်းအပိုင်းလိုပဲ စေတီပြင်ဘက်မှာတစ်ဖွဲ့၊ အင်းဒင်ဘက်မှာတစ်ဖွဲ့၊ စက်ယန္တရား ၁၅ စီးနဲ့ ဆောင်ရွက်နေပြီး လက်ရှိအချိန်မှာ ကျောက်ပန္နူ-အင်းဒင်ကို တစ်ကြောင်းထိုးလမ်းအနေနဲ့ ဆက်သွယ်သွားလာနိုင်တဲ့ လမ်းအူကြောင်း တစ်ကြောင်း ဖော်ထုတ်လို့ရပါပြီ။ ဒါပေမယ့် ယာဉ်သွားလာနိုင်တဲ့ လမ်းကြီးဖြစ်အောင်တော့ လမ်းအူကြောင်းကို တိုင်းထွာပုံထုတ်ပြီးတော့ ဒီပွင့်လင်းရာသီမှာ ကျောက်ချောလမ်းအဆင့်ထိရောက်အောင် အချောသတ် ဆောင်ရွက်ဖို့ ရှိပါတယ်။

**မေး ။ မေယုတောင်ကျော်လမ်းတွေ ဖောက်လုပ်မှုနဲ့ပတ်သက်ပြီး ဘာများဖြည့်စွက်ပြောကြားစရာ ရှိပါသလဲ။**

ဖြေ ။ မေယုတောင်ကျော်လမ်း နှစ်လမ်းကတော့ စစ်တွေခရိုင် ရသေ့တောင်မြို့နယ်၊ မောင်တောခရိုင် မောင်တောမြို့နယ်နဲ့ ဘူးသီးတောင်မြို့နယ် မြို့နယ်သုံးခုကို ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုပြီး တိုင်းရင်းသားတွေရဲ့ စီးပွားရေး လူမှုရေးတွေအတွက် အထောက်အကူပြုနိုင်မယ့် လမ်းတွေ ဖြစ်လာမှာပါ။

အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း-သတင်းအဖွဲ့၊ ဓာတ်ပုံ-နေလင်း**

# မြေစာရင်းဦးစီးဌာနက တောင်သူတစ်ဦးချင်းပိုင်ဆိုင်မှု အမည်တွေနဲ့ စာရင်းဇယားပြုစုပြီး စိုက်ပျိုးရေးဌာနအနေနဲ့ ရိတ်သိမ်းချိန်သင့်တဲ့စပါးတွေ လေလွင့်ဆုံးရှုံးမှုမရှိအောင် အကြံပေးပါတယ်



ဦးကျော်လွင်



ဦးခင်ဇော်အုန်း



ဦးသိန်းဝေ



ဦးမောင်မောင်ကျော်ဝင်း

**“ကျွန်တော်တို့ ပြသတဲ့ ရိတ်သိမ်းသူမဲ့ လယ်မြေတွေမှာ စက်မှုလယ်ယာကနေ ရိတ်သိမ်းတယ်၊ ရိတ်သိမ်း ပြီးတဲ့အချိန်မှာ ဦးပိုင်အလိုက် တစ်ကွင်းချင်း၊ တစ်ဦးချင်း စာရင်းတွေပြုစုပြီး အထွက်နှုန်း၊ အထွက်တွေကို စာရင်းပြုစုပေးတယ်၊ ကျွန်တော်တို့က မြေခွန်စည်းကြပ်ထားတဲ့အတွက် အမည်ပေါက် စာရင်းတွေရှိတယ်၊ အဲ့ဒါတွေကြည့်ပြီး ဘယ်သူက ဘယ်လောက် ပိုင်တယ်ဆိုတဲ့ စာရင်းရှိပါတယ်၊ အဲ့ဒီအပေါ်မှာ ရိတ်သိမ်းပြီးတာနဲ့ မြေကွက် တစ်ကွက်ချင်းအလိုက် ဦးပိုင်အလိုက် မှတ်တမ်းတင်ပါတယ်”**

မောင်တောဒေသရှိ ရိတ်သိမ်းသူမဲ့ ရင့်မှည့်နေသော မိုးစပါးများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနက ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရ အကူအညီများ၊ ဆက်စပ်လျက်ရှိသည့် ဦးစီးဌာနနှင့် အုပ်ချုပ်ရေး အဖွဲ့အစည်းများ၏ အကူအညီကိုရယူ၍ ရိတ်သိမ်းလျက်ရှိသည်။

ယင်းသို့ ရိတ်သိမ်းပေးလျက်ရှိရာတွင် မောင်တောဒေသရှိ မြို့သူကြီး၊ အုန်းတော၊ အလယ်သံကျော်၊ ကျောင်းတောင်၊ ကံဖူး၊ နွားရုံတောင်နှင့် သန်ဒါကျေးရွာ အစု ခုနစ်ဖွဲ့ခွဲ၍ စက်အင်အား ၃၂စီးဖြင့် ရိတ်သိမ်းလျက်ရှိသည်။ ယင်းသို့ ရိတ်သိမ်းရာတွင် နိုဝင်ဘာ ၁၀ ရက်အထိ ခန့်မှန်း ၁၂၆၁ ဒသမ ၁၉ ဧက ရိတ်သိမ်းထားပြီး စပါးတင်းပေါင်း ၄၉၀၀၀ ထွက်ရှိကြောင်း စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။ မောင်တောဒေသတွင် ယခုနှစ်၌ စပါးစိုက်ဧက ခုနစ်သောင်းကျော်ခန့် စိုက်ပျိုးထားသည်။

အဆိုပါစပါးများ လေလွင့်မှုမရှိစေရန် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည့် ပြည်နယ်အစိုးရနှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများအား သတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည် -

**ဦးကျော်လွင်**
**ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး**

**မေး။ ။ အခုရိတ်သိမ်းပြီးတဲ့ စပါးတွေကို ဘယ်လိုလက်ခံမလဲ ဆိုတာလေး သိလိုပါတယ်။**

ဖြေ။ ။ ကျွန်တော်တို့ အဲ့ဒီအတွက် အဖွဲ့တွေ ဖွဲ့ထားပါတယ်၊ စက်မှုလယ်ယာကတော့ စပါးတွေရိတ်သိမ်းတယ်၊ စိုက်ပျိုးရေးဦးစီးဌာနက ဒါတွေကို တာဝန်ယူပြီး လက်ခံတယ်၊ လက်ခံပြီးတော့ ကျွန်တော်တို့က စုပုံတဲ့စနစ်နဲ့ တိုင်းရင်းသားလုပ်ငန်းရှင်တွေကို ပြန်ရောင်းမှာပါ၊ ရောင်းချမယ့် ပုံစံကတော့ ဝန်ကြီးချုပ် မောင်တောကိုလာတဲ့ ခရီးစဉ်မှာ ဆောင်ရွက်ခဲ့ပြီးပါပြီ။

**မေး ။ ။ စပါးတွေကို ပြန်လည်လက်ခံတဲ့ အဖွဲ့အစည်းမှာ ဘယ်သူတွေပါမလဲ ခင်ဗျာ။**

ဖြေ။ ။ စပါးတွေ လက်ခံမယ့် နေရာခုနစ်နေရာမှာ အဖွဲ့ ခုနစ်ဖွဲ့ ထားမယ်၊ အဓိက ပါဝင်တဲ့ ဌာနတွေက စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ နောက်စီမံခန့်ခွဲရေးအဖွဲ့တွေ ပါမယ်၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးဌာနကသူတွေ ပါပါမယ်၊ ကျန်တဲ့ ဌာနတွေကလည်း ပေါင်းစပ်ညှိနှိုင်းပြီး ဝိုင်းဝန်းကူညီကြပါတယ်။

**မေး ။ ။ ပိုင်ရှင်မဲ့ စပါးတွေကို ရောင်းချမယ်ဆိုတော့ ဘယ်လို ပုံစံမျိုး ရောင်းမှာပါလဲ။**

ဖြေ။ ။ ဒါ ပိုင်ရှင်မဲ့စပါးတွေ မဟုတ်ဘူး၊ အမှည့်လွန်ပြီး ပျက်စီးတော့မယ့် ရိတ်သိမ်းသူမဲ့ စပါးတွေပါ၊ အဲ့ဒါတွေကို ပြည်ထောင်စုအစိုးရအဖွဲ့က ဝယ်ယူပေးတဲ့ ရိတ်သိမ်း ခြွေလှေ့စက်တွေရယ်၊ ကျွန်တော်တို့ ရခိုင်ပြည်နယ်အစိုးရက ပြည်နယ်ရန်ပုံငွေနဲ့ ဝယ်ယူတဲ့ စက်တွေရယ်နဲ့ ရိတ်သိမ်းနေတာပါ၊ ရိတ်သိမ်းသူမရှိတဲ့စပါးတွေ အလေအလွင့်မရှိအောင် ကျွန်တော်တို့ အစိုးရအဖွဲ့က ကူညီပြီး ရိတ်သိမ်းပေးတာပါ၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ရိတ်သိမ်းပြီးတဲ့ စပါးတွေကို ထိန်းသိမ်းဖို့ ကျွန်တော်တို့မှာ အခက်အခဲရှိတယ်၊ ဒါကြောင့် ရိတ်သိမ်းပြီးတာနဲ့ အဲ့ဒီစပါးတွေကို ပြန်ပြီးတော့ ရောင်းမယ်၊ စပါးရောင်းချပြီးလို့ ရတဲ့ငွေတွေကို ဘဏ်အကောင့်တစ်ခုနဲ့ ငွေစာရင်း ဖွင့်လှစ်ပြီး ထိန်းသိမ်းထားမယ်၊ ကျွန်တော်တို့က ပြည်ထောင်စုအစိုးရနဲ့ ပေါင်းပြီးတော့ မောင်တောဒေသက လေလွင့်ပျက်စီးတော့မယ့် စပါးတွေကို အကောင်းဆုံးဖြစ်အောင် ကူညီပြီး ရိတ်သိမ်းပေးနေတာပါ၊ စနစ်တကျ ရိတ်သိမ်း၊ ရောင်းချပြီး ရောင်းချလို့ရတာတွေကို ဘဏ်စာရင်းတစ်ခုဖွင့်ပြီး ထားရှိသွားမယ်။

**ဦးခင်ဇော်အုန်း (ဦးစီးအရာရှိ)**
**စက်မှုလယ်ယာဦးစီးဌာန**

**မေး ။ ။ စပါးတွေရိတ်သိမ်းဖို့အတွက် ဘယ်ဌာနတွေနဲ့ ပူးပေါင်း ဆောင်ရွက်နေတယ်ဆိုတာ သိပါရစေ။**



မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာ၌ ရိတ်သိမ်းပြီးစပါးများကို တွေ့ရစဉ်။

ဖြေ။ ။ လုပ်ငန်းကဏ္ဍဆက်စပ်မှု အပိုင်းကတော့ ရင့်မှည့်ချိန်လွန်ပြီးတော့ လေလွင့်ဆုံးရှုံးတော့မယ့် စပါးတွေကို စပါးခြွေလှေ့စက်နဲ့ ရိတ်ပါတယ်၊ ရိတ်ပြီးစပါးတွေကို လှန်းတဲ့နေရာ၊ သိုလှောင်တဲ့နေရာတွေကို သက်ဆိုင်ရာ ခရိုင်ထွေ/အုပ်ရဲ့ ဦးဆောင်မှုနဲ့ သယ်ပို့ပါတယ်၊ သယ်ပို့ပြီး စပါးလှန်းတဲ့စုရပ်တွေရှိပါတယ်၊ အလယ်သံကျော်ရှိမယ်၊ ကျောင်းတောင်မှာ ရှိမယ်။ အဲ့ဒီနေရာတွေကို ရိတ်သိမ်းပြီး စပါးတွေပို့ပေးပါတယ်၊ အဲ့ဒီမှာ စိုက်ပျိုးရေးဦးစီးဌာနကနေပြီးတော့ လက်ခံပြီးတော့ စပါးတွေ လှန်းတယ်၊ သိုလှောင်တယ်၊ မြေစာရင်းဦးစီးဌာနကတော့ စပါးရိတ်သိမ်းမယ့်ကွင်းတွေကို ဥပမာ - ဒီကွင်းကတော့ဖြင့် တောင်သူ ဘယ်နှဦးရှိတယ်၊ ဦးပိုင် ဘယ်သူတွေပါတယ်၊ တိကျတဲ့ စာရင်းဇယား၊ တောင်သူတစ်ဦးချင်းပိုင်ဆိုင်မှု၊ တစ်ဦးချင်း အမည်တွေနဲ့ စာရင်းဇယားပြုစုပြီးတော့ လုပ်ငန်းပူးပေါင်း ဆောင်ရွက်ကြပါတယ်၊ စိုက်ပျိုးရေးဌာနအနေနဲ့ ရိတ်သိမ်းတဲ့နေရာမှာ ရိတ်သိမ်းချိန်သင့်နေတဲ့စပါးတွေ တတ်နိုင်သလောက် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဒါတော့ ဆုံးရှုံးတော့မယ်၊ ဒါတော့ အမြန်ရိတ်ဖို့ လိုတယ်ဆိုတာမျိုး အကြံပေးပါတယ်။

**မေး ။ ။ ပိုင်ရှင်မဲ့စပါးတွေ အဓိကရိတ်သိမ်းရတဲ့ ရည်ရွယ်ချက်ကို သိပါရစေ။**

ဖြေ ။ ။ လက်ရှိစိုက်ပျိုးပြီးသားစပါးတွေ ရိတ်သိမ်းချိန်တန်နေပြီ၊ အချိန်လည်းလွန်နေပြီ၊ တချို့နေရာတွေမှာ ရိတ်သိမ်းချိန်လွန်သွားတဲ့အတွက် ဆုံးရှုံးသွားတဲ့စပါးတွေရှိတယ်၊ တချို့ စပါးခင်းတွေ ကျွဲ ၊ နွားတွေဝင်စားတဲ့အတွက် ဆုံးရှုံးသွားတဲ့ စပါးတွေရှိတယ်၊ ဒါတွေကို တတ်နိုင်သလောက် ဆုံးရှုံးမှုမဖြစ်အောင် ဌာနအနေနဲ့ ပြည်ထောင်စုဝန်ကြီးရဲ့လမ်းညွှန်ချက်နဲ့ ကိုယ်အားရှိသလောက်၊ စက်ရဲ့အင်အားရှိသလောက်၊ တတ်နိုင်သလောက် ရိတ်သိမ်းပေးပါမယ်။

**မေး။ ။ စပါးရိတ်သိမ်းရာမှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေ ရှိရင်လည်း ပြောပြပေးပါ။**

ဖြေ ။ ။ အချိန်အခါမဲ့မိုးက သတိထားရပါတယ်၊ ပြီးခဲ့တဲ့ရက်က လုပ်ငန်းမတွင်ကျယ်ဘူး၊ မိုးရွာလိုက်တဲ့အတွက် မိုးစိုပြီးသား စပါးကို စက်နဲ့ချက်ချင်းရိတ်လို့မရပါဘူး၊ မိုးရွာလိုက်တဲ့အတွက် အစိုဓာတ်ရှိနေတဲ့လယ်ကို စက်တွေနဲ့ဝင်ရိတ်တဲ့အခါ မြေကျွံတာကြောင့် အချိန်မီ မရိတ်သိမ်းနိုင်တာတွေ ရှိပါတယ်၊ တစ်နေ့ကို စက်က တစ်စီးကို ငါးဧကရိတ်မယ်ဆိုရင် မိုးရွာထားပြီး အစိုဓာတ်ရှိတဲ့မြေကို တစ်နေ့ကိုသတ်မှတ်ထားတဲ့ ဧကရအောင် မရိတ်နိုင်တာတွေရှိနေပါတယ်၊ ဒါက ရာသီဥတုရဲ့အခြေအနေပါ။

**မေး ။ ။ ဘာများဖြည့်စွက်ပြောကြားဖို့ ရှိပါသလဲ။**

ဖြေ။ ။ ဒီမှာက လုပ်သားအင်အား ရှားပါးပါတယ်၊ လုပ်သားအင်အားရှားပါးတဲ့အတွက် ရိတ်သိမ်းချိန်တိုင်ရဲ့သားနဲ့ မရိတ်သိမ်းနိုင်ခဲ့တဲ့ စပါးတွေ မြေကြီးပေါ် အလဟဿ ကြွေသွားမယ်၊ လေလွင့်သွားမယ်၊ အညှောက်ပေါက်သွားမယ်၊ ဒါဆိုရင် ပိုင်ဆိုင်တဲ့ပိုင်ရှင်အနေနဲ့ရော နိုင်ငံတော်အနေနဲ့ပါ အများကြီးဆုံးရှုံးမှုဖြစ်မှာပါ၊ အဲ့ဒါကြောင့် ကျွန်တော်တို့ဌာနအနေနဲ့ စက်အင်အား၊ လူအင်အားတွေနဲ့ အတတ်နိုင်ဆုံး ရိတ်သိမ်းနိုင်သလောက် ရိတ်သိမ်းသွားမှာပါ။

**ဦးသိန်းဝေ**
**စိုက်ပျိုးရေးဦးစီးဌာန (မြို့နယ်စိုက်ပျိုးရေးမှူး)**

**မေး။ ။ အခုရိတ်သိမ်းနေတဲ့ စပါးနဲ့ပတ်သက်ပြီး စိုက်ပျိုးရေးဦးစီးဌာနက ပူးပေါင်းပါဝင် ဆောင်ရွက်မှုကို သိချင်ပါတယ်။**

ဖြေ။ ။ ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ရိတ်သိမ်းပြီး ရရှိလာတဲ့ စပါးတွေကို ကျယ်ကျယ်ဝန်းဝန်းရှိတဲ့ နေရာမျိုး (အလယ်သံကျော်ဆိုရင် ဘောလုံးကွင်းလိုနေရာမျိုး) မှာ နေလှန်း အခြောက်ခံတယ်၊ အခြောက်ခံပြီးတဲ့ စပါးတွေကို သင့်တင့်တဲ့ နီးစပ်ရာနေရာမှာ စုပုံထားပါတယ်၊ အခုအချိန်မှာတော့ စပါးလှန်းတဲ့ အဆင့်မှာပဲ ရှိပါသေးတယ်။

**မေး။ ။ စပါးတွေကို ဘယ်လိုအချိန်မှာ ရိတ်သိမ်းသင့်တယ်၊ နောက် စပါးတွေက ဘယ်လိုအခြေအနေမှာ ပျက်စီးမှု အန္တရာယ်ကြုံလာနိုင်ပါသလဲ။**

ဖြေ။ ။ နှစ်တိုင်းဆိုရင်တော့ နိုဝင်ဘာလဆို စပါးတော်တော်များများ ရိတ်သိမ်းပြီးဖြစ်ပါတယ်၊ အခုအချိန်အထိတော့ စပါးက နောက်ကျစိုက်တဲ့အတွက် ရိတ်လို့ကောင်းမွန်နေသေးတဲ့ အခြေအနေမှာ ရှိတယ်၊ ဒီဇင်ဘာလအထိ ရိတ်နိုင်တဲ့ အခြေအနေမှာ ရှိပါတယ်၊ ပဋိပက္ခဖြစ်တုန်းက စပါးခင်းတွေမှာ နွားတွေ ဝင်စားလို့ ပျက်စီးတာတွေလည်းရှိပါတယ်။

**မေး။ ။ ဘယ်လိုပုံစံမျိုး ပူးပေါင်းပါဝင် ဆောင်ရွက်နေပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့က စက်မှုလယ်ယာက ရိတ်သိမ်းပြီး စပါးတွေကို လှန်းမယ့်နေရာအထိ ပို့ပေးမယ်၊ ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနက စပါးလှန်းတာနဲ့ နီးစပ်ရာမှာ သိုလှောင်နိုင်တဲ့အထိ ဆောင်ရွက်ပါမယ်၊ လက်ရှိမှာတော့ ပိတ်ထားတဲ့ ကျောင်းတွေမှာ သိုလှောင်ဖို့စီစဉ်ထားပါတယ်၊ အဓိကက အလယ်သံကျော် အခြေခံပညာအထက်တန်းကျောင်းမှာ စုပုံပါတယ်။

**မေး။ ။ အချို့ပျက်စီးနေတဲ့ စပါးခင်းတွေ တွေ့ရပါတယ်၊ ဘာကြောင့်လဲ။**

ဖြေ။ ။ ဟုတ်ပါတယ်၊ ကျွန်တော်လည်းတွေ့ပါတယ်၊ စောစောရိတ်ရမယ့်နေရာမှာ မရိတ်တော့ ဆားငန်ငွေ့ရိုက်တာ၊ ရိတ်သိမ်းချိန်လွန်လို့ ပျက်စီးသွားတာပါ၊ ရာသီဥတုကောင်းနေချိန်မှာတော့ စုပုံထားတဲ့ စပါးတွေကို ရှိတဲ့ တာလပတ်စတွေ အုပ်ထားတယ်၊ မိုးလေဝသအခြေအနေသာ တစ်ခုခုဖြစ်ရင် အနှောင့်အယှက်ဖြစ်မှာပါ၊ ဒါပေမယ့် ကျွန်တော်တို့ကတော့ ရိတ်သိမ်းပြီးသားစပါးတွေ အမိုးအကာအောက်ကို ကောင်းကောင်းမွန်မွန် ရောက်ရှိအောင် ဦးစားပေး ဆောင်ရွက်ပါမယ်။

**ဦးမောင်မောင်ကျော်ဝင်း (ဌာနမှူး)**
**လယ်ယာမြေစီမံခန့်ခွဲမှုနှင့် မြေစာရင်းဦးစီးဌာန၊ မောင်တောမြို့**

**မေး။ ။ လယ်ယာမြေစီမံခန့်ခွဲမှုနှင့်မြေစာရင်းဦးစီးဌာနအနေနဲ့ အခုလို ရင့်မှည့်နေတဲ့ ရိတ်သိမ်းသူမဲ့ စပါးတွေ ရိတ်သိမ်းနေမှုအပေါ် ဘယ်လိုများ ပူးပေါင်းပါဝင်ပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့ ဌာနအနေနဲ့ ရိတ်သိမ်းသူမဲ့ စပါးတွေနဲ့ တိုင်းရင်းသားလယ်တွေကို ခွဲခြားပြသတယ်၊ ကျွန်တော်တို့ ပြသတဲ့ ရိတ်သိမ်းသူမဲ့လယ်မြေတွေမှာ စက်မှုလယ်ယာကနေ ရိတ်သိမ်းတယ်၊ ရိတ်သိမ်းပြီးတဲ့ အချိန်မှာ ဦးပိုင်အလိုက် တစ်ကွင်းချင်း၊ တစ်ဦးချင်း စာရင်းတွေပြုစုပြီး အထွက်နှုန်း၊ အထွက်တွေကို စာရင်းပြုစုပေးတယ်၊ ကျွန်တော်တို့က မြေခွန်စည်းကြပ်ထားတဲ့အတွက် အမည်ပေါက်စာရင်းတွေရှိတယ်၊ အဲ့ဒါတွေကြည့်ပြီး ဘယ်သူက ဘယ်လောက်ပိုင်တယ်ဆိုတဲ့ စာရင်းရှိပါတယ်၊ အဲ့ဒီအပေါ်မှာ ရိတ်သိမ်းပြီးတာနဲ့ မြေကွက်တစ်ကွက်ချင်းအလိုက်၊ ဦးပိုင်အလိုက် မှတ်တမ်းတင်ပါတယ်။

**မေး။ ။ ပျက်စီးဆုံးရှုံးတဲ့ စပါးတွေ၊ ရိတ်သိမ်းခြင်း မပြုနိုင်တဲ့ စပါးတွေကို ဘယ်လိုမျိုး မှတ်တမ်းတင်ပါသလဲ။**

ဖြေ။ ။ ဒါက ကျွန်တော်တို့အနေနဲ့ ရိတ်သိမ်းပြီးစီးတဲ့ စပါးအပေါ်မှာပဲ ရိတ်သိမ်းတာကို စာရင်းကောက်လိုက်ရင် ကျန်တာက မရိတ်နိုင်တာနဲ့ ပျက်စီးတာပါ။

**မေး။ ။ တိုင်းရင်းသားလယ်တွေကော ရိတ်သိမ်းပေးပါသလား။**

ဖြေ။ ။ ရိတ်သိမ်းသူမဲ့ စပါးတွေပဲ ဦးစားပေးရိတ်နေတာပါ၊ ပိုင်ရှင်ရှိတာကိုတော့ ကျွန်တော်တို့ မရိတ်သိမ်းပေးပါဘူး။

**တွေ့ဆုံမေးမြန်း-သတင်းအဖွဲ့၊ ဓာတ်ပုံ-ဖိုးထောင်**

**“မြေစာရင်းဦးစီးဌာနကတော့ စပါးရိတ်သိမ်းမယ့် ကွင်းတွေကို ဥပမာ-ဒီကွင်းကတော့ဖြင့် တောင်သူ ဘယ်နှဦးရှိတယ်၊ ဦးပိုင် ဘယ်သူတွေပါတယ်၊ တိကျတဲ့စာရင်းဇယား၊ တောင်သူတစ်ဦးချင်းပိုင်ဆိုင်မှု၊ တစ်ဦးချင်း အမည်တွေနဲ့ စာရင်းဇယားပြုစုပြီးတော့ လုပ်ငန်းပူးပေါင်းဆောင်ရွက်ကြပါတယ်၊ စိုက်ပျိုးရေးဌာနအနေနဲ့ ရိတ်သိမ်းတဲ့နေရာမှာ ရိတ်သိမ်းချိန်သင့်နေတဲ့စပါးတွေ တတ်နိုင်သလောက် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဒါတော့ ဆုံးရှုံးတော့မယ်၊ ဒါတော့ အမြန်ရိတ်ဖို့ လိုတယ်ဆိုတာမျိုး အကြံပေးပါတယ်”**

# ပညာတတ်တဲ့သူတွေ များလာတော့ နယ်မြေတည်ငြိမ်အေးချမ်းလာမယ်လို့ ယုံကြည် မျှော်လင့်မိပါတယ်

ပါမောက္ခချုပ် ဒေါက်တာ ဝင်းနိုင်


ပါမောက္ခချုပ် ဒေါက်တာ ဝင်းနိုင်


ဒေါက်တာ သိန်းဝင်း


ဒေါ်မိုးမိုးအောင်


ဇော်ထက်အောင်


ဌေးဌေးမြင့်


မောင်မောင်လှ

**ရခိုင်ပြည်နယ်၌ အဆင့်မြင့်ပညာ သင်ကြားနေသည့် ကျောင်းသား ကျောင်းသူများတိုးပွားလာမှုကြောင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာသင်ဆောင်များ၊ ကျောင်းသားအိပ်ဆောင်များနှင့် ဝန်ထမ်းအိမ်ရာများကို လာမည့်ဘဏ္ဍာရေးနှစ်များ၌ တိုးချဲ့တောင်းခံသွားမည်ဖြစ်ကြောင်း အဆင့်မြင့်ပညာဦးစီးဌာနမှ သိရသည်။**

ရန်ကုန်အဝေးသင်တက္ကသိုလ် (စစ်တွေဌာနခွဲ)တွင် ၂၀၁၇ ပညာသင်နှစ်အတွက် အနီးကပ် သင်တန်းများနှင့် အတန်းတင်စာမေးပွဲများကို ကျင်းပလျက်ရှိရာ ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ပထမအသုတ်ကို လည်းကောင်း၊ အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ဒုတိယအသုတ်နှင့် တတိယအသုတ်တို့ကိုလည်းကောင်း ကျင်းပ စစ်ဆေးသွားမည်ဖြစ်သည်။

"ရခိုင်ပြည်နယ်မှာ အဝေးသင်တက္ကသိုလ် တတိယအသုတ်ကို စစ်တွေတက္ကသိုလ်နဲ့ တောင်ကုတ် ဒီဂရီကောလိပ်တို့မှာ သင်ကြားပို့ချလျက် ရှိပါတယ်၊ ဘာသာရပ်အနေနဲ့ မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာနဲ့ စီးပွားစီမံပညာ ဘာသာရပ်တွေဖြစ်ပါတယ်၊ ကျောင်းသား ကျောင်းသူတွေကတော့ ပထမနှစ်ကနေ စတုတ္ထနှစ်အထိ ရှိပါတယ်၊ ဒီ တတိယအသုတ်မှာဆိုရင် စစ်တွေတက္ကသိုလ်မှာ ကျောင်းသား ကျောင်းသူ ၉၅၂၅ ဦး ရှိပြီးတော့ တောင်ကုတ်ဒီဂရီကောလိပ်မှာ ၅၄၈၈ ဦး ရှိပါတယ်၊ စစ်တွေတက္ကသိုလ်နဲ့ တောင်ကုတ်ဒီဂရီ ကောလိပ်တို့မှ အစ္စလာမ်ဘာသာဝင် ကျောင်းသား ကျောင်းသူတွေကို စာစစ်ဌာန နှစ်ခုခွဲပြီးတော့ သင်ကြားနေပါတယ်။

### ဘာသာရပ်အလိုက် သင်ကြားပို့ချ

တောင်ကုတ်ဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူတွေကို သံတွဲမြို့မှာ အဝေးသင်ဌာနတစ်ခု ဖွင့်ပြီးတော့ ရခိုင်ပြည်နယ်တောင်ပိုင်းက အစ္စလာမ်ဘာသာဝင် ကျောင်းသား ကျောင်းသူတွေကို သင်ကြားပေးနေပါတယ်၊ ဒီဘက် ရခိုင်ပြည်နယ် မြောက်ပိုင်းက အစ္စလာမ်ဘာသာဝင် ကျောင်းသား ကျောင်းသူတွေအတွက်ကတော့ စစ်တွေမြို့နယ် သက္ကယ်ပြင် အခြေခံပညာအထက်တန်းကျောင်းမှာ သင်ကြားပို့ချပေးနေပါတယ်၊ ကျွန်တော်တို့ သံတွဲ အဝေးသင်ဌာနခွဲမှာ မြန်မာစာ၊ သမိုင်းနဲ့ စီးပွားရေးပညာ ဘာသာရပ်တွေမှာ ပထမနှစ်ကနေ စတုတ္ထနှစ်အထိ ကျောင်းသား ကျောင်းသူ ၅၇ ဦး ရှိပါတယ်၊ အဲဒီမှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေကို စစ်တွေတက္ကသိုလ်နဲ့ တောင်ကုတ်ဒီဂရီကောလိပ်တို့မှ ဆရာ ဆရာမတွေက သက်ဆိုင်ရာ ဘာသာရပ်အလိုက် သင်ကြား ပို့ချပေးကြပါတယ်၊ ဒီဘက်သက္ကယ်ပြင် အခြေခံပညာအထက်တန်းကျောင်းမှာတော့ မြန်မာစာနဲ့ သမိုင်းဘာသာ နှစ်ခုပဲရှိပါတယ်၊ မြန်မာစာ တက်ရောက်သင်ကြားတာ ခုနစ်ဦးရှိပြီး သမိုင်းကတော့ တစ်ဦးပဲရှိပါတယ်၊ စစ်တွေတက္ကသိုလ်မှာလည်း ကျောင်းသား ကျောင်းသူတွေက များတယ်၊ တန်းခွဲတွေများတယ်။

နောက်ပြီးတော့ ဒီက ဆရာ ဆရာမတွေကိုလည်း သံတွဲဌာနခွဲကို ပို့ထားရတော့ ရန်ကုန်တိုင်းဒေသကြီးမှာ ရှိတဲ့ တက္ကသိုလ်ကျောင်း အသီးသီးက ဆရာ ဆရာမတွေက ဘာသာရပ်အလိုက် ဒီသက္ကယ်ပြင်ကျောင်းမှာ လာရောက်သင်ကြားပေးရတာ ဖြစ်ပါတယ်၊ ကျွန်တော်က အခု စစ်တွေတက္ကသိုလ်မှာ အဝေးသင်တက်နေတဲ့ ကျောင်းသား ကျောင်းသူတွေနဲ့ သက္ကယ်ပြင်ကျောင်းမှာ တက်နေတဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ ပညာသင်ကြားမှု အခြေအနေတွေကို လာရောက်ကြည့်ရှုတာဖြစ်ပါတယ်၊ စစ်တွေတက္ကသိုလ် ပါမောက္ခချုပ်ကို မေးကြည့်တော့ လက်ရှိမှာ အဆင်ပြေနေပါတယ်၊ ပြည်နယ်အစိုးရကလည်း ကူညီပံ့ပိုးမှုတွေ လုပ်ပေးပါတယ်၊ ကျွန်တော်တို့ဘက်ကလည်း ဒီ ဆရာ ဆရာမတွေရဲ့ သွားလာရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကားလေးစီး ပေးထားပါတယ်၊ အဲဒါတွေနဲ့ ဆရာ ဆရာမတွေရဲ့ သွားလာရေးနဲ့ သင်ကြားရေးတွေမှာ အဆင်ပြေအောင် ဆောင်ရွက်ပေးနေပါတယ်။

အရင်ကတော့ ဒီ အစ္စလာမ်ဘာသာဝင် ကျောင်းသား ကျောင်းသူတွေက စစ်တွေတက္ကသိုလ်မှာ တက်ရောက်တဲ့အခါ အခက်အခဲတွေ ရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့က သူတို့ရဲ့ ပညာရေး နစ်နာဆုံးရှုံးမှုမရှိအောင်၊ သူတို့တွေလည်း ပညာသင်လို့ရအောင် အဝေးသင်ဌာနခွဲလေး တစ်ခုကို စီစဉ်ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်၊ ဒါပေမယ့် သံတွဲခရိုင်ကကျတော့ ပြီးခဲ့တဲ့ သုံးနှစ်လောက်ကတည်းက စတင်အကောင်အထည်ဖော်နေပါပြီ၊ သူတို့ဘက်ကလည်း ဒီပညာရေးကို နစ်နာမှုမရှိအောင် သာတူညီမျှ ဖြစ်ဖို့အတွက် ရှေ့ဆက်ပြီး တက်ရောက် သင်ကြားသွားမယ်ဆိုရင် ကျွန်တော်တို့ဘက်က ဒီ့ထက်ကောင်းမွန်တဲ့ အခြေအနေတစ်ခုကို ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်၊ ဒီ ရခိုင်ပြည်နယ်မှာက နှစ်စဉ် တက္ကသိုလ်ဝင်တန်း အောင်မြင်မှုတွေ များလာတာနဲ့အမျှ တက္ကသိုလ်ကျောင်းတွေမှာ လိုအပ်ချက်တွေ များလာတယ်၊ နောက်ပြီးတော့ နေ့တက် ကျောင်းသားတွေထက် အဝေးသင်ကျောင်းသားတွေက ပိုများလာတာကို တွေ့ရတယ်။

အဝေးသင်ကျောင်းသားတွေ ကျောင်းလာတက်တဲ့အခါ စာသင်ဆောင်တို့၊ အိပ်ဆောင်တို့ လိုအပ်ချက်တွေ တွေ့ရပါတယ်၊ ဒါတွေကို လာမယ့် ဘဏ္ဍာရေးနှစ်တွေမှာ နိုင်ငံတော်ရဲ့ ဘတ်ဂျက်ပံ့ပိုးမှုအပေါ် မူတည်ပြီးတော့ ရသလောက် ရခိုင်ပြည်နယ် တိုးတက်ဖွံ့ဖြိုးရေးအတွက် စာသင်ခန်းတွေ၊ ကျောင်းသား အိပ်ဆောင်တွေ၊ ဝန်ထမ်းအိမ်ရာတွေကို ဖြည့်ဆည်းသွားပါမယ်"ဟု အဆင့်မြင့်ပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက ပြောသည်။

### တက္ကသိုလ်ပညာကို သင်ခွင့်ရ

စစ်တွေမြို့နယ် သက္ကယ်ပြင် အဝေးသင်ဌာနခွဲတွင် မြန်မာစာ အထူးပြုဘာသာရပ်ဖြင့် ပထမနှစ် သင်ကြားနေသည့် စစ်တွေမြို့နယ် သဲချောင်း ကယ်ဆယ်ရေးစခန်းမှ မောင်ဇော်ထက်အောင်က "ကျွန်တော်တို့ကို ဒီမှာလာပြီးတော့ စာသင်ပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်၊ အစကတော့ တက္ကသိုလ်ပညာကို မသင်ရတော့ဘူးပေါ့၊ ဒါပေမယ့် အခု ဒီမှာလာပြီး ဆရာ ဆရာမတွေက သင်ကြားပေးတော့ ဝမ်းသာပါတယ်၊ ကျွန်တော် တက္ကသိုလ်ပညာကို သင်ခွင့်ရပြီဆိုပြီး အလွန်ပျော်ရွှင်နေမိပါတယ်၊ ဆရာ ဆရာမတွေက ဂရုတစိုက် သင်ပေးကြပါတယ်၊ ဒါကြောင့် ဆရာ ဆရာမတွေနဲ့ ပညာသင်ကြားခွင့်ရအောင် ကူညီပေးကြတဲ့ သူတွေကို ကျေးဇူးတင်ပါတယ်၊ အခု ကျွန်တော်တို့ တက္ကသိုလ်တက်လို့ရနေကြပါပြီ၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ထားတဲ့ ကျွန်တော်တို့ ညီတွေ၊ အစ်ကိုတွေ၊ အစ်မတွေလည်း တက္ကသိုလ်တက်ရောက်ခွင့် လျှောက်ထားပြီး တက္ကသိုလ်ပညာကို သင်ကြားကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။

စစ်တွေမြို့နယ် အုန်းတောကြီး ကယ်ဆယ်ရေးစခန်း၌ နေထိုင်ပြီး မြန်မာစာ အထူးပြုဘာသာဖြင့် ပထမနှစ် သင်ယူနေသည့် မဌေးဌေးမြင့်က "ကျွန်မတို့နေတဲ့ နေရာမှာ ဒီလို သင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျွန်မတို့က စာမသင်ရတာ ကြာပါပြီ၊ အခုလို တက္ကသိုလ်ပညာကို သင်ကြားရမယ်လို့လည်း မထင်ထားခဲ့ပါဘူး၊ ဘွဲ့ရပြီးသွားရင်တော့ ဒီမှာရှိတဲ့ အခြေခံပညာကျောင်းတွေမှာ ဆရာမအဖြစ် ဝင်ရောက်လုပ်ကိုင်လိုပါတယ်၊ တခြား ကျောင်းသား ကျောင်းသူတွေကိုလည်း အခုလို လွတ်လွတ်လပ်လပ် သင်ယူလို့ရတဲ့ အချိန်မှာ ဘွဲ့တစ်ခုကိုရရှိအောင် လာရောက် သင်ယူကြပါလို့ ပြောချင်ပါတယ်"ဟု ပြောသည်။

### အောင်မြင်မယ်လို့လည်း ယုံကြည်

စစ်တွေမြို့နယ် သက္ကယ်ပြင်ကျေးရွာမှ သမိုင်း အထူးပြုဘာသာဖြင့် ပထမနှစ် တက်ရောက်နေသည့် မောင်မောင်လှက "ကျွန်တော်ကတော့ ဒီအဝေးသင် ကျောင်းသားတွေထဲမှာ သမိုင်းဘာသာ တစ်ယောက်တည်းဆိုတော့ ဆရာနဲ့ အများဆုံး သင်ကြားရတာပေါ့၊ ဆရာတွေကလည်း စေတနာထားပြီး သင်ကြားပေးတော့ အောင်မြင်မယ်လို့လည်း ယုံကြည်ပါတယ်၊ ကျွန်တော်တို့ကို အခုလို စေတနာထားပြီး တက္ကသိုလ်ပညာကို သင်ကြားခွင့်ရအောင် စီစဉ် ဆောင်ရွက်ပေးတဲ့ တာဝန်ရှိတဲ့သူတွေ အားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

သက္ကယ်ပြင်အဝေးသင်ဌာနခွဲတွင် လာရောက် သင်ကြားပေးနေသော ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာဌာနမှ ဆရာမ ဒေါ်မိုးမိုးအောင်က "ဒီမှာက ကျောင်းသား ကျောင်းသူ စုစုပေါင်း ရှစ်ယောက်တည်းပါ၊ မြန်မာစာ ခုနစ်ယောက်နဲ့ သမိုင်း တစ်ယောက်ပေါ့၊ သူတို့တွေကို ပုံမှန် ကျောင်းချိန်အတိုင်း သင်ကြားပေးပါတယ်၊ တစ်ချိန်ကို မိနစ် ၅၀ နဲ့ မနက် ၈ နာရီကနေ မွန်းလွဲ ၁ နာရီအထိ သင်ကြားပေးပါတယ်၊ အခက်အခဲတော့ မရှိပါဘူး၊ ပုံမှန် ကျောင်းသားတွေလိုပဲ သင်ကြားပေးပါတယ်" ဟု ပြောသည်။

> **"တောင်ကုတ် ဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူတွေကို သံတွဲမြို့မှာ အဝေးသင်ဌာနတစ်ခု ဖွင့်ပြီးတော့ ရခိုင်ပြည်နယ်တောင်ပိုင်းက အစ္စလာမ်ဘာသာဝင် ကျောင်းသားကျောင်းသူတွေကို သင်ကြားပေးနေပါတယ်၊ ဒီဘက် ရခိုင်ပြည်နယ်မြောက်ပိုင်းက အစ္စလာမ်ဘာသာဝင် ကျောင်းသားကျောင်းသူတွေအတွက်ကတော့ စစ်တွေမြို့နယ် သက္ကယ်ပြင် အခြေခံပညာအထက်တန်းကျောင်းမှာ သင်ကြားပို့ချပေးနေပါတယ်"**

### ပိုပြီးတော့ ဖွံ့ဖြိုးတိုးတက်လာမယ်

"နိုင်ငံတော်အနေနဲ့ ရခိုင်ပြည်နယ်မှာ အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ဆောင်ရွက်နေတဲ့အချိန်မှာ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ဝိဇ္ဇာ၊ သိပ္ပံပညာရပ်တွေကို သင်ကြားပေးနေတဲ့ တက္ကသိုလ်နှင့် ဒီဂရီကောလိပ် နှစ်ခုရှိပါတယ်၊ အဲဒီမှာ ကျောင်းတက်ပြီး နေကြတဲ့သူတွေရှိသလို အခက်အခဲအမျိုးမျိုးကြောင့် ကျောင်းမတက်ရောက်နိုင်တဲ့ အစ္စလာမ်ဘာသာဝင် ကျောင်းသား ကျောင်းသူတွေအတွက် ယခုနှစ်မှာဆိုရင် စစ်တွေ သက္ကယ်ပြင်ရွာမှာ အနီးကပ်သင်တန်းနဲ့ စာမေးပွဲ စစ်ပေးမယ်၊ သံတွဲမြို့မှာ အနီးကပ်သင်တန်းနဲ့ စာမေးပွဲ စစ်ပေးမယ်၊ ဒါတွေက နှစ်နေရာခွဲပြီး အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနဲ့ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းတို့ရဲ့ ညွှန်ကြားမှု၊ ပြည်နယ်အစိုးရရဲ့ ပံ့ပိုးကူညီမှုနဲ့ ပူးပေါင်းပြီးတော့ အခုသက္ကယ်ပြင်ရွာမှာ ရန်ကုန်မြို့မှ တက္ကသိုလ်တွေက ဆရာ ဆရာမ ခုနစ်ဦးက အနီးကပ် ၁၀ ရက် သင်ကြားပို့ချပေးနေတာ ဖြစ်ပါတယ်၊ အခုဆိုရင် အစ္စလာမ်ဘာသာဝင် အဝေးသင် ကျောင်းသားတွေအတွက် နှစ်နေရာမှာ အဝေးသင် အနီးကပ်သင်တန်းတွေနဲ့ စာမေးပွဲတွေကို သင်ကြားပေးနေပါပြီ၊ နောက်ဆိုရင်လည်း တဖြည်းဖြည်းနဲ့ တက်ရောက်လာမယ့် ကျောင်းသားတွေ များလာမယ်၊ ဒီဒေသကလူတွေ ပိုပြီးတော့ အသိအမြင် ဗဟုသုတတွေ တိုးပွားလာမယ်၊ ပိုပြီးတော့ ဖွံ့ဖြိုးတိုးတက်လာမယ်၊ ပညာတတ်တဲ့သူတွေ များလာတော့ နယ်မြေ တည်ငြိမ်အေးချမ်းလာမယ်လို့ ယုံကြည် မျှော်လင့်မိပါတယ်"ဟု စစ်တွေတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းနိုင်က ပြောသည်။ **တင်ထွန်း (ပြန်/ဆက်)၊ ဓာတ်ပုံ- ကံထွန်း**


အဝေးသင်တက္ကသိုလ်တက်ရောက်မည့် ကျောင်းသား ကျောင်းသူများ သက်ဆိုင်ရာဘာသာရပ်အသီးသီးအတွက် သတ်မှတ်ပုံစံများ ဖြည့်သွင်းနေသည်ကို တွေ့ရစဉ်။

# ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ကသာမြို့ အထက(၁)၌ စည်ကားသိုက်မြိုက်စွာကျင်းပ

**ကသာ နိုဝင်ဘာ ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကသာခရိုင်ရုံးမှ ကြီးမှူးကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေနှင့် စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီတွင် ကသာမြို့ အထက(၁)၌ ကျင်းပသည်။

**ဖဲကြိုးဖြတ် ဖွင့်လှစ်**

ဖွင့်ပွဲအခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ဇော်ဝင်း၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြင့်၊ ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုံးနှင့် ကျောင်းသား ကျောင်းသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ကလေးစာပေပွဲတော်ကို ကသာမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက ကလေးစာပေပွဲတော် " Theme Song " သီချင်းဖြင့် တေးသရုပ်ဖော်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူလေးများက "တေးသီချင်း၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသည့် ကလေးစာပေပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးပြီး ကလေးငယ်များနှင့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

**နိုဝင်ဘာ ၁၃ ရက်အထိ ကျင်းပ**

ကသာမြို့ ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပွဲတော်ရက်အတွင်း ဖျော်ဖြေရေးအစီအစဉ်များ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ဂိမ်းကစားပွဲများ၊ ပန်းချီပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။



ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော်သို့ ကလေးငယ်များ စိတ်ပါဝင်စားစွာ လာရောက်ဆင်နွှဲကြစဉ်။ ဓာတ်ပုံ- လူအောင်(ကသာ)

**ကျော်ခဲ ( ပြန်/ဆက်)**

# ရွှေထည်ပစ္စည်းအတုများ လိမ်လည်ရောင်းချသူ ရှစ်ဦးအား အမှု ၁၁ မှုဖြင့် အရေးယူ

**ဘားအံ နိုဝင်ဘာ ၁၂**

ကရင်ပြည်နယ် ဘားအံမြို့နယ် တန် ၉၀၀ ဘိလပ်မြေစက်ရုံဝင်းအတွင်း ဖွင့်လှစ်ထားသည့် ဝင်းလက်လက်ရွှေဆိုင်သို့ ရွှေရည်စိမ်ရွှေအတုများ အကြိမ်ကြိမ်လာရောက် လိမ်လည်ရောင်းချနေမှုအား ဆိုင်ရှင်က မသင်္ကာသဖြင့် ရဲတပ်ဖွဲ့သို့ အကြောင်းကြား၍ ဖမ်းဆီးစစ်ဆေးရာမှ နိုဝင်ဘာ ၁၂ ရက်အထိ ပြစ်မှုကျူးလွန်သူ ရှစ်ဦးအား အမှု ၁၁ မှု ဖွင့်လှစ်၍ ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ဆိုင်ကို လာရောင်းတာတော့ အကြိမ်ရေဘယ်လောက်ရှိမှန်းတော့ သတိမထားမိဘူး၊ နိုဝင်ဘာ ၇ ရက်က ၁၅ ပဲရည်အလေးချိန် ၂၃ ဂရမ် MC ကြိုးတစ်ကုံးနဲ့ ၁၅ ပဲရည် အလေးချိန် ၁၆ ဂရမ်လောက်ရှိတဲ့ MC လက်ပတ် တစ်ခုကို ရွှေဥဒေါင်း တံဆိပ်ပါ ရွှေဝယ်ဘောက်ချာ သုံးရွက်နဲ့ လာရောင်းလို့ ငွေကျပ် ၁၈၅၀၀၀၀ နဲ့ ဝယ်လိုက်တယ်၊ နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီလောက်မှာ ၁၅ ပဲရည် မက်ဒေါနားရွှေဆွဲကြိုး တစ်ကုံးကို ရွှေဥဒေါင်းတံဆိပ်ဘောက်ချာနဲ့ ထပ်ပြီး လာရောင်းတယ်၊ ကျွန်တော်လည်း သိပ်မသင်္ကာတာနဲ့ ရွှေဘောက်ချာမှာပါတဲ့ ဆိုင်ဖုန်းနံပါတ်ကို ဖုန်းဆက်တဲ့အခါ ဖုန်းက ဆက်သွယ်လို့မရဘူး၊ ဒါနဲ့ ပန်းထိမ် ဆရာနဲ့ ရွှေကိုစစ်ကြည့်တဲ့အခါ ထပ်ထည် ရွှေရည်စိမ် ရွှေအတုတွေ ဖြစ်နေတာ သိရလို့ အဲဒီအမျိုးသမီးကို ပတ်ဝန်းကျင် အကူအညီနဲ့ စောင့်ကြည့်ပြီး မြိုင်ကလေး ရဲစခန်းကို အကြောင်းကြားခဲ့ပါတယ်" ဟု ရွှေဆိုင်ပိုင်ရှင်က ပြောသည်။

ပူးပေါင်းအဖွဲ့ဖြင့် ထပ်ထည် ရွှေရည်စိမ် ရွှေအတုများအား လိမ်လည်ရောင်းချသူအား စစ်ဆေးမေးမြန်းရာ နန်းသွယ် (၃၃ နှစ်) ဆင်ချောင်းကျေးရွာ မော်လမြိုင်ကျွန်းမြို့နယ် နေသူဖြစ်ကြောင်း သိရှိရသဖြင့် ဘားအံမြို့မရဲစခန်းတွင် အမှုဖွင့်ခဲ့သည်။

ယင်းနောက် ဘားအံခရိုင်ရဲတပ်ဖွဲ့မှူး ဦးစီးအဖွဲ့က စစ်ဆေးခဲ့ရာမှ ယခင်ကျူးလွန်ခဲ့သည့် ပြစ်မှု ၁၀ မှုအပါအဝင် ပူးပေါင်းပါဝင်သူ ခုနစ်ဦးတို့ကို ထပ်မံဖော်ထုတ်နိုင်ခဲ့သဖြင့် စုစုပေါင်းအမှု ၁၁ မှုမှ မက္ခရာမင်းသားကြီးလမ်း လှိုင်သာယာမြို့နယ်နေသူ စန်းခိုင်(ခ) ထွန်းထွန်းနိုင် (၄၂ နှစ်)နှင့် နန်းသွယ် (၃၃ နှစ်) အပါအဝင် ပြစ်မှုကျူးလွန်သူ ရှစ်ဦးအား ဖမ်းဆီးရမိခဲ့သဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# (၇၉) ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေးကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၂**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ (၇၉) ကြိမ်မြောက်ဗဟိုကောင်စီ အစည်းအဝေးကို ၂၀၁၇ခုနှစ် နိုဝင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ နေပြည်တော်ရှိ မြန်မာနိုင်ငံကြက်ခြေနီ အသင်းဌာနချုပ် စုဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အမှုဆောင်အဖွဲ့ဝင်များ၊ ဗဟိုကောင်စီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်မည်ဖြစ်သည်။

**သတင်းစဉ်**

# မော်လူး ရှေးဟောင်း အမွေအနှစ် ထိန်းသိမ်းရေးအသင်းသို့ ဒုတိယကမ္ဘာစစ်လက်ကျန် စစ်ပစ္စည်းများပေးအပ်

**အင်းတော် နိုဝင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေးအသင်းသို့ ဒုတိယကမ္ဘာစစ်လက်ကျန် စစ်ပစ္စည်းများကို အလှူရှင်တစ်ဦးက နိုဝင်ဘာ ၁၁ ရက်တွင် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါပစ္စည်းများကို ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ပင်လုံအုပ်စု ပင်လုံရွာနေ ဦးကျော်သိန်းက ဒုတိယကမ္ဘာစစ် လက်ကျန်စစ်ပစ္စည်းများဖြစ်သည့် ကြယ်တံဆိပ်ပါ ဂျပန်စစ်ဦးထုပ် နှစ်လုံး၊ ဘက်နက်ဓား နှစ်လက်၊ ရေဘူးတစ်လုံး၊ အမြောက်ကျည်ဆန် တစ်ခုတို့ကို မြိုင်သာယာရွာနေ ဦးကြီးမောင်မှတစ်ဆင့် မော်လူးရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေးအသင်း `Mawlu Heritage Trust´သို့ ပေးအပ်လှူဒါန်းခဲ့ရာ အသင်းအတွင်းရေးမှူး ဦးချိတ်က လက်ခံယူခဲ့ကြောင်း သိရသည်။

ဦးကြီးမောင်ကလည်း ရှေးပျူများ အသုံးဆောင်ပစ္စည်းများဟု ယူဆရသော ဆေးအိုးတံပါ ဆေးအိုးကောက် ကိုးခု ၊ အချွန်အတက်ပါ ကျောက်ဓားလက်နက် ခုနစ်ခုတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# မိုးညှင်းမြို့နယ်တွင် အမိုနီယမ်နိုက်ထရိတ်များ သယ်ဆောင်လာသော မော်တော်ယာဉ်တစ်စီး သိမ်းဆည်းရမိ




**မိုးညှင်း နိုဝင်ဘာ ၁၂**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ညောင်ကိုင်းကျေးရွာအနီး ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီးပေါ်၌ နိုဝင်ဘာ ၁၁ ရက် နံနက် ၇ နာရီက NISSAN UD အမျိုးအစား ၁၀ ဘီးယာဉ်ဖြင့် တရားမဝင် သယ်ဆောင်လာသော အမိုနီယမ်နိုက်ထရိတ် အိတ်များအား နယ်မြေခံတပ်မှ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးညှင်းမြို့နယ် ညောင်ကိုင်းကျေးရွာအနီး ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်၌ နယ်မြေခံတပ်မှ လုံခြုံရေးဆောင်ရွက်နေစဉ် မန္တလေးဘက်မှ ဖားကန့်ဘက်သို့ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာနေ အောင်မျိုးထွေး(၂၆ နှစ်) မောင်းနှင်ပြီး မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် စက်မှု(၁) ရပ်ကွက်နေ ဇော်မိုးအောင်(၁၉ နှစ်) လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်ရှိ ကုန်ပစ္စည်းများအောက်၌ စက္ကူဂျပ်ဖာပုံးများဖြင့် သိုဝှက်၍ ထည့်ထားသည့် တရားမဝင် အမိုနီယမ်နိုက်ထရိတ်အိတ် တစ်အိတ်လျှင် ကီလိုဂရမ် ၄၀ ပါ ၇၅ အိတ် စုစုပေါင်းအလေးချိန် ကီလိုဂရမ် ၃၀၀၀ အား သိမ်းဆည်းရမိကြောင်း နယ်မြေခံတပ်မှ သိရသည်။

အဆိုပါ သိမ်းဆည်းရမိသော အမိုနီယမ်နိုက်ထရိတ်အိတ်များအား လုံခြုံမှုရှိစေရန်အတွက် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ နယ်မြေခံတပ်တွင် ခေတ္တသိမ်းဆည်းထားပြီး အောင်မျိုးထွေးနှင့် ဇော်မိုးအောင်တို့ နှစ်ဦးအား မိုးညှင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဆက်စပ်ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိ

**သဃ်န်းညီနောင် နိုဝင်ဘာ ၁၂**

သဃ်န်းညီနောင် နယ်မြေရဲစခန်းအပိုင်တွင် မူးယစ်ဆေးဝါးများနှင့်အတူ မူးယစ်ဆေးဝါးများ သုံးစွဲ၊ ဖြန့်ဖြူး၊ ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိသူ သုံးဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သဃ်န်းညီနောင်နယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၁ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်က မဲကနယ်ကျေးရွာကုန်သွယ်ရေးဇုန်အတွင်း သဃ်န်းညီနောင်နယ်မြေရဲစခန်းမှူး ရဲအုပ် မြဝင်းဦးစီး ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ဘက်မှ ဒေင်ကုမ္ပဏီဝင်းအတွင်း မောင်းနှင်လာသော ယာဉ်အမှတ် 3G/----Misubishi Chariot အမျိုးအစား ယာဉ်တစ်စီးအား စစ်ဆေးရာ ယာဉ်မောင်း စောတူးတူးဖိုး (၄၁ နှစ်) ကျောက်လုံးကြီး ဘုန်းကြီးကျောင်းအနီး မြဝတီမြို့နေထိုင်သူ မောင်းနှင်ပြီး ဦးနော်တ (၄၅ နှစ်) အောင်မြေရွှေဘုံရပ် အမှတ် (၄) ရပ်ကွက် မြဝတီမြို့နေသူတို့ကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၅၉၆ ပြား (အလေးချိန် ၅၉ ဒသမ ၄၈ ဂရမ်ခန့်၊ ကာလတန်ဖိုးငွေကျပ် ၁၇၈၈၀၀၀) နှင့် မူးယစ်ဆေးသုံးစွဲသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသည်။

မူးယစ်ဆေးဝါးများနှင့် ပတ်သက်၍ စစ်ဆေးရာ နိုဝင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီခန့်က မြဝတီမြို့ အမှတ် (၄) ရပ်ကွက် အောင်သိပ္ပံလမ်းနေ နန်းအေးအေး (၃၈ နှစ်)ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ အား တစ်ဆင့်ပြန်လည်ရောင်းချရန် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နိုဝင်ဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီခန့်က ပူးပေါင်းအဖွဲ့ဖြင့် နန်းအေးအေး(၃၈ နှစ်) အောင်သိပ္ပံလမ်း အမှတ် (၄) ရပ်ကွက် မြဝတီမြို့နေသူ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နန်းအေးအေးကို တွေ့ရှိ၍ စစ်မေးရာ နိုဝင်ဘာ ၈ ရက် မွန်းလွဲ ၃ နာရီခန့်က လှိုင်းဘွဲမြို့နယ် ပတကျေးရွာနေ ကရင်မ (၃၅ နှစ်) ထံမှ ပြန်လည်ရောင်းချရန် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

သို့ဖြစ်၍ မူးယစ်ဆေးဝါးများ သုံးစွဲ၊ ဖြန့်ဖြူး၊ ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိသူ စောတူးတူးဖိုး၊ ဦးနော်တ၊ နန်းအေးအေးတို့ သုံးဦးအား သဃ်န်းညီနောင်နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# ငွေကျပ် ၂၀ ဒသမ ၈ သန်းခန့် တန်ဖိုးရှိသော တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့်ယာဉ်နှင့် မုန့်မျိုးစုံဖမ်းမိ

**နေပြည်တော် နိုဝင်ဘာ ၁၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုင်ဝင်ဘာ ၁၁ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၈၈ စီး၊ သွင်းကုန် ၈၆၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၁ စီး၊ သွင်းကုန် ၁၆၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၁ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၅၂၇ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၇၀၃ သန်းခန့်၊ စုစုပေါင်းတားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉ ဒသမ ၂၃၀ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၁၁ ရက်က မန္တလေးသို့ သွားရောက်မည့် UD ခြောက်ဘီးယာဉ်တစ်စီးကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်မုန့်မျိုးစုံဗာ ၅၄၀ နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၈ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လစ်ဘနွန်တည်ငြိမ်ရေး ဝိုင်းဝန်းကူညီကြရန် အမေရိကန် တိုက်တွန်း

**ဝါရှင်တန် နိုဝင်ဘာ ၁၂**

ဆော်ဒီအာရေဗျနှင့် အီရန်တို့၏ တင်းမာမှုများ မြင့်တက်နေမှုကြောင့် နိုင်ငံအတွင်း နိုင်ငံရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ ဖြစ်လာနေသည့် လစ်ဘနွန်နိုင်ငံအတွင်း၌ တည်ငြိမ်မှုရရှိစေရေး ဝိုင်းဝန်းကြိုးပမ်းကြရန် အမေရိကန်က တောင်းဆို တိုက်တွန်းခဲ့ကြောင်း သိရသည်။

စနေနေ့က ဖော်ပြခဲ့သည့် အိမ်ဖြူတော်၏ သတင်းထုတ်ပြန်ချက်တွင် လစ်ဘနွန်နိုင်ငံ၏ အချုပ်အခြာအာဏာ၊ လွတ်လပ်ရေးနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ဖြစ်စဉ်များကို နိုင်ငံများအားလုံးနှင့် အဖွဲ့အစည်းများအားလုံးက လေးစားကြရန် တိုက်တွန်းထားသည်။

လစ်ဘနွန်ဝန်ကြီးချုပ် ဆာအက်အယ်လ် ဟာရီရီသည် ယခုလအစောပိုင်းက မမျှော်လင့်ဘဲ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။ ဆွန်နီအစ္စလာမ်ဘာသာဝင်ဖြစ်သည့် ဟာရီရီသည် ပြီးခဲ့သည့်နှစ်က ဝန်ကြီးချုပ်အဖြစ် နေရာရရှိလာသူဖြစ်သည်။ ၎င်း၏ အကြီးမားဆုံးစိန်ခေါ်မှုမှာ အီရန်က ကျောထောက်နောက်ခံပေးထားသည့် ရှီးယိုက် အစ္စလာမ်ဘာသာဝင် အဖွဲ့အစည်းဖြစ်သည့် ဟစ်ဇ်ဘိုလာတို့နှင့် ပြန်လည်ရင်ကြားစေ့ရေးပင် ဖြစ်သည်။

အီရန်နှင့် ၎င်း၏ မဟာမိတ်များသည် လစ်ဘနွန်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေကြကြောင်း ဟာရီရီက ပြောကြားခဲ့သည်။ ဟာရီရီကို ကူညီကြရန် အတွက်လည်း အိမ်ဖြူတော်က အလေးအနက် ဖော်ပြခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# မြောက်ကိုရီးယားခေါင်းဆောင်က မိမိအား ကြမ်းတမ်းစွာ ပြောဆို ခေါ်ဝေါ်ခဲ့ကြောင်း ထရန့် ပြောကြား

**ဟနွိုင်း နိုဝင်ဘာ ၁၂**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ၎င်းအား အိုမင်းရင့်ရော်နေသူဟု ခေါ်ဆိုသုံးနှုန်းကာ မထီမဲ့မြင် လုပ်ဆောင်ခဲ့ကြောင်း တနင်္ဂနွေနေ့တွင် တွစ်တာပေါ်၌ ရေးသားခဲ့ကြောင်း သိရသည်။

ထရန့်က ၎င်းအနေဖြင့် ခေါင်းဆောင်ကင်အား ဝဝပုပု လူတစ်ယောက်ဟု ဘယ်သောအခါမှ ခေါ်ဝေါ်သုံးနှုန်းလိမ့်မည် မဟုတ်ကြောင်းကိုလည်း ပြောကြားခဲ့ကြောင်း သိရသည်။ ထရန့်သည် ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့် အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးစည်းဝေးပွဲသို့ တက်ရောက်ခဲ့ပြီးနောက်တွင် တွစ်တာပေါ်၌ ထိုသို့ မှတ်ချက်ရေးသားခဲ့ခြင်း ဖြစ်သည်။



တွစ်တာပေါ်တွင် ကြိမ်ဖန်များစွာ ရေးသားခဲ့သည့် အကြောင်းအရာများတွင် ထရန့်က တရုတ်သမ္မတ ရှီကျင့်ဖျင်သည် မြောက်ကိုရီးယား၏ နျူကလီးယား ဖွံ့ဖြိုးရေး ရှေ့တိုးဆောင်ရွက်နေမှုများကို တုံ့ပြန်သည့်အနေဖြင့် မြောက်ကိုရီးယားအပေါ်တွင် ပိတ်ဆို့မှုများ တိုးမြှင့်လျက်ရှိကြောင်းနှင့် ထိုသို့ ပိတ်ဆို့မှုများ ပိုမို လုပ်ဆောင်လာသည်မှာ မြောက်ကိုရီးယားကို နျူကလီးယားလက်နက် လျှော့ချစေလို၍ ဖြစ်ကြောင်း ဖော်ပြထားသည်။

**ရိုက်တာ**



# အီရတ်တပ်မတော်ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုကြောင့် ခုနစ်ဦးသေဆုံး

**ဘဂ္ဂဒက် နိုဝင်ဘာ ၁၂**

အီရတ်တပ်မတော် ရဟတ်ယာဉ်တစ်စင်းသည် တနင်္ဂနွေနေ့က ပျံသန်းလေ့ကျင့်မှု ပြုလုပ်နေစဉ်အတွင်း မတော်တဆပျက်ကျခဲ့ရာ လေယာဉ်ပေါ် လိုက်ပါလာသူ ခုနစ်ဦးလုံး သေဆုံးခဲ့ကြောင်း စစ်ဘက်ဆိုင်ရာနှင့် အီရတ်လေကြောင်းအင်အားစုမှ အာဏာပိုင်များက ပြောကြားခဲ့ကြောင်း သိရသည်။

ရုရှားလုပ် MI- 17 ရဟတ်ယာဉ်သည် ကွတ်တောင်ပိုင်းပြည်နယ်အနီး၌ ပျက်ကျသွားခဲ့သည်ဟု သတင်းရင်းမြစ်များက ဖော်ပြသည်။ လေယာဉ်ပျက်ကျမှုအတွင်း လေယာဉ်ပိုင်းလော့နှစ်ဦးနှင့် တပ်မတော်အရာရှိ ငါးဦးတို့ သေဆုံးခဲ့သည်ဟု အီရတ်လေကြောင်းအင်အားစုမှ အာဏာပိုင်များက ရိုက်တာသို့ ပြောကြားခဲ့သည်။

နည်းပညာပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် ရဟတ်ယာဉ်ပျက်ကျခဲ့ရခြင်းဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာ သတင်းရင်းမြစ်များက ဖော်ပြသည်။

အမေရိကန်ဦးဆောင်သည့် ကျူးကျော်ဝင်ရောက်မှုကြောင့် ၂၀၀၃ ခုနှစ်တွင် ဆက်ဒမ်ဟူစိန် ဖြုတ်ချခံခဲ့ရပြီးနောက် အီရတ်သည် ကမ္ဘာ့အကြီးဆုံး လေကြောင်းအင်အားစုများအနက် တစ်ခုအပါအဝင်ဖြစ်သည့် ၎င်း၏ လေကြောင်းအင်အားစုကို ဖြည်းဖြည်းချင်း ပြန်လည်ဖွဲ့စည်း တည်ဆောက်လျက်ရှိသည်။

**ရိုက်တာ**

# ဘာရိန်း၌ ဖြစ်ပွားသည့် ရေနံပိုက်လိုင်းပေါက်ကွဲမှု အီရန်နှင့် ဆက်နွှယ်နေသည့် အကြမ်းဖက်မှုဟု အမည်တပ်

**ခိုဘာ နိုဝင်ဘာ ၁၂**

ဘာရိန်းနိုင်ငံ၌ သောကြာနေ့က အဓိကရေနံပိုက်လိုင်း ပေါက်ကွဲမှုကြောင့် မီးစွဲလောင်ခဲ့သည့် ဖြစ်ရပ်မှာ အီရန်ကို တိုက်ခိုက်မှုနှင့် ဆက်နွှယ်နေသည့် အကြမ်းဖက်မှု တစ်ခုသာ ဖြစ်သည်ဟု ဘာရိန်းနိုင်ငံက ပြောကြားခဲ့ကြောင်း သိရသည်။



သို့သော် အီရန်သည် ပင်လယ်ကွေ့ဒေသအတွင်း မတည်မငြိမ်ဖြစ်ပွားစေသည့် မည်သည့်ကိစ္စရပ်မျှ ၎င်းအနေဖြင့် ပါဝင်ပတ်သက်မှု မရှိကြောင်း ငြင်းဆိုထားသည်။

အဓိကကျသည့် အနောက်မဟာမိတ်နိုင်ငံဖြစ်ပြီး အမေရိကန်၏ ငါးခုမြောက် ရေတပ်သင်္ဘောစုကို လက်ခံထားသည့် ဆွန်နီအစ္စလာမ်ဘာသာဝင်များ အဓိကကြီးစိုးသော ဘာရိန်းနိုင်ငံ၌ နှစ်များစွာကြာအောင် ဆန္ဒပြဆန့်ကျင်မှုများ ပေါ်ပေါက်ခဲ့ပြီး နိုင်ငံအတွင်းရှိ ရှီးယိုက် အစ္စလာမ်ဘာသာဝင်များ၏ မကြာခဏ အကြမ်းဖက် ဆူပူမှုများကိုလည်း ရင်ဆိုင်ခဲ့ရသည်။

ရေနံပိုက်လိုင်း ပေါက်ကွဲမီးလောင်မှုသည် အဖျက်အမှောင့်လုပ်ရန် ကြံစည်သည့် လုပ်ရပ်ဖြစ်ပြီး နိုင်ငံအတွင်းရှိ ပြည်သူများ၏ လုံခြုံဘေးကင်းမှုနှင့် နိုင်ငံ၏ အချက်အချာကို ထိခိုက်နစ်နာစေရန် ရည်ရွယ်လျက် လုပ်ဆောင်ခဲ့သည့် အန္တရာယ်ကြီးသော အကြမ်းဖက် လုပ်ရပ်တစ်ခုသာဖြစ်ကြောင်း ဘာရိန်း ပြည်ထဲရေးဝန်ကြီးဌာနက ၎င်း၏ ဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြခဲ့သည်။

မကြာသေးမီအချိန်အတွင်းက နိုင်ငံအတွင်း မျက်မြင်ကိုယ်တွေ့ဖြစ်ပွားခဲ့သည့် အကြမ်းဖက်သမားများ၏ လုပ်ရပ်သည် အီရန်မှ တိုက်ရိုက်ထိတွေ့ကာ ညွှန်ကြားခဲ့မှုဖြင့် ဆောင်ရွက်ခဲ့သည့် လုပ်ဆောင်မှုဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး ရှိတ်ရာရှစ်ဘင်အဗ္ဗဒူလာ အယ်လ်ခါလီဖာ၏ ပြောကြားခဲ့မှုကို ကိုးကားလျက် ပြည်ထဲရေးဝန်ကြီးဌာနက ဖော်ပြထားသည်။

အီရန်၌မူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဘာရမ်ကွာစီမီက မှားယွင်းသော ပြောဆိုမှုများဖြစ်ပြီး ကလေးဆန်သော စွပ်စွဲချက်များဖြစ်ကြောင်း ပြောကြားခဲ့ကာ ဘာရိန်းဘက်မှ စွပ်စွဲချက်များကို ငြင်းဆန်ခဲ့သည်ဟု ဝန်ကြီးဌာနက ၎င်း၏ ဝက်ဘ်ဆိုက်တွင် ရေးသားခဲ့သည်။

ရေနံပိုက်လိုင်း မီးလောင်မှုကို ကောင်းစွာ ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ဘာရိန်း အာဏာပိုင်များက ပြောကြားခဲ့သည်။

**ရိုက်တာ**

# လွတ်လပ်စွာ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပဋိညာဉ်စာချုပ်ကို ဟောင်ကောင်နှင့် အာဆီယံနိုင်ငံများ လက်မှတ်ရေးထိုး

**မနီလာ နိုဝင်ဘာ ၁၂**

အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) သည် တနင်္ဂနွေနေ့တွင် လွတ်လပ်စွာကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ဟောင်ကောင်နှင့်အတူ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

စာချုပ်တွင် သုံးနှစ်နီးပါး ဆွေးနွေးထားသည့် အကြောင်းအရာများကို ထည့်သွင်းထားပြီး လာမည့် ဇန်နဝါရီ ၁ ရက်တွင် စတင်သက်ရောက်မည်ဖြစ်သည်။ စာချုပ်ပါအဖွဲ့ဝင်နိုင်ငံများနှင့် ပိုမိုနက်ရှိုင်းခိုင်မာသည့် ဈေးကွက်အခွင့်အလမ်းများကို ဖော်ဆောင်နိုင်ရန် ရည်ရွယ်လျက် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း ဟောင်ကောင် ကူးသန်းရောင်းဝယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကြီးအကဲ အက်ဒဝပ်ယော်က ပြောကြားခဲ့သည်။

ဟောင်ကောင်နှင့် အာဆီယံနိုင်ငံတို့ ရောင်းချကုန်ပစ္စည်းအလုံးစုံ ကုန်သွယ်မှု စုစုပေါင်းတန်ဖိုးသည် ပြီးခဲ့သည့်နှစ်က ဟောင်ကောင်ဒေါ်လာ ၈၃၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၀၇ ဘီလီယံ) ဖိုးခန့်ရှိခဲ့သည်ဟု အာဏာပိုင်များက ဖော်ပြသည်။ ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်မှုတန်ဖိုး စုစုပေါင်းမှာ ၂၀၁၅ ခုနှစ်တွင် ဟောင်ကောင်ဒေါ်လာ ၁၂၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံ) ဖြစ်သည်။

အာဆီယံ ဟောင်ကောင် တရုတ် လွတ်လပ်စွာ ကုန်သွယ်ရေးစာချုပ်(AHKCFTA)ကို ဖိလစ်ပိုင်နိုင်ငံ မြို့တော် မနီလာ၌ ဒေသဆိုင်ရာအုပ်စု ထိပ်သီး အစည်းအဝေးကျင်းပမှုအပြင် သီးခြား လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။

ကုန်သွယ်ရေးဆိုင်ရာ မညီမျှမှုများကို ကိုင်တွယ်ဖြေရှင်းရန် ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် အာရှ-ပစိဖိတ် ထိပ်သီးစည်းဝေးပွဲသို့ ခေါင်းဆောင်များ တက်ရောက်ခဲ့ကြပြီးနောက်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဟောင်ကောင်တို့က လွတ်လပ်စွာ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**ရိုက်တာ**

## နိုင်ငံတကာ သတင်းတိုထွာ

### မှတ်ပုံတင်ထားသည့် စီးပွားရေးလုပ်ငန်းများကို ညီတူညီမျှ ဆက်ဆံသွားမည်ဟု တရုတ် သမ္မတပြော

**ဟန္နိုင်း နိုဝင်ဘာ ၁၂**

တရုတ်နိုင်ငံသည် ကမ္ဘာကြီးနှင့် ပိုမိုပွင့်လင်းလာသည့်အတွက် နိုင်ငံအတွင်း မှတ်ပုံတင်ထားသည့် စီးပွားရေးလုပ်ငန်းများ အားလုံးကို ညီတူညီမျှ ဆက်ဆံသွားမည်ဖြစ်ကြောင်း၊ သမ္မတ ရှီကျင့်ဖျင်က ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ဒါနန်းမြို့၌ ကျင်းပသော အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေး၌ ထည့်သွင်းပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ထို့အတူ လာမည့် ၁၅ နှစ်တာကာလအတွင်း အနည်းဆုံးသွင်းကုန် အမေရိကန်ဒေါ်လာ ၂၄ ထရီလီယံ ရှိလာမည်ဟု မျှော်မှန်းထားကြောင်း သမ္မတရှီက ဆက်လက်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် ပြည်တွင်းတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ နှစ်ထရီလီယံ ဆွဲဆောင်ရန်နှင့် ပြည်ပ ရင်းနှီးမြှုပ်နှံမှု နှစ်ထရီလီယံ ပြုလုပ်နိုင်မည်ဟု မျှော်လင့်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က အေပက် စီးပွားရေးခေါင်းဆောင်များ အစည်းအဝေးတွင် ပြောကြားခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

### အသေခံ ဗုံးခွဲသမားတစ်ဦး စစ်အခြေစိုက်စခန်းကို တိုက်ခိုက်

**လက်ရှ်ကါဂါ့ နိုဝင်ဘာ ၁၂**

အသေခံ ဗုံးခွဲ သမားတစ်ဦးသည် တောင်ပိုင်း ဟဲလ်မန်ပြည်နယ် နာဝါဒေသရှိ စစ်အခြေစိုက်စခန်းတစ်ခုကို ဦးတည်ချက်ထားကာ ဗုံးခွဲတိုက်ခိုက်ခဲ့ရာ တာလီဘန်တိုက်ခိုက်ရေးသမား သုံးဦးနှင့် အာဖဂန်စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်တစ်ဦး အပါအဝင် စုစုပေါင်း လေးဦး သေဆုံးခဲ့ပြီး ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူ အိုမာဇာဝက်ခ်က နိုဝင်ဘာ ၁၁ ရက်တွင် ပြောခဲ့သည်။

တာလီဘန် အကြမ်းဖက်သမားတစ်ဦးသည် ဖောက်ခွဲရေးပစ္စည်းများ တင်ထားသော ကားတစ်စီးကို စစ်ဘက်ဆိုင်ရာ အခြေစိုက်စခန်းထဲမောင်းဝင်ရန် ကြိုးစားစဉ် လုံခြုံရေးဝန်ထမ်းများက ပစ်ခတ်ရှင်းလင်းနိုင်ခဲ့ကြောင်း၊ သို့သော်လည်း ၎င်းနှင့်အတူ ထက်ကြပ်မကွာ လိုက်ပါလာသော အကြမ်းဖက်သမားနှစ်ဦးက လုံခြုံရေး ဝန်ထမ်းများကို သေနတ်များဖြင့် ပြန်လည်ပစ်ခတ်ခဲ့ရာ ပြင်းထန်သော တိုက်ပွဲတစ်ခုဖြစ်သွားခဲ့ကြောင်း ဇာဝက်ခ်က သတင်းထောက်များကို ပြောခဲ့သည်။

အပြန်အလှန် ပစ်ခတ်မှုများကြောင့် တပ်ဖွဲ့ဝင်တစ်ဦးနှင့် စစ်သွေးကြွသုံးဦးသေဆုံးခဲ့ပြီး အခြားတပ်ဖွဲ့ဝင် ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း ၎င်း အရာရှိက ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# အနာဂတ်ကို မျှဝေဖို့ အင်အားတွေကို ဖန်တီးစို့

**တင်လင်းအောင်**



၂၀၁၇ အာရှ- ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (အေပက်) အဖွဲ့ကြီးရဲ့ တွေ့ဆုံဆွေးနွေးပွဲကို ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့မှာ နိုဝင်ဘာ ၆ ရက်မှ ၁၁ ရက်အထိ ကျင်းပနေပါတယ်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲကို အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၊ တရုတ်သမ္မတ ရှီကျင့်ဖျင်၊ ကနေဒါဝန်ကြီးချုပ် ဂျက်စတင် ထရူးဒိုယူနဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ အပါအဝင် အေပက် အဖွဲ့ဝင်နိုင်ငံတွေမှ နိုင်ငံ့ခေါင်းဆောင်တွေ၊ အစိုးရအဖွဲ့အကြီးအကဲတွေ၊ ဝန်ကြီးတွေ၊ အဆင့်မြင့် အရာရှိကြီးတွေ၊ စီးပွားရေးဆိုင်ရာ ထိပ်တန်းအရာရှိကြီးတွေနဲ့ အေပက်အဖွဲ့ဝင်နိုင်ငံမဟုတ်သောနိုင်ငံတွေမှ နိုင်ငံ့ခေါင်းဆောင်တွေနဲ့ အဆင့်မြင့် အရာရှိကြီးတွေ တက်ရောက်ခဲ့ကြပါတယ်။

အေပက် အစည်းအဝေးကို ဗီယက်နမ်နိုင်ငံက ယခုနှစ်မှာ အိမ်ရှင်အဖြစ် လက်ခံ ကျင်းပတာဖြစ်ပြီး အစည်းအဝေးရဲ့အဓိက ရည်ရွယ်ချက်တွေကတော့ အေပက်အဖွဲ့ဝင်နိုင်ငံတွေကြား စီးပွားရေးကဏ္ဍအရှိန်အဟုန်နဲ့ တိုးတက်စေဖို့၊ လွတ်လပ်စွာကုန်သွယ်မှုပြုနိုင်ဖို့၊ စီးပွားရေးကဏ္ဍမှာ အခြားသောနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့၊ ကတိကဝတ်တွေကို အကောင်အထည်ဖော်ဖို့၊ ပြည်သူတွေနဲ့ စီးပွားရေးအသိုက်အဝန်းတွေ နီးကပ်စေရေး ဆောင်ကြဉ်းပေးဖို့၊ ၂၁ ရာစုအတွင်း အာရှ-ပစိဖိတ်ဒေသရဲ့ ရေရှည်တည်တံ့မှုနဲ့ အားလုံး ပါဝင်နိုင်တဲ့ ဖွံ့ဖြိုးမှုမဟာဗျူဟာကို သဘောပေါက်စေဖို့စတဲ့ ရည်ရွယ်ချက်တွေနဲ့ ကျင်းပခဲ့တာ ဖြစ်ပါတယ်။

အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (အေပက်)အဖွဲ့ကို လွန်ခဲ့တဲ့ ၁၉၈၉ ခုနှစ်က စတင်တည်ထောင်ခဲ့ပါတယ်။ အခုဆိုရင် အေပက်အဖွဲ့ကြီးတည်ရှိနေတာဟာ နှစ်ပေါင်း ၂၈ နှစ်တိုင်ခဲ့ပါပြီ။ ဂလိုဘယ်လိုက်ဇေးရှင်းစနစ်အရ ဖွံ့ဖြိုး တိုးတက်လာတဲ့ အေပက်အဖွဲ့ကြီးဟာအခွင့်အရေးတွေ၊ စိန်ခေါ်မှုတွေနဲ့ ရောပြွမ်းလာခဲ့ပါတယ်။ အေပက်အဖွဲ့ကြီးရယ်လို့ဖြစ်ပေါ်လာတဲ့ သမိုင်းကြောင်းကို စေ့ငုကြည့်မယ်ဆိုရင် မစ္စတာဘော့ဟော့ကဲ အကြောင်း မပါမဖြစ် ပြောရတော့မှာဖြစ်ပါတယ်။ ဘော့ဟော့ကဲဟာ ဩစတြေးလျ ဝန်ကြီးချုပ်ဟောင်းတစ်ဦးဖြစ်ပြီး အေပက်အဖွဲ့ကြီး စတင်သန္ဓေတည်ဖို့ စိတ်ကူးစိတ်သန်းတွေကို ချပြပေးခဲ့သူ ဖြစ်ပါတယ်။

၁၉၈၉ ခုနှစ် ဇန်နဝါရီမှာ ဩစတြေးလျ ဝန်ကြီးချုပ်ဖြစ်တဲ့ ဘော့ဟော့ကဲဟာ ပစိဖိတ်ဒေသမှာ ပိုမိုထိရောက်တဲ့ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေလုပ်ဖို့ တိုက်တွန်းခဲ့ရာက အစပြုပြီး အဲဒီနှစ် နိုဝင်ဘာလမှာပဲ ဩစတြေးလျနိုင်ငံ ကန်ဘာရာမြို့မှာ ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ဂါရာ့သ်အီဗန်က ဥက္ကဋ္ဌအဖြစ် ဦးစီးဦးဆောင်လုပ်ခဲ့တဲ့ ပထမဦးဆုံး အေပက်အစည်းအဝေးကို စတင်ခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ အဲဒီပထမဆုံးအကြိမ် အေပက်အစည်းအဝေးကို နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ခေါင်းဆောင်တွေ တက်ရောက်ခဲ့ကြပါတယ်။ အဲဒီအစည်းအဝေးက နောင်လာမယ့် နှစ်ပတ်လည် အစည်းအဝေးတွေကို စင်ကာပူနဲ့ ကိုရီးယားမှာလုပ်ဖို့ ကတိကဝတ်တွေ ပြုခဲ့ကြပါတယ်။

ထိုစဉ်က ပထမဆုံးအေပက်အစည်းအဝေးကို တက်ရောက်လာတဲ့ နိုင်ငံတွေကတော့ (အေပက်နိုင်ငံတွေကတော့) ဩစတြေးလျ၊ ဘရူနိုင်း၊ ကနေဒါ၊ အင်ဒိုနီးရှား၊ ဂျပန်၊ ကိုရီးယား၊ မလေးရှား၊ နယူးဇီလန်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနဲ့ အမေရိကန်တို့ဖြစ်ကြပါတယ်။ နောက်ပိုင်း ၁၉၉၁ခုနှစ်မှာ ဟောင်ကောင်နဲ့ တရုတ်တိုင်ပေ၊ ၁၉၉၃ခုနှစ်မှာ မက္ကဆီကိုနဲ့ ပါပူဝါနယူးဂီနီ၊ ၁၉၉၄ ခုနှစ်မှာ ချီလီနိုင်ငံ၊ ထို့နောက် ပီရူး၊ ရုရှားနဲ့ ဗီယက်နမ်တို့ပါဝင်လာပြီး အဖွဲ့ဝင် ၂၁ နိုင်ငံရှိတဲ့၊ အင်အားတောင့်တင်းတဲ့ အေပက်အဖွဲ့ကြီးအဖြစ် ရပ်တည်နိုင်ခဲ့ပါတယ်။

အေပက်အနေဖြင့် ၁၉၈၉ ခုနှစ်မှ ၁၉၉၂ ခုနှစ်အတွင်းမှာတော့ အလွတ်သဘောအဆင့်မြင့် အရာရှိကြီးတွေ အဆင့်နဲ့ ဝန်ကြီးအဆင့်ဆွေးနွေးပွဲတွေကိုသာ ဆောင်ရွက်ခဲ့သော်လည်း ၁၉၉၃ ခုနှစ်မှာတော့ အမေရိကန်သမ္မတဟောင်း ဘီကလင်တန်က လက်တွေ့ဆန်တဲ့ အေပက်စီးပွားရေး ခေါင်းဆောင်တွေ ပုံမှန်အစည်းအဝေးကို ကြီးမားတဲ့မဟာဗျူဟာအမြင်တွေနဲ့ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုတွေကို အသားပေး ဆောင်ရွက်ခဲ့ပါတယ်။

၁၉၉၄ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ ဘိုဂေါမှာကျင်းပခဲ့တဲ့ အေပက်အစည်းအဝေးမှာ နိုင်ငံ့ခေါင်းဆောင်တွေဟာ ဘိုဂေါရည်မှန်းချက်ကို ချမှတ်ခဲ့ပါတယ်။ ဘိုဂေါရည်မှန်းချက်ဟာဆိုရင် အာရှ-ပစိဖိတ်ဒေသမှာ လွတ်လပ်ပွင့်လင်းတဲ့ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ဖြစ်ပေါ်လာဖို့ ရည်ရွယ်ချက်ပဲဖြစ်ပါတယ်။

ထိုကဲ့သို့ ကောင်းမွန်တဲ့ရည်ရွယ်ချက်နဲ့ အစဉ်အလာသမိုင်းကြောင်းတွေနဲ့ စတင်ခဲ့တဲ့ အေပက်အစည်းအဝေးဟာ အခုဆိုရင် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့မှာ ကျင်းပနေတာဖြစ်ပြီး အဲဒီအစည်းအဝေးမှာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထရမ်ဒိုင်ကွမ်က တက်ရောက်လာတဲ့ နိုင်ငံ့ခေါင်းဆောင်တွေကို နွေးထွေးစွာ ကြိုဆိုခဲ့ပါတယ်။

ဗီယက်နမ်မှာ ကျင်းပနေတဲ့ ၂၀၁၇ အာရှ-ပစိဖိတ်ဒေသအတွင်း လွတ်လပ်စွာ ကုန်သွယ်မှုပြုနိုင်ရေးကို မြှင့်တင်ပေးတဲ့ အေပက် အစည်းအဝေးဟာ ပြည်သူအချင်းချင်းနဲ့ စီးပွားရေးကဏ္ဍတွေမှာ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုတွေ ဆောင်ကြဉ်းပေးနိုင်မယ်လို့ အဆင့်မြင့် ဗီယက်နမ်အရာရှိတစ်ဦးက ပြောခဲ့ပါတယ်။ ဒါ့အပြင် ၂၀၁၇ အေပက်အစည်းအဝေးဟာ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွေမှာ အပြုသဘောဆောင်တဲ့ အကျိုးရလဒ်တွေရရှိကြောင်း ၂၀၁၇ အေပက်အစည်းအဝေး ဖြစ်မြောက်ရေး ဒုတိယဥက္ကဋ္ဌလည်းဖြစ် ဗီယက်နမ် ဒုတိယနိုင်ငံခြားရေးဝန်ကြီးလည်း ဖြစ်သူ ဘူသန်ဆွန်က ပြောပါတယ်။

ထို့အတူ လွတ်လပ်တဲ့ ကုန်သွယ်မှုနဲ့ရင်းနှီးမြှုပ်နှံမှုတွေမှတစ်ဆင့် ၂၁ ရာစု အေပက်စီးပွားရေးသည် ပိုမိုနက်ရှိုင်း အားကောင်းလာမယ်လို့ အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု စီးပွားရေး ခေါင်းဆောင်တွေ အစည်းအဝေးသို့ တက်ရောက်လာတဲ့ ဖိလစ်ပိုင်သမ္မတ ဒူတာတေးက ပြောပါတယ်။

ထို့အတူ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထရမ်ဒိုင်ကွမ်နဲ့တွေ့ဆုံပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးမြှင့်ဖို့၊ စီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှု ကဏ္ဍတွေပူးပေါင်းဆောင်ရွက်ဖို့၊ ကုန်သွယ်ရေးတိုးမြှင့်ဖို့၊ စိုက်ပျိုးရေးကဏ္ဍပူးပေါင်းဆောင်ရွက်ဖို့နဲ့ ဒေသတွင်းနဲ့နိုင်ငံတကာ ကိစ္စရပ်တွေ ပူးပေါင်းဆောင်ရွက်ဖို့တို့ကို အမြင်ချင်း ဖလှယ်ခဲ့ပါတယ်။

အေပက်အစည်းအဝေးမှာ ဆွေးနွေးခဲ့တဲ့ အကြောင်းအရာတွေအနက် အချို့ကတော့ ဒစ်ဂျစ်တယ်ခေတ်မှာ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေး၊ ခရီးသွားကဏ္ဍတိုးတက်ရေး၊ အသေးစားနဲ့ အလတ်စား အင်တာပရိုက်တွေ ပေါ်ထွန်းလာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ အစားအစာ လုံခြုံရေး၊ အမျိုးသမီးနဲ့ စီးပွားရေးကဏ္ဍ စတဲ့အရေးတွေကို ဆွေးနွေးခဲ့ပါတယ်။

ယခုနှစ် အေပက်စီးပွားရေး ခေါင်းဆောင်များအစည်းအဝေးရဲ့ ဆောင်ပုဒ်ကတော့ အနာဂတ်ကို မျှဝေဖို့ အင်အားတွေကို ဖန်တီးစို့ဟု ဖြစ်ပါတယ်။ ဆောင်ပုဒ်နဲ့အညီ နိုင်ငံ့ခေါင်းဆောင်တွေဟာ အေပက်အစည်းအဝေးမှာ အပြုသဘောဆောင် ဆွေးနွေးမှုမှ တစ်ဆင့် အာရှ-ပစိဖိတ်ဒေသအတွင်း စီးပွားရေးဆိုင်ရာ ကြီးထွားလာပြီး ပေါင်းစည်းမှုရှိရေးတို့ကို ဖန်တီးနေပါတယ်လို့ ၂၀၁၇ အေပက်အစည်းအဝေး ဖြစ်မြောက်ရေး ဒုတိယဥက္ကဋ္ဌလည်းဖြစ် ဗီယက်နမ် ဒုတိယနိုင်ငံခြားရေးဝန်ကြီးလည်းဖြစ်သူ ဘူသန်ဆွန်က ပြောပါတယ်။

ကမ္ဘာ့စီးပွားရေး ကြီးထွားမှုဟာ စိန်ခေါ်မှုတွေ၊ စွန့်စားမှုတွေနဲ့ရင်ဆိုင်နေရပြီး ကမ္ဘာလုံးဆိုင်ရာစီးပွားရေး ချိတ်ဆက်မှုတွေဟာလည်း နှေးကွေးလာပါတယ်။ အဲဒီလို အခြေအနေတွေကို ရင်ဆိုင် အန်တုပြီး အနာဂတ်ကို မျှဝေဖို့ အင်အားတွေကို ဖန်တီးစို့ဟုဆိုတဲ့ ၂၀၁၇ အေပက်ဆောင်ပုဒ်အတိုင်း အေပက်အဖွဲ့ကြီးဟာ ဒေသတွင်း အားကောင်းတဲ့ စီးပွားရေး ဦးဆောင်သူဖြစ်ဖို့အရေး အဖွဲ့ဝင်နိုင်ငံတွေ အချင်းချင်း ဝိုင်းဝန်းကူညီကြဖို့လိုပါတယ်။

> **“ကမ္ဘာ့စီးပွားရေး ကြီးထွားမှုဟာ စိန်ခေါ်မှုတွေ၊ စွန့်စားမှုတွေနဲ့ ရင်ဆိုင်နေရပြီး ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးချိတ်ဆက်မှုတွေဟာလည်း နှေးကွေးလာပါတယ်။ အဲဒီလို အခြေအနေတွေကို ရင်ဆိုင်အန်တုပြီး အနာဂတ်ကိုမျှဝေဖို့ အင်အားတွေကို ဖန်တီးစို့ဟုဆိုတဲ့ ၂၀၁၇ အေပက်ဆောင်ပုဒ်အတိုင်း အေပက်အဖွဲ့ကြီးဟာ ဒေသတွင်း အားကောင်းတဲ့ စီးပွားရေး ဦးဆောင်သူဖြစ်ဖို့အရေး အဖွဲ့ဝင်နိုင်ငံတွေ အချင်းချင်း ဝိုင်းဝန်းကူညီကြဖို့လိုပါတယ်”**

ထို့အပြင် ရွှေအကြောင်း မီးသက်သေ၊ လူအကြောင်း ဒုက္ခသက်သေဆိုတဲ့ ဗီယက်နမ်ဆိုရိုးစကားနဲ့အညီ ဖြစ်ပေါ်လာသမျှသော စိန်ခေါ်မှုတွေရင်ဆိုင်ပြီး ဒုက္ခတွေကို ကျော်ဖြတ်ကာ ကျယ်ပြန့်နက်ရှိုင်းတဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ၊ အဖွဲ့ဝင်နိုင်ငံအချင်းချင်း ချိတ်ဆက်မှုတွေနဲ့ အေးချမ်းတည်ငြိမ်ဖွံ့ဖြိုးတဲ့ အာရှ-ပစိဖိတ်ရပ်ဝန်းတစ်ခု ပေါ်ပေါက်လာဖို့နဲ့ ဘိုဂေါရည်မှန်းချက် နောက်ဆုံးအကောင် အထည်ဖော်ဆောင်ရမယ့် ၂၀၂၀ ပြည့်နှစ်မှာ အေပက်နိုင်ငံများကြား လွတ်လပ်ပွင့်လင်းတဲ့ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ဆတက်ထမ်းပိုး တိုးတက်နိုင်ပါစေလို့ ဆန္ဒပြုရင်း။ ။

# ကျွန်တော်နဲ့ နိုင်ငံရပ်ခြား



## ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

အခုတလော ကျွန်တော့်ရဲ့ဘဝကို ပြန်လည်သုံးသပ်မိနေခဲ့တယ်။ အသက်ရလာလို့ ထင်ပါရဲ့။ ကျွန်တော်ဟာ နိုင်ငံရပ်ခြားမှာ သုံးကြိမ်တိတိ အချိန်အတော်ကြာကြာနေခဲ့တာ။ ပထမအကြိမ်က ၁၉၇၃ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ ခြောက်နှစ်တိတိ အင်္ဂလန်နိုင်ငံမှာ နိုင်ငံခြားပညာတော်သင်အဖြစ် သွားခဲ့တာ။ ဟိုတုန်းက ကိုလံဘိုစီမံကိန်းနဲ့ သွားခဲ့တာ။ တစ်လ မုန့်ဖိုး ၆၅ စတာလင်ပေါင်ရခဲ့တာ။ ကျွန်တော်က ရန်ကုန်တက္ကသိုလ်မှာ ဘွဲ့ရပြီး ဘွဲ့လွန်နှစ်နှစ်တက်ပြီးသား။ ဒါပေမယ့် အင်္ဂလန်မှာ ပညာသင်ဖို့ လျှောက်တဲ့အခါ ဘွဲ့လွန်ဒီပလိုမာတစ်နှစ်တက်ရမယ်လို့ ပြောလာခဲ့တယ်။ ကျွန်တော်ရထားတဲ့ဘွဲ့က ဝါဏိဇ္ဇဝိဇ္ဇာဘွဲ့ ။ ဒါပေမယ့် ခက်တာက စီပွားရေးတက္ကသိုလ်ကို အင်္ဂလိပ်ဘာသာပြန်တဲ့အခါ Institute of Economics ဖြစ်နေတာမို့ Institute ဟာ University နဲ့ အဆင့်မတူညီဘူးလို့ ယူဆတာမို့ အခုလိုဖြစ်ခဲ့တာ။ ပညာရေးပြုပြင်ပြောင်းလဲမှုတွေလုပ်တဲ့အခါ သတိထားရမယ့်သင်ခန်းစာတစ်ခုပဲ။ အမှန်တော့ တစ်ချိန်က ရန်ကုန်တက္ကသိုလ်ဆိုတာရှိတယ်။ ရန်ကုန်တက္ကသိုလ်ရဲ့လက်အောက်မှာ လူမှုရေးမဟာဌာန၊ စက်မှုသိပ္ပံမဟာဌာန၊ ဆေးသိပ္ပံမဟာဌာန၊ ဝိဇ္ဇာမဟာဌာန၊ သိပ္ပံမဟာဌာနဆိုပြီး ခွဲခြားခဲ့တာ။ မန္တလေးတက္ကသိုလ်မှာလည်း အခုလိုပဲ ဒါကို ၁၉၆၄ ပညာရေးပြုပြင်ပြောင်းလဲတဲ့အခါ Institutes တွေ ဖွဲ့စည်းခဲ့တယ်။ မြန်မာလိုတော့ တက္ကသိုလ်ဖြစ်ပေမယ့် အင်္ဂလိပ်လို ဘာသာပြန်တဲ့အခါမှာတော့ အဓိပ္ပာယ်တွေ လွဲခဲ့တယ်။ ဘာပဲဖြစ်ဖြစ် အဆိုးထဲကအကောင်းက မဟာတန်းကို တိုက်ရိုက်တက်ခွင့် မရတော့၊ ဘွဲ့လွန်ဒီပလိုမာသင်တန်းတစ်နှစ်တက်ရတော့ သူတို့ရဲ့ပညာရေးစနစ်ကို ပိုပြီး အကဲခတ်နိုင်ခွင့်ရခဲ့တယ်။ စာတွေကလည်း မခက်ခဲတာမို့ ကျွန်တော်ထူးချွန်စွာ ဘွဲ့လွန် ဒီပလိုမာကိုရခဲ့တယ်။ မဟာသိပ္ပံသင်တန်းတက်ဖို့ တက္ကသိုလ်တွေရွေးတဲ့အခါ ဝင်ခွင့်ရဖို့၊ အမ်ဘီအေဘွဲ့ရဖို့ ဝင်ခွင့်စာမေးပွဲက (GMAT) လို့ခေါ်တဲ့ စာမေးပွဲကို ဖြေခဲ့ရတယ်။ GMAT ရဲ့အဓိပ္ပာယ်ကတော့ Graduate Management Aptitude Test စီမံခန့်ခွဲမှုဘွဲ့လွန်ပညာသင်ဖို့ အရည်အချင်းစစ်စာမေးပွဲဖြစ်တယ်။ ဒီ GMAT ရမှတ်ကို အခြေခံပြီး တက္ကသိုလ်က လျှောက်လွှာတွေ ဆန်ခါတင်ရွေးချယ်ကြတယ်။ ဒီ GMAT ကို အခြေခံပြီး တက္ကသိုလ်တွေရဲ့အဆင့်အတန်းကို သတ်မှတ်ကြတယ်။ နာမည်ကြီး Harvard တက္ကသိုလ်ရဲ့ GMAT လက်ခံတဲ့ အမှတ်တွေဟာ အလွန်မြင့်တယ်။ GMAT ရဲ့ အားသာချက်တစ်ခုက ဒီအမှတ်ကို အခြေခံပြီး တက္ကသိုလ်တစ်ခုရဲ့ အဆင့်အတန်းကို သုံးသပ်နိုင်တယ်။ GMAT စာမေးပွဲကို တက္ကသိုလ်တွေက လုပ်တာမဟုတ်ဘဲ အမေရိကန်ပြည်ထောင်စု နယူးဂျာစီ ပြည်နယ်မှာရှိတဲ့ Princeton မြို့မှ စာစစ်အဖွဲ့က ဆောင်ရွက်တာမို့ GMAT ကို တချို့က Princeton Test လို့ ခေါ်ကြတယ်။ တစ်ကမ္ဘာလုံးမှ စီးပွားရေးတက္ကသိုလ်တွေကမေးတဲ့ အမ်ဘီအေသင်တန်းတက်လိုသူတိုင်း ဒီစာမေးပွဲ ဖြေရတယ်။ ကျွန်တော်ကလည်း GMAT ကို ဖြေပြီး အမှတ်ကောင်းတာမို့ ကိုယ်လျှောက်ချင်တဲ့တက္ကသိုလ်ကို ရွေးချယ်ခွင့်ရခဲ့တယ်။ ဒါနဲ့ ကျွန်တော် အင်္ဂလန်နိုင်ငံ အလယ်ပိုင်းမှာရှိတဲ့ Warwick တက္ကသိုလ်မှာ မဟာသင်တန်းကို တက်ခွင့်ရခဲ့တယ်။ ဒီတက္ကသိုလ်မှာ ပေးတဲ့ဘွဲ့က အမ်ဘီအေမပေးဘဲ မဟာသိပ္ပံ M.Sc ဘွဲ့ကို ပေးတာ။ မြန်မာပြည်မှာ အမ်ဘီအေ အတန်းတွေ ဖွင့်ဖို့ စီစဉ်တုန်းက အခုလို GMAT စာမေးပွဲနဲ့ သင်တန်းသားတွေလက်ခံဖို့ ကျွန်တော်အကြံပြုခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့တင်ပြချက်ကို လက်မခံခဲ့ဘူး။ GMAT နဲ့ စိစစ်လိုက်ရင် တက်နိုင်မယ့်သူရှိပဲ့မလားဆိုတဲ့ စိုးရိမ်စိတ်တွေရှိခဲ့တာ။

> **“အခုလို နိုင်ငံတကာ အတွေ့အကြုံတွေ ပြန်သုံးသပ်ရင်း လူမျိုးမတူတဲ့သူတွေ၊ ဘာသာမတူတဲ့သူတွေ၊ အသားအရောင် မတူတဲ့သူတွေ လူပေါင်းစုံနဲ့ ဆုံတွေ့ရတယ်၊ ယဉ်ကျေးမှုမတူ၊ အယူအဆမတူတဲ့ သူတွေနဲ့လည်း ပတ်သက်ခဲ့ရတယ်၊ ကျောင်းသားဘဝမှာရော၊ သုတေသနလုပ်တဲ့ကာလမှာရော၊ အလုပ်ခွင်မှာရော တွေ့ရဆုံခဲ့ရတာ၊ ကောင်းတဲ့သူတွေနဲ့ တွေ့ရသလို အဆင်မပြေတာတွေလည်း ရှိခဲ့”**

မဟာသိပ္ပံကို တစ်နှစ်တက်ပြီး ဘွဲ့မရခင်ဘဲ ပါရဂူသင်တန်းအတွက် လုံးပန်းရပြန်ရော။ ကျွန်တော့်ဘဝမှာ အတမ်းတဆုံး အရာက ပါရဂူဒေါက်တာဘွဲ့ဖြစ်တယ်။ ကျွန်တော့်ရဲ့ ဆရာကြီးတွေကို သိပ်အားကျခဲ့တာ။ သူတို့လို ဒေါက်တာဘွဲ့လိုချင်တာ။ အင်္ဂလန်ရဲ့ ပါရဂူဘွဲ့ဟာ အမေရိကန်က ပါရဂူဘွဲ့နဲ့ မတူဘူး။ ပါရဂူဘွဲ့အတွက် သုတေသနလုပ်ငန်းတွေကို သင်တန်းတက်စရာမလိုဘဲ၊ စာမေးပွဲဖြေစရာမလိုဘဲ ချက်ချင်းလုပ်နိုင်ခွင့်ရှိတယ်။ အမေရိကန်မှာတော့ ပါရဂူအတွက် အရည်အချင်းစစ်စာမေးပွဲကို ဖြေရတယ်။ ဒီစာမေးပွဲကို တစ်နှစ်ကျော်သင်တန်းတွေ တက်ပြီးမှ သုတေသနလုပ်ခွင့်ရတာ။ ဒါကြောင့် သုတေသနအလုပ်က တစ်နှစ်ခွဲလောက်ပဲ ရတယ်။ အင်္ဂလန်မှာတော့ သုံးနှစ်ရတယ်။ သုတေသနသန်တဲ့သူအတွက်မို့ အဆင်ပြေတာ။ ပါရဂူတက်မယ့် တက္ကသိုလ်ကို ရွေးချယ်တဲ့အခါ လန်ဒန်မှာရှိတဲ့ နာမည်ကြီးစီးပွားရေးတက္ကသိုလ်မှာ ဝင်ခွင့်ရတယ်။ ဒါပေမယ့် ကြီးကြပ်ဆရာနဲ့ဆွေးနွေးတဲ့အခါ ကျွန်တော် စိတ်ဝင်စားတာနဲ့ ဆရာစိတ်ဝင်စားတာချင်း မတူတာတွေ့ရတယ်။ ဒါကြောင့် ကျွန်တော်နောက်ဆုံးမှာ မန်ချက်စတာမြို့မှာရှိတဲ့ UMIST တက္ကသိုလ်ကို သွားရောက်ခဲ့တာ။ UMIST က အမေရိကန်နိုင်ငံက နာမည်ကြီး MIT နဲ့ ခပ်တူတူ။ သိပ္ပံနည်းပညာဦးစားပေးတဲ့ တက္ကသိုလ်။ ကျွန်တော်က သုတေသနသုံးနှစ်နီးပါးဆောင်ရွက်ပြီး ကြီးကြပ်တဲ့ဆရာက ကျမ်းကြီးရေးခွင့်ပြုခဲ့တယ်။ ကျွန်တော်က လောဘကြီးကြီးနဲ့ သုတေသနတွေ့ရှိချက်တွေက ကျမ်းကြီးပြုစုတဲ့အခါ အပြည့်အဝအသုံးချခဲ့လို့ စာတမ်းကို တစ်နှစ်နီးပါး ပြုစုရေးသားတာ။ ဒါကြောင့်လည်း ပထမအကြိမ် နိုင်ငံရပ်ခြားသွားရောက်တာ ခြောက်နှစ်တိတိ၊ ဒီတုန်းကအဆက်အသွယ်က စာနဲ့ပဲရတယ်။ တယ်လီဖုန်းဆက်ရတာလည်း ဈေးကြီးတာ။ အရေးရယ်၊ အကြောင်းရယ်ဆိုသံကြိုးစာနဲ့ ဆက်သွယ်ရတာ။ အခုလို ခေတ်မီတဲ့ နည်းပညာတွေမရှိသေးတော့ အဆက်အသွယ်က သိပ်ခက်တာ။ ကျောင်းသားဘဝနဲ့ နေရတာ။ ကျပ်တည်းတယ်။ အပိုအလျှံဘာမှမရှိဘူး။ ဒါပေမယ့် ရတဲ့ထောက်ပံ့ကြေးနဲ့ စုရတာ။ ဒီကြားထဲ ငါးနှစ်ပြည့်တဲ့အချိန်မှာ ကျွန်တော့်ကို မြန်မာပြည်ပြန်ဖို့ ခေါ်ခဲ့တယ်။ ကျွန်တော်က ပါရဂူဘွဲ့မရမချင်း မပြန်ဘူးလို့ ဆုံးဖြတ်ထားတာမို့ တစ်နှစ်ပိုနေခဲ့တယ်။ ဒီတစ်နှစ်က အစိုးရရဲ့ခွင့်ပြုချက် မရလို့ ကျွန်တော့်ရဲ့ ထောက်ပံ့ကြေးတစ်ပြားမှ မရတော့ဘူး။ လွန်ခဲ့တဲ့အချိန်က စုဆောင်းထားတဲ့ငွေနဲ့ ကြံဖန်ပြီး ရှင်သန်နိုင်အောင်ကြိုးစားခဲ့တယ်။ အိမ်က ပေးဖို့ကလည်း မဖြစ်နိုင်ဘူး။ ခြောက်နှစ်လုံးလုံး တစ်ခါမှအိမ်ပြန်ခွင့်မရဘူး။ ဖောင်ဖျက်ပြီးနေရသလိုပဲ။ ဒီအတွေ့အကြုံတွေဟာ ကျွန်တော့်ဘဝအတွက် အကျိုးရှိပါတယ်။ ပင်ပန်းတာကို နားလည်တယ်။ အခက်အခဲကို သိလာတယ်။ အဆိုးဆုံးက ကျွန်တော်ပါရဂူဘွဲ့ရပြီး ဘွဲ့နှင်းသဘင်ကို တက်ချင်ပေမယ့် ဖခင် အသည်းအသန် မကျန်းမာဖြစ်တာမို့ အမြန်ဆုံးပြန်လာခဲ့ရတယ်။ ကျွန်တော့်လက်ထဲမှာပဲ သုံးလကြာတဲ့အခါ ဆုံးရှာတယ်။

ဒုတိယအကြိမ်က ၁၉၈၆ မှ ၁၉၈၈ ခုနှစ်အတွင်း အနောက်ဂျာမနီမှာ ပါရဂူဘွဲ့လွန် သုတေသနလုပ်ငန်းအတွက် သွားရောက်ခဲ့တာ။ အခုလိုအခွင့်အရေးရဖို့ ကြိုးစားလိုက်ရတာ။ အခက်အခဲတွေ၊ အတားအဆီးတွေက မျိုးစုံ။ ဒါပေမယ့် ကျွန်တော် ဇွဲကြီးတယ်။ ရအောင်လုပ်မယ်ဆိုပြီး မရမချင်း ကြိုးစားခဲ့တာ။ ဒီတစ်ခေါက်က အရင်အခေါက်လို ကျောင်းသားမဟုတ်တော့ဘဲ ပညာရှင်တစ်ယောက်အနေနဲ့ သုတေသနအလုပ်တွေ လုပ်ခွင့်ရတာ။ ပါရဂူဘွဲ့ရတဲ့သူတွေသာ လုပ်ခွင့်ရတဲ့ သုတေသနလုပ်ငန်း။ သုံးနှစ်နီးပါး ပါမောက္ခတစ်ဦးနဲ့ ဆွေးနွေးတိုင်ပင်ပြီး သုတေသနလုပ်ခဲ့တာ။ သုတေသနရလဒ်တွေကိုစာအုပ်တစ်အုပ်ရေးဖြစ်ခဲ့တယ်။ ခေါင်းစဉ်က “မြန်မာ့စွန့်ဦးတီထွင်မှု” ကိုလိုနီခေတ်စီးပွားရေး သမိုင်းစာအုပ်ကိုတော့ ဂျာမနီနိုင်ငံရဲ့နာမည်အကြီးဆုံး Heidelberg တက္ကသိုလ်က ထုတ်ဝေပေးခဲ့တယ်။ ဒီပါရဂူ ဘွဲ့လွန်သုတေသနအလုပ်ဟာ ရတောင့်ရခဲအခွင့်အရေးတစ်ရပ်ဖြစ်တယ်။ ပေးတဲ့ထောက်ပံ့ကြေးကရှိတော့ ချောင်လည်တယ်။ ကျွန်တော်တစ်နှစ်ကျော် သုတေသနလုပ်ရင်း၊ မိခင်အသည်းအသန်ဖြစ်တာကြားရလို့ ချက်ချင်းအိမ်ပြန်လာခဲ့တယ်။ မိခင်အတွက် ကျွန်တော်သင်္ကန်းဝယ်ပေးခဲ့တယ်။ ဒါပေမယ့် ကျွန်တော် ဂျာမနီကို ပြန်ပြီးမကြာခင်မှာပဲ မိခင်ဆုံးရှာတယ်။ ကျွန်တော့်အမေ မြေချတာ မမြင်လိုက်ရဘူး။ အခုအထိ ယူကျုံးမရဖြစ်ရတုန်း၊ မေမေနေမကောင်းတဲ့အချိန် အမေ့အတွက်ဆိုပြီးသက်သတ်လွတ်စားခဲ့တယ်။ မေမေဆုံးပြီးတော့ အသားကိုရှောင်ပြီး ငါး၊ ပုစွန်ပဲစားတော့တယ်။

တတိယအကြိမ်က ၁၉၉၂ ခုနှစ်ကနေ ၂၀၀၇-၂၀၀၈ ခုနှစ်အထိ။ ဒီတစ်ခေါက်တော့ အလုပ်နဲ့ ထွက်ခွာခဲ့တာ။ နယူးယောက်မြို့၊ ဒါကာမြို့၊ ဗန်ကောက်မြို့နဲ့ တူရင်းမြို့တို့မှာ တာဝန်ထမ်းဆောင်ခဲ့တယ်။ မိသားစုပါတာမို့ အစစအရာရာ အဆင်ပြေတယ်။ နေရာလေးကြိမ်ပြောင်းခဲ့တာမို့ ဇနီးအတွက်ကတော့ ပင်ပန်းလှတာ။ ကုလသမဂ္ဂအဖွဲ့အစည်းမှာလုပ်ရတဲ့အပြင် ဝန်ထမ်းတက္ကသိုလ်မှာ တာဝန်ယူခဲ့တာမို့၊ အဖွဲ့အစည်းအကြောင်း သိခွင့်ရတာ။ နိုင်ငံအနှံ့ကို ရောက်ခဲ့တယ်။

အခုလို နိုင်ငံတကာအတွေ့အကြုံတွေ ပြန်သုံးသပ်ရင်း လူမျိုးမတူတဲ့သူတွေ၊ ဘာသာမတူတဲ့သူတွေ၊ အသားအရောင် မတူတဲ့သူတွေ လူပေါင်းစုံနဲ့ဆုံတွေ့ရတယ်။ ယဉ်ကျေးမှုမတူ၊ အယူအဆမတူတဲ့ သူတွေနဲ့လည်း ပတ်သက်ခဲ့ရတယ်။ ကျောင်းသားဘဝမှာရော၊ သုတေသနလုပ်တဲ့ကာလမှာရော၊ အလုပ်ခွင်မှာရော တွေ့ရဆုံခဲ့ရတာ။ ကောင်းတဲ့သူတွေနဲ့ တွေ့ရသလို အဆင်မပြေတာတွေလည်း ရှိခဲ့တယ်။ သတိထားမိတာက အားလုံးဟာ လူသားတွေပဲ ဖြစ်ကြတယ်။ လူသားတွေ ပီပီ ပြီးပြည့်စုံတာ မရှိပါဘူး။ အားနည်းတာ၊ ချို့တဲ့တာတွေတော့ ရှိတာပါပဲ။ အပြစ်ပြောစရာမရှိတဲ့သူတွေ အရှားသား။ ကိုယ်ကိုယ်တိုင်မှ မပြည့်စုံတာ၊ လူတိုင်းမှာ အားနည်းချက်တွေက ရှိစမြဲပါ။ ဒါကို လက်ခံမယ်။ အသိအမှတ်ပြုမယ်။ အခြားယဉ်ကျေးမှုတွေ၊ ဓလေ့ထုံးစံတွေ၊ အစားအသောက်တွေ တွေ့ကြုံရတော့ ကိုယ့်ရဲ့ယဉ်ကျေးမှု၊ ကိုယ့်ရဲ့ဓလေ့ထုံးစံ၊ ကိုယ့်ရဲ့ အစားအသောက်ကို ပိုပြီးခုံမင်လာမိတယ်။

ကျွန်တော် နားလည်တာတစ်ခုက ကိုယ်က မြန်မာတစ်ယောက်ဖြစ်လို့ မြန်မာကို ချစ်သလို၊ကျန်တဲ့သူတွေကလည်း သူတို့လူမျိုး၊ သူတို့နိုင်ငံကို ချစ်ကြမှာပဲ။ ကိုယ့်ဘာသာကို အလေးထားသလို အခြားဘာသာကို အသိမှတ်ပြုရမှာ။ လူရယ်လို့ဖြစ်လာရင် ချစ်တတ်ကြတယ်။ မုန်းတတ်ကြတယ်။ ရယ်တတ်တယ်။ ငိုတတ်ပါတယ်။ ကျွန်တော်ကတော့ မေတ္တာ၊ စေတနာ၊ ကရုဏာကို ရှေ့တန်းတင်ပြီး အရာရာကို စဉ်းစားစေချင်တယ်။ ကိုယ့်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းရမယ်ဆိုတာကို ယုံကြည်ပါတယ်။ မျိုးချစ်စိတ်ရှိရမယ်။ ဒါပေမယ့် အစွန်းရောက်မယ့် အတွေးအခေါ်တွေ၊ အမြင်တွေကိုတော့ သတိပြုရမှာသာ ဖြစ်တယ်။ မေတ္တာတရားကို အခြေခံတဲ့ ကျွန်တော်တို့လူမျိုးကို ကမ္ဘာက လေးစားစေချင်လှပါတယ်။ ။

# လူမှုအခြေပြုဗဟိုဌာနများတွင် ဝါသနာတူ ကလပ်အသင်းများ ဖွဲ့စည်း

**မူဆယ် နိုဝင်ဘာ ၁၂**

ဒီမိုကရေစီအင်္ဂါရပ်များနှင့်အညီ အစိုးရနှင့် ပြည်သူအကြား ဆွေးနွေးတိုင်ပင်ရမည့် အကြောင်းအရာ ကိစ္စရပ်များ ဆွေးနွေး ပြောကြားနိုင်သည့် အခွင့်အလမ်းများအား ဖော်ဆောင်ပေးရန်၊ ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုများ မြင့်မားလာစေရန်နှင့် ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ နိုဝင်ဘာ ၁၀ ရက်တွင် လူမှုအခြေပြုဗဟိုဌာနများက ဝါသနာတူ ကလပ်အသင်းများ(Book Club, Women Club, Youth Club)များ ဖွဲ့စည်းခြင်း အခမ်းအနား ပြုလုပ်




ခဲ့သည်။

အဆိုပါ ဝါသနာတူ ကလပ်အသင်းများ ဖွဲ့စည်းခြင်း အခမ်းအနားတွင် စာရေးဆရာ၊ ကဗျာဆရာများ၊ ပရဟိတအသင်းမှ စာပေချစ်မြတ်နိုးသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံများတက်ရောက်ပြီး ခရိုင်ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးက ကလပ်အသင်းများ ဖွဲ့စည်းလိုသည့် အကြောင်းအရာများ ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများက မိမိအမြင်များနှင့် မည်သို့မည်ပုံဖွဲ့စည်းသင့်ကြောင်း ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**

# အင်းဝမှ နေပြည်တော်အထိ ငလျင် တိုင်းတာရေး ဆောင်ရွက်မည်

**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး အင်းဝဒေသမှ နေပြည်တော်အထိ ငလျင်လှုပ်ခတ်နိုင်သည့် အခြေအနေများကို ခန့်မှန်းနိုင်ရေး မြန်မာနိုင်ငံငလျင်ကော်မတီ၊မြေတိုင်းဦးစီးဌာနနှင့် စင်ကာပူနိုင်ငံမှကမ္ဘာမြေလေ့လာစောင့်ကြည့်ရေးအဖွဲ့တို့ ပူးပေါင်း၍တိုင်းတာမှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ငလျင်နှင့်ပတ်သက်သည့် ပြတ်ရွေ့ကြောများအခြေအနေတိုင်းတာမှုများကို နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၅ရက်ထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငလျင်ကော်မတီအတွင်းရေးမှူး ဒေါက်တာမျိုးသန့်က ပြောသည်။

“ပြတ်ရွေ့ကြောတွေရဲ့ အထက်အောက်ဘေးတိုက်နဲ့ ရွေ့လျားနှုန်းတွေ သိလာမယ်၊ အနာဂတ်မှာ ငလျင်လှုပ်ခဲ့ရင် ဘယ်နေရာတွေမှာလှုပ်နိုင်ပြီး ပြင်းအားဘယ်လောက်ရှိမလဲ၊ မြေအောက် ဘယ်လောက်အနက်ကလှုပ်မလဲဆိုတဲ့ငလျင်နဲ့ ပတ်သက်ပြီး ခန့်မှန်းနိုင်မယ်”ဟု ၎င်းက ပြောသည်။

တိုင်းတာမှုများကို စစ်ကိုင်းပြတ်ရွေ့ကြောမှ အင်းဝမှနေပြည်တော်ဝန်းကျင်၊ ရေနံချောင်းနှင့် ချောက်မြို့နယ်စသည်တို့တွင် တိုင်းတာမည်ဖြစ်ကြောင်း၊ ၂၀၁၅-၂၀၁၆ က တပ်ဆင်ခဲ့သည့် အလိုအလျောက် မြေငလျင်တိုင်းစက် ၆၅ လုံးမှ ရရှိသော အချက်အလက်များကိုလည်း အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရေဆင်းဆည်တွင် စံချိန်တင် ရေဝင်ရောက်သဖြင့် နွေစပါးစိုက်ဧက ၆၀၀၀ ကျော် အတွက် စိုက်ပျိုးရေ လုံလောက်စွာ ပေးနိုင်မည်

**သတင်းဆောင်းပါး-တင်မောင်လွင်၊ ဓာတ်ပုံ-မောင်မွှေး**



ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းဆည်သည် ယခုနှစ်တွင် မိုးရေချိန် ၆၀ ကျော်အထိ ရွာသွန်းခဲ့သဖြင့် ဆည်အတွင်းရေဝင်ရောက်မှုများကာ နှစ်ပေါင်း ၄၀ ကျော်အတွင်း ပထမဆုံးရေအပြည့်ဝင်ရောက်သည့် နှစ်အဖြစ် စံချိန်တင်ဖြစ်လာကြောင်း သိရသည်။

"ရေဆင်းဆည်က အရင်နှစ်က မိုးရွာမှုနည်းပါးပြီး ရေမလောက်တဲ့အတွက်ကြောင့် သောက်သုံးရေရော၊ စိုက်ပျိုးရေရောတော်တော်လေး ခက်ခက်ခဲခဲပေးခဲ့ရတယ်၊ ဒီနှစ်တော့ မိုးရွာသွန်းမှုလည်းများတယ်၊ မိုးရေချိန်လည်းများတဲ့အတွက်ကြောင့် ဆည်ရေ အပြည့်ဝင်ရောက်ပါတယ်၊ ရေဆင်းဆည်တည်ဆောက်ပြီးစီးသည့် နှစ်ပေါင်း ၄၂ နှစ် အတွင်းမှာ ပထမဆုံး စံချိန်တင်ရေပြည့်လာတာဖြစ်ပါတယ်"ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူ ဦးအောင်အောင်ဦးက ပြောသည်။

ပြီးခဲ့သည့်နှစ်က ရေဝင်ရောက်မှုနည်းသဖြင့် နွေစပါးနှင့် မိုးစပါးစိုက်ပျိုးမှုအတွက် စိုက်ပျိုးရေမပေးဝေနိုင်ခဲ့သော်လည်း ယခုနှစ်တွင် ရေဝင်ရောက်မှုများသဖြင့် နွေစပါးနှင့် မိုးစပါးစိုက်ပျိုးရေကို လျာထားသည်ထက် ပိုမိုလုံလောက်စွာ ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆည်မှာ ရေမပြည့်တဲ့အတွက် မနှစ်ကဆို မိုးစပါးတောင်ရေမပေးနိုင်ခဲ့တာဟာ ဒီနှစ်မှာတော့ ရေပြည့်တာနဲ့ ကျွန်တော်တို့ နွေစပါးစိုက်ဖို့အထိ လျာထားတယ်၊ ပထမတော့ ဧက ၃၀၀၀ ကျော်လောက်ပဲ စိုက်မယ်လို့ တွက်ထားပေမယ့် ဆည်ရေက အပြည့်အဝ ရတဲ့အတွက်ကြောင့် အခု လယ်ဧက ၆၀၀၀ ကျော်လောက် စိုက်ပျိုးနိုင်အောင် လျာထားပါတယ်၊ ဒါကိုလည်း မြို့နယ်နဲ့ နေပြည်တော်ကောင်စီအထိ တင်ထားတာရှိတယ်၊ ပြီးတော့မှ တောင်သူတွေနဲ့ ဆက်လက်ညှိနှိုင်းအတည်ပြုပြီး အနည်းဆုံး ဧက ၆၀၀၀ ကျော်လောက် စိုက်ပျိုးသွားမယ်၊ ဧက ၆၀၀၀ ကျော်လောက်ရေပေးဖို့လည်း အလုံအလောက်ရှိတယ်၊ ဆည်ရေပြည့် ရေလှောင်ပမာဏက ဧကပေ ၇၃၀၀၀ ရှိတယ်၊ နွေစပါးလယ်ဧက ၆၀၀၀ အတွက်ဆိုရင် လိုအပ်ရေပမာဏက ပေ ၃၆၀၀၀ရှိမယ်၊ နောက်ပြီး မြို့ပြသုံးရေအတွက်က ဧကပေ ၁၅၀၀၀ လောက်ခန့်မှန်းထားပါတယ်၊ ဒါဆိုရင် လက်ကျန်ရေလည်း ရှိသေးတယ်၊ ဒါကြောင့် ကျွန်တော်တို့ လျာထားတဲ့ နွေစပါး ဧက ၆၀၀၀ ကျော်ကို ရေဖူဖူလုံလုံပေးနိုင်ပါတယ်၊ တောင်သူတွေကိုလည်း ကျွန်တော်တို့ လျာထားတဲ့ ဧက ၆၀၀၀ ကို ပြည့်မီအောင်၊ ပိုမယ်ဆိုရင်လည်း ပိုအောင် စိုက်နိုင်အောင် ကြိုးစားပေးဖို့ တွန်းအားပေးဖို့နဲ့ ရေအလေအလွင့် မရှိစေဘဲ စနစ်တကျ အသုံးပြုသွားစေချင်ပါတယ် "ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါရေဆင်းဆည်၏ ကန်ရေအမှတ်သည် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် မေလ၌ ၃၉၇ ဒသမ ၈၀ ပေအထိရောက်ရှိခဲ့ပြီး ယခင်စံချိန်တင်လျော့နည်းခဲ့သည့် ၂၀၁၁ ခုနှစ်အတွင်းက ရေအမှတ် ၄၀၄ ဒသမ ၇၈ အောက် ၆ ဒသမ ၉၈ ပေ ကျော် လျော့နည်းခဲ့ကြောင်း သိရသည်။

ရေဆင်းဆည်၏ သတ်မှတ်ကန်ရေပြည့်အမှတ်မှာ ၄၃၉ ပေ(ရေလှောင်ပမာဏ ဧကပေ ၇၃၀၀၀) ရှိပြီး ယခင်ရေဝင်ရောက်မှုအများဆုံးမှာ ၂၀၁၂ ခုနှစ်ကဖြစ်ပြီး ရေလှောင်ပမာဏ ဧကပေ ၇၂၀၀၀ အထိရှိခဲ့ကာ ရေဝင်ရောက်မှုအများဆုံးနှစ်ဖြစ်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ရေဆင်းရေလှောင်တမံ ရေလျော့မှုကြောင့် အနီးဝန်းကျင်ကျေးရွာများရှိ ဒေသခံများ အဓိက အားထားနေရသည့် လယ်မြေဧက ၉၀၀၀ ခန့်မှာ နွေစပါး စိုက်ပျိုးနိုင်မှု မရှိသောကြောင့် ၎င်းတို့စားဝတ်နေရေးအတွက် အခက်အခဲဖြစ်ခဲ့ကြောင်း သိရသည်။

"ရေခန်းမှုဖြစ်တာက မိုးရွာသွန်းမှုနည်းတဲ့အတွက် အဓိကဖြစ်ပါတယ်၊ မိုးနည်းတော့ ကန်ထဲစီးဝင်ရေက လိုအပ်သလောက်မပြည့်မီပါဘူး၊ ရေဆင်းဆည်ဟာ ပြီခဲ့တဲ့ ၂၀၁၀ ခုနှစ်က မိုးရွာသွန်းမှု နည်းပါးခဲ့တဲ့အတွက် ၂၀၁၁ ခုနှစ်မှာ ရေလျော့နည်းဖြစ်ခဲ့တယ်၊ အခု ရေလျော့နည်းမှု ဖြစ်စဉ်ကလည်း ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်က အယ်နီညိုဖြစ်စဉ်နဲ့ မိုးရွာသွန်းမှု နည်းပါးခဲ့တဲ့အတွက်တို့ကြောင့် အဲဒီရဲ့ အကျိုးဆက်တွေကို ဒီနှစ်မှာ ခံစားရမှာဖြစ်ပါတယ်"ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဦးအောင်အောင်ဦးက ပြောသည်။

ရေဆင်းဆည်မှ မြို့ပြရေသုံးစွဲမှုအနေဖြင့် နေပြည်တော်၏ အထင်ကရနေရာတစ်ခုဖြစ်သော အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၊ ခုတင် ၁၀၀၀နှင့် ခုတင် ၃၀၀ တပ်မတော်ဆေးရုံများ၊ ကာကွယ်ရေးဝန်ကြီးဌာန ဂေါက်ကွင်း၊ သစ်တောဂေါက်ကွင်း၊ ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ်၊ သစ်တောတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်များ သုတေသနလုပ်ငန်းများ တိရစ္ဆာန်ဥယျာဉ်၌ (နေပြည်တော်)၊ ဆာဖာရီဥယျာဉ်တို့တွင် အဓိကသုံးစွဲကြကြောင်း သိရသည်။

သက်တမ်းအားဖြင့် ၄၂ နှစ် ရှိပြီဖြစ်သည့် ရေဆင်းဆည်ကို မိုးရာသီစိုက်ပျိုးသည့် သီးနှံများအတွက် ရေလိုအပ်ချိန်တွင် ဖြည့်ဆည်းပေးရန်နှင့် သီးထပ်သီးနှံများအပြင် ရေဆင်းချောင်းနှင့် ဆင်သေချောင်းများမှ ရေလွှမ်းမိုးမှုကို ကာကွယ်ထိန်းသိမ်းပေးရန် ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ်သည်။

ယခုအခါ ရေဆင်းဆည်အတွင်း ရေပိုမိုဝင်ရောက်လာစေရန် ဆည်မြောင်းတာဝန်ရှိသူများအနေဖြင့် ရေဆင်းဆည်အထက်ဘက်ရှိ ကျောက်သံပတ်ချောင်းပေါ်တွင် ရေလွှဲဆည်တစ်ခု တည်ဆောက်ပြီး ရေသွယ်မြောင်း ဖောက်လုပ်ကာ ပုဇွန်ဆိပ်ချောင်းမှတစ်ဆင့် ဆည်အတွင်း ရေကူဖြည့်ပေးခြင်းများ ဆောင်ရွက်ထားကြောင်း၊ ထို့အပြင် ဆည်ရေသောက်အတွင်းရှိ လယ်မြေများ ရေလုံလောက်စွာ ပေးဝေနိုင်ရန် အလဟဿ ပြန်းတီးသွားမည့်ချောင်းများနှင့် ရေနုတ်မြောင်းများမှ ရေကို ပြန်လည်အသုံးပြုနိုင်ရန်အတွက် ပင်းတားဆည်များ တည်ဆောက်ပြီး ရေပေးဝေနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ။




## ရှမ်းတောင်မှ ထွက်ရှိသော သီးနှံများ ပြည်ပသို့ တိုးချဲ့တင်ပို့နိုင်ရန် စိုက်ပျိုးတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်မည်

**ဇာလင်းသူ(AMIA)၊ ဓာတ်ပုံ-ကေဇူး(AMIA)**

ရှမ်းပြည်နယ်မှစိုက်ပျိုးထွက်ရှိနေသော သီးနှံများအနက် ပဲပုပ်၊ ကြက်သွန်ဖြူ၊ လက်ဖက်၊ ထောပတ်သီးနှင့် မီးဖိုချောင်သုံး စားသောက်ကုန်များ ပြည်ပ ဈေးကွက်သို့ ပိုမို တိုးချဲ့တင်ပို့နိုင်ရန် စိုက်ပျိုးတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ရှမ်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာန (တောင်ကြီး)မှ သိရသည်။

"ရှမ်းပြည်နယ်ထွက်ထောပတ်ဆိုရင် ထိုင်းကို တန်ချိန် ၁၇၀၀ ကျော် တင်ပို့နိုင်ခဲ့တယ်၊ ဒီကြားထဲ နည်းပညာတွေ ပြည်ပအဖွဲ့နဲ့ချိတ်ပြီးလည်း သင်တန်းတွေပေးတယ်၊ သီးနှံတစ်မျိုး ထုတ်လုပ်တဲ့အခါမှာ တစ်ဧကထုတ်လုပ်မှု ကုန်ကျစရိတ်တွေ မြင့်တက်နေတာကို လျှော့ချဖို့ လိုအပ်တယ်"ဟု ရှမ်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ် ဦးစီးမှူး ဦးမြသန်းက ပြောသည်။

ကုန်သွယ်မှုပမာဏတိုးတက်လာစေရန် ဈေးကွက်ရှာဖွေခြင်း၊ ပုဂ္ဂလိကကဏ္ဍ အားပေးမြှင့်တင်ဆောင်ရွက်ခြင်း၊ ပံ့ပိုးကူညီခြင်းများ ဆောင်ရွက်ခြင်းတို့ကို အားပေးကူညီသွားမည်ဖြစ်ကြောင်း ပြည်နယ်ဦးစီးမှူး ဦးမြသန်းက ပြောသည်။

ရှမ်းပြည်နယ် တောင်ပိုင်းသည် စားဖိုဆောင် သီးနှံများ အများဆုံး စိုက်ပျိုးလေ့ရှိကြောင်း၊ အခြားသော ဈေးကွက်ဝင် သီးနှံမျိုးစုံလည်း စိုက်ပျိုးရန် သင့်တင့်ခြင်းကြောင့် နှစ်စဉ် တိုးချဲ့ စိုက်ပျိုးလာကြောင်း၊ ပြည်နယ်မှထွက်ရှိသည့် ပစ္စည်းများကို အိမ်နီးချင်း ထိုင်းနှင့် တရုတ်ဘက်သို့ တင်ပို့ရောင်းချလေ့ရှိကြောင်း သိရသည်။

## အပူပိုင်းဇုန်ဒေသများရှိ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် နည်းပညာနှင့် အသေးစားချေးငွေများ လိုအပ်နေ



**ဇာလင်းသူ(AMIA)၊ ဓာတ်ပုံ-ကေဇူး(AMIA)**

အပူပိုင်းဇုန်ဒေသများဖြစ်သော မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများရှိ မွေးမြူရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်လာစေရန် နည်းပညာနှင့် အသေးစားချေးငွေများ လိုအပ်နေကြောင်း မွေးမြူရေးလုပ်ငန်းရှင်များက ပြောကြားသည်။

မွေးမြူရေးလုပ်ကိုင်သူတွေအတွက် လိုအပ်တဲ့ မွေးမြူရေးဆိုင်ရာ အလေ့အကျင့်တွေအတွက် နည်းပညာပေးသင်တန်းတွေ လိုအပ်တယ်။ ပြီးတော့ သူတို့ရဲ့ မွေးမြူရေးကန်တွေမှာ ငါးသားပေါက် ထည့်ပေးတာတွေ ကန်ပြင်ဆင်စရိတ်တွေအတွက် အသေးစားချေးငွေတွေ လိုအပ်တယ်။ လုပ်ငန်းတိုးချဲ့ဖို့ ငွေကြေး မရှိကြဘူး။ ပေးချေမယ့်ငွေကြေးတွေကိုလည်း စီမံခန့်ခွဲတတ်အောင် နည်းလမ်းတကျ ဆောင်ရွက်ပေးဖို့ပါ။ မွေးမြူရေးဆိုတဲ့နေရာမှာလည်း ငါးမွေးမှုမဟုတ်ဘဲ ဝက်၊ ကြက် အကုန်လုံးကို ချေးငွေလိုအပ်တယ် မန္တလေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းရှင် ဦးနောင်နောင်က ပြောသည်။

လက်ရှိတွင်ကျေးရွာများအလိုက် စံပြမွေးမြူရေးလုပ်ငန်းလုပ်ကိုင်နိုင်မည့် တောင်သူလယ်သမားများကို ရွေးချယ်၍လည်းကောင်း မွေးမြူရေးလုပ်ငန်းများ တိုးတက်လာစေရန် ဆောင်ရွက်သင့်ကြောင်း လုပ်ငန်းရှင်များက ပြောသည်။

"ကျေးလက်ဒေသကလူတွေသာ ဒီလုပ်ငန်းတွေအပေါ်မှာ ကျွမ်းကျင်သွားရင် သူတို့ရဲ့တစ်နိုင်တစ်ပိုင်မွေးမြူရေးမှာ လယ်ယာလုပ်ငန်းအပြင် အပိုဝင်ငွေတိုးလာရင် အဲ့ဒီ သူတွေကနေ farmer to farmer (လယ်သမားမှ လယ်သမား) ထပ်ပြီးပွားမယ်၊ အဲဒီနောက်ကျန်တဲ့ရွာတွေကိုလည်း နည်းပညာတွေပွားသွားမယ်"ဟု မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ ငါးမွေးမြူရေးလုပ်ငန်းရှင် ဦးမျိုးမင်းက ပြောသည်။

မြန်မာနိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတု တူညီသည့် ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့၏ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများအပေါ် လေ့လာသုံးသပ်ချက်များအရ ပိုင်ဆိုင်ထားသည့် ရေမြေ သယံဇာတများပေါ်တွင် အကောင်းဆုံး အသုံးချခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ၏ အောင်မြင်မှုများဖြင့် တွဲဖက်ဆောင်ရွက်ခြင်း၊ မွေးမြူရေးလုပ်ငန်းများ ၊ မျိုးကောင်းမျိုးသန့် သားပေါက်များ ထုတ်လုပ်နိုင်မှု ပြည့်စုံခြင်း၊ မွေးမြူရေးဆိုင်ရာ အစာလိုအပ်ချက်များ ပြည့်စုံခြင်း၊ ခေတ်မီမွေးမြူရေးနည်းစနစ်ဆိုင်ရာ လိုအပ်ချက်များ ပြည့်စုံခြင်း၊ ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီစွာ မွေးမြူထုတ်လုပ်ခြင်းနှင့် အသုံးချသုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဦးစားပေးဆောင်ရွက်ခြင်းတို့ ပါဝင်ကြောင်း သိရသည်။

# ဆောင်းတွင်းကာလရောက်ရှိချိန်ဖြစ်၍ စားအုန်းဆီသုံးစွဲမှု လျော့ကျလာပြီး ဈေးနှုန်းလည်း တည်ငြိမ်နေ

ဇာလင်းသူ(AMIA)
ဓာတ်ပုံ-ကေဇူး(AMIA)

ဆောင်းတွင်းကာလ ရောက်ရှိချိန်ဖြစ်၍ ပြည်တွင်း၌ စားအုန်းဆီ သုံးစွဲမှု လျော့ကျလာပြီး ဈေးနှုန်းများလည်း တည်ငြိမ်နေကြောင်း ဆီနှင့်စားအုန်းဆီ ရောင်းချသူများက ပြောကြားခဲ့ကြကြောင်း သိရသည်။



ပြည်ပမှ တင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်း အရောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ထောက်ခံစာ၊ သွင်းကုန်လိုင်စင်ကြေး၊ သယ်ယူပို့ဆောင်စရိတ်များ၊ ဆီကန်သိုလှောင် ထိန်းသိမ်းခများ၊ ကုန်သွယ်လုပ်ငန်းခွန်များ၊ ဆိပ်ကမ်းခွန်များ၊ ဆိပ်ကမ်းကပ်ခများ ပေးဆောင်း၍ တစ်ပိဿာလျှင် အရင်းနှင့် အမြတ်ခွဲ၍ ပြည်တွင်း၌ ပြန်လည်ဖြန့်ဖြူးရောင်းချကြောင်း သိရသည်။

"ရန်ကုန် ဆိပ်ကမ်းရောက် စားအုန်းဆီ တစ်ပိဿာမှာ အရင်းတင်ပဲ တစ်ထောင်ကျော် ကုန်ကျတယ်၊ တစ်ဆင့်ခံအဆင့်ဆင့်ကို ဖြန့်ဖြူးကြတာဖြစ်လို့ လက်ကားဈေးကွက်မှာတော့ ဈေးမကွာပေမယ့် လက်လီဈေးကွက်မှာတော့ ဈေးကွာတယ်၊ လက်ကားမှာ ဈေးနည်းလေ ရောင်းချဈေး နည်းလေကျလေပဲ၊ အခုအချိန်ထိတော့ ဈေးနှုန်းငြိမ်နေတယ်၊ ဈေးတက်လည်း ၁၀၀ကျပ်လောက်ပဲ ရှိတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး စားဆီနှင့် စားအုန်းဆီကုန်သည် ဦးစိုးလွင်ငြိမ်းက ပြောသည်။

လက်ရှိ စားအုန်းဆီ တင်သွင်းနေသည့် တရုတ်၊ အိန္ဒိယ၊ မလေးရှား တို့တွင် အဓိက ပွဲတော်ကြီးများဖြစ်သည့် ဒီပါဝလီနှင့် ဆောင်းကာလ လယ်တွင် ကျင်းပလေ့ရှိသည့် ပွဲတော်များ ရှိနေသဖြင့် စားအုန်းဆီ ပြည်ပတင်ပို့မှု ကျဆင်းလာပြီး အမြတ်ငွေမှာ နေးကွေးလာကြောင်း သိရသည်။

လက်ရှိ ဈေးကွက်အတွင်း စားအုန်းဆီ ဈေးနှုန်းများမှာ နေပြည်တော်တွင် ယခင်လက တစ်ပိဿာလျှင် ကျပ် ၂၀၀၀ မှ ယခုလတွင် ကျပ် ၂၀၀၀ ဖြင့် လည်းကောင်း၊ ရန်ကုန်တွင် ယခင်လက တစ်ပိဿာလျှင် ကျပ် ၁၉၅၀ မှ ယခုလတွင် ကျပ် ၁၉၅၀ ဖြင့် လည်းကောင်း၊ မန္တလေးတွင် ယခင်လက တစ်ပိဿာလျှင် ကျပ် ၂၁၀၀ မှ ယခုလတွင် ကျပ် ၂၁၀၀ ဖြင့် လည်းကောင်း အသီးသီး တည်ငြိမ်နေကြောင်း သိရသည်။

# မိုးစပါးမျိုးစေ့ထုတ် စံပြစိုက်ကွင်းရိတ်သိမ်း

ကျိုက္ကလီ နိုဝင်ဘာ ၁၂

ကျိုက္ကလီမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ ရှောက်ကုန်းကျေးရွာတွင် စိုက်ပျိုးထားသော မိုးစပါးမျိုးစေ့ထုတ် စံပြစိုက်ကွင်းရှိ စံပြကွက်ရိတ်သိမ်းခြင်းကို နိုဝင်ဘာ ၁၀ ရက်က ကျင်းပသည်။ သံတွဲခရိုင်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်မြင့်ရီနှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများ အပါအဝင် တောင်သူများ တက်ရောက်ကြသည်။ မိုးစပါးမျိုးစေ့ထုတ် စံပြစိုက်ကွက်သည် ရှောက်ကုန်းကျေးရွာ တောင်သူ ဦးဝင်းမောင်ပိုင်ဆိုင်သည့် ကွင်းအမှတ် (၂၅၆)တွင် စိုက်ပျိုးထားခြင်းဖြစ်ပြီး တစ်ဧကလျှင် အထွက်နှုန်းမှာ ၉၈ တင်းဖြစ်ကြောင်း၊ သိပ္ပံနည်းကျ စိုက်ပျိုးမှု အချက် ၁၄ ချက်နှင့်အညီ စိုက်ပျိုးထားခြင်းဖြစ်ကြောင်း၊ ယမန်နှစ်ကထက် အထွက်နှုန်း တိုးတက်ကောင်းမွန်ကြောင်း သိရှိရသည်။

မြို့နယ် (ပြန်/ဆက်)



# မြန်မာ့ကျွဲကော ပြည်ပပို့ကုန်မြှင့်တင်ရေးဆောင်ရွက်နေ

နေပြည်တော် နိုဝင်ဘာ ၁၂

မြန်မာ့ကျွဲကောအထွက်နှုန်းတိုးစေရန်နှင့် နိုင်ငံတကာသို့ တင်ပို့နိုင်စေရန်ရည်ရွယ်ကာ ကျွဲကောအများဆုံးစိုက်ပျိုးရာဒေသများတွင် ကျွဲကောဇုန်များတည်ထောင်သွားရန် ရည်ရွယ်ထားကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (MFVP)မှ သိရှိရသည်။ အထူးသဖြင့် မွန်ပြည်နယ် ကျိုက်ထို၊ မုဒုံနှင့် ရေးမြို့နယ်များတွင် ကျွဲကောဇုန်များ တည်ထောင်သွားရန်ရှိပြီး အဆိုပါ စိုက်ပျိုးရေးဇုန်များကို GAP စနစ်ဖြင့် ပြည်ပသို့ တင်ပို့ရန် အလားအလာကောင်းသည့် ကျွဲကောမျိုးများအား တစ်စုတစ်စည်းတည်း စိုက်ပျိုးသွားရန် ရည်ရွယ်ထားကြောင်း အဆိုပါအသင်းမှ ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က ပြောကြားသည်။

ဒေသနှင့် ကိုက်ညီသည့် ဈေးကွက်ဝင် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးသွားရန်၊ ပုဂ္ဂလိက ဥယျာဉ်ခြံများ မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်သွားရန်၊ လက်ရှိကျွဲကောခြံများ အဆင့်မြှင့်တင်ရန်နှင့် အသစ်ထပ်မံစိုက်ပျိုးမည့် ခြံများအတွက် လိုအပ်သည့် စိုက်ပျိုးထုတ်လုပ်စရိတ်များအား နှစ်လတ်၊ နှစ်ရှည် ချေးငွေများ ရရှိရေး ဆောင်ရွက်သွားရန်၊ ထွက်ရှိလာသည့် သီးနှံများအား စနစ်တကျ ထုပ်ပိုးသွားနိုင်ရန်နှင့် ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားရန် အတွက်လည်း ပြည်နယ်အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ထားကြောင်း သိရသည်။

မြန်မာ့ကျွဲကောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပပို့ကုန်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကိုလည်း အောက်တိုဘာလကုန်ပိုင်းက မွန်ပြည်နယ်၊ မုဒုံမြို့နယ်ရှိ အဇင်းစိုက်ပျိုးရေးခြံတွင် ကျင်းပခဲ့ပြီး ကျွဲကောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်မြှင့်တင်ရေးအတွက် လက်ရှိဖြစ်ပေါ်နေသည့် ကျွဲကောစိုက်တောင်သူများ၏ အခက်အခဲနှင့် စိန်ခေါ်မှုများ၊ အားနည်းချက်၊ အားသာချက်များ၊ ပြည်ပပို့ကုန်မြှင့်တင်ရန်အတွက် မျိုးကောင်းမျိုးသန့် ကျွဲကောမျိုးများ စိုက်ပျိုးထုတ်လုပ်ရေးနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သွန်းဝဿန်၊ ဓာတ်ပုံ-အောင်သူ

# နှမ်းနက်မှလွဲ၍ အခြားနှမ်းသီးနှံ ဈေးနှုန်းများ ကျဆင်းလာ

ဒီတစ်ပတ်မှာတော့ နှမ်းအချို့ ဈေးကျဆင်းပါတယ်။ နှမ်းဖြူကတော့ ဒီတစ်ပတ်မှာ တစ်တင်းကို ကျပ် ၅၀၀ လောက်ဈေးကျဆင်း သွားခဲ့ပါတယ်။ နှမ်းအသစ်တွေဝင်ပြီးအနည်းငယ်အရောင်းအဝယ်ပါးတဲ့အတွက် ဈေးကျဆင်း သွားခဲ့ပါတယ်။လက်ရှိမှာတော့ တစ်တင်းကို ကျပ် ၃၅၀၀၀ ပတ်ချာလည်မှာ ရှိနေပါတယ်။



**နှမ်းနီ**

နှမ်းနီလည်း ဒီတစ်ပတ်မှာ အနည်းငယ် ကျဆင်းသွားပါတယ်။နှမ်းတွေကတော့ ပဲတွေလို အတက်အကျမကြမ်းပါဘူး။ကုန်အဝင်ရှိရင် ရှိသလို ဈေးအနည်းငယ်သာပြောင်းလဲတာဖြစ်ပါတယ်။ နှမ်းနီကတော့ လက်ရှိမှာ တစ်တင်းကို ကျပ် ၃၀၀၀၀ ကျော်သာ ပေါက်ဈေးရှိပါတယ်။

**နှမ်းဝါ**

နှမ်းဝါလည်း တခြားနှမ်းတွေနည်းတူ အနည်းငယ်သာ ဈေးကျဆင်းသွားခဲ့ပါတယ်။နှမ်းဝါကတော့ တစ်တင်းကို ကျပ် ၅၀၀ လောက်သာ ဈေးကျဆင်းခဲ့ပြီး လက်ရှိ မှာတော့ တစ်တင်းကို ကျပ် ၃၁၅၀၀ ကျော်ပေါက်ဈေးရှိနေပါတယ်။

**နှမ်းနက်**

နှမ်းနက်ကတော့ ဒီတစ်ပတ်မှာ ဈေးတက်လာပါတယ်။နှမ်းနက်ကတော့ အဓိကတရုတ်နိုင်ငံကို တင်ပို့နေတာ ဖြစ်ပြီးတော့ ဆီထုတ်လုပ်မှုမှာလည်း အဓိကသုံးစွဲတဲ့အတွက် ပြည်တွင်းမှာလည်း ဈေးရတဲ့ ကုန်စည်တစ်ခုပါ။ ပြီးခဲ့တဲ့လက တရုတ်နိုင်ငံကို မူဆယ်၊ ချင်းရွှေဟော်နယ်စပ်တို့ကနေ တန်ချိန် ၃၀၀၀ နီးပါး တင်ပို့ခဲ့ပါတယ်။လက်ရှိပေါက်ဈေးကတော့ တစ်တင်းကို ၃၅၀၀၀ ပေါက်ဈေးရှိနေပါတယ်လို့ ဈေးကွက်အတွင်းမှ သိရှိရပါတယ်။

ဇာလင်းသူ(AMIA)၊ ဓာတ်ပုံ-ကေဇူး(AMIA)

# ပဲကြီးနှင့် မြေပဲဆန်တို့ အတက်ပြပြီး ကုလားပဲလုံးဈေးကျသည့် ပဲဈေးကွက်

ဝတ်ရည်မွန်(AMIA)၊ ဓာတ်ပုံ-ကေဇူး(AMIA)

ပြီးခဲ့တဲ့အပတ်က တန်ဆောင်တိုင်လပြည့်နေ့ပွဲတော်ကာလမှာ ပွဲရုံတွေပိတ်ပြီး အရောင်းအဝယ်တွေ ပိတ်တဲ့အတွက် အပြောင်းအလဲကို သိပ်မတွေ့ရပါဘူး။ဒီတစ်ပတ် ကုန်စည်ဒိုင်တွေ ပြန်ဖွင့်ခဲ့ပြီးအချိန်မှာတော့ အဓိက ပြောင်းလဲသွားတာကတော့ ပြည်တွင်း ပဲဈေးတွေပဲ ဖြစ်ပါတယ်။

**ပဲကြီး (ရွှေကျွန်း၊ ကုန်း)**

ဒီတစ်ပတ်မှာ ထူးထူးခြားခြားနဲ့ ဈေးအမြင့်ဆုံးတက်လာတာကတော့ ပဲကြီး (ရွှေကျွန်း၊ ကုန်း) ပဲ ဖြစ်ပါတယ်။ ပဲကြီးက ဈေးတက်နေတာဆိုရင် နိုဝင်ဘာလ အစမှာတင် တစ်ပိဿာကို ၅၀၀ လောက် ဈေးမြင့်တက်ခဲ့ပါတယ်။အဓိက ပြည်တွင်းမှာပဲ အဓိက ရောင်းချနေတဲ့ ပဲ ဖြစ်ပြီးတော့ ပဲကြော်ဖို လုပ်ငန်းတွေက အဝယ်များတာကြောင့်ဖြစ်ပါတယ်။

ပဲအသစ်တွေမဝင်သေးဘဲ ပဲလက်ကျန်မှာပဲကို နေ့စဉ် အိတ်ပေါင်း ၂၀၀ ကျော်ရောင်းနေရတဲ့ အခြေအနေဖြစ်ပြီး ပြည်တွင်းဈေးကွက်မှာ ဈေးအမြင့်ဆုံးရနေတဲ့ပဲဖြစ်တယ်လို့လည်း ကုန်စည်ဒိုင်တွေကနေ သိရပါတယ်။ ပြီးခဲ့တဲ့နှစ်မှာ ပဲကြီးက တစ်တင်းကို ကျပ် လေးသောင်းကျော် ပေါက်ဈေးရှိခဲ့ပြီး ဒီနှစ်မှာတော့ ပဲကြီးက တစ်တင်းကို ၆၉၀၀၀ ကျော်အထိ ဈေးက မြင့်တက်လာပါတယ်။

**မြေပဲဆန်ဈေးတက်**

ပြီးခဲ့တဲ့ လက ဈေးကျဆင်းခဲ့တဲ့ မြေပဲဆန်က ဒီတစ်ပတ်မှာတော့ ဈေးတက်လာတာကို တွေ့ရပါတယ်။ ပြည်တွင်းကိုသာ အဓိက ရောင်းတာဖြစ်တဲ့အတွက် လက်ရှိမှာ ဆားလှော်လုပ်ငန်းသမားတွေ၊ ဆုံဆီလုပ်ငန်း တွေက အဝယ်များနေတဲ့အတွက် ဈေးက တက်နေပါတယ်။

ကုန်စည်ဒိုင်တွေကိုပဲ အဝင်နည်းနေတာကြောင့်လည်း ဈေးက မြင့်တက်လာနေတာလည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့လက မုံရွာကုန်စည်ဒိုင်ပေါက်ဈေးအရ ဒီတစ်ပတ်မှာတော့ တစ်ပိဿာကို ၁၀၀ ကျော်ဈေးမြင့်တက်လာပါတယ်။



**ကုလားပဲလုံးဈေးကျဆင်း**

ကုလားပဲလုံးကတော့ ဒီတစ်ပတ်မှာ ဈေးတော်တော်ကျဆင်းသွားပါတယ်။ ပြီးခဲ့တဲ့ လမှာတော့ ဈေးက အနည်းငယ်ပြန်ကျဆင်းသွားပါတယ်။လက်ရှိမှာတော့ ပဲအဝင်တွေ သိပ်မရှိသေးဘဲ လက်ကျန်တွေကိုသာ ရောင်းချနေပါတယ်။

ပြီးခဲ့တဲ့အပတ်နဲ့ နှိုင်းယှဉ်လိုက်ရင် တစ်တင်းကို ၄၀၀၀ လောက် ဈေးက ကျဆင်းသွားပါတယ်။

ကုလားပဲကတော့ အိန္ဒိယနိုင်ငံကို အဓိက တင်ပို့နေတဲ့ပဲဖြစ်တဲ့အတွက် အိန္ဒိယနိုင်ငံမှာ ကုလားပဲဈေးကို အခြေခံ ဈေးတိုးမြှင့်ပေးခဲ့ပါတယ်။ပြီးတော့ ပဲဝါလေးကို သွင်းကုန်ခွန် တိုးကောက်ပြီး ကုန်သွယ်ကန့်သတ်မယ်ဆိုတဲ့ သတင်းတွေကြောင့် ကုလားပဲက ဈေးတက်နိုင်တဲ့ အခြေအနေရှိတယ်လို့ အိန္ဒိယကုန်သည်တွေက သုံးသပ်ထားပါတယ်။

**ပဲစင်းငုံ**

ပဲစင်းငုံကတော့ ပြည်တွင်းမှာ ပဲလက်ကျန်အနည်းသာ ရှိနေပေမယ့် အရောင်းအဝယ်အေး ဈေးအေးအခြေအနေနဲ့ ရှိနေပါတယ်။

မြန်မာပြည်တွင်းမှာတင် မဟုတ်ပဲ အိန္ဒိယနိုင်ငံမှာလည်း ပဲစင်းငုံက အဝယ်နည်းဈေးနည်းအခြေအနေတစ်ခု ဖြစ်ပါတယ်။ အိန္ဒိယအစိုးရမှာတင် တန်ချိန် ရှစ်သိန်းက ရှိနေပြီး ဈေးကတက်လည်းမတက်ဘဲ အကျနဲ့ အငြိမ် နှစ်ခု အခြေအနေမှာဖြစ်နေပါတယ်။

ပြီးခဲ့တဲ့အပတ်က တစ်တင်းကို ကျပ် ၉၀၀၀ အထိ အနိမ့်ဆုံးဈေး ရောက်ရှိခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ၁၀၀၀၀ ကျော်အထိ ဈေးကအနည်းငယ်မြင့်တက်ခဲ့ပါတယ်။

# ဝယ်လက်မသေချာမှုကြောင့် မတ်ပဲစိုက်တောင်သူများ ဝေခွဲမရဖြစ်နေ



**စလင်း နိုဝင်ဘာ ၁၂**

မတ်ပဲဈေးနှုန်းမှာ မူလထက်ကျဆင်းလျက်ရှိပြီး အိန္ဒိယဝယ်လက်မှာလည်း သေချာမှုမရှိတော့ခြင်းကြောင့် မတ်ပဲစိုက်ပျိုးချိန်ရောက်လာသော်လည်း တောင်သူများ ဝေခွဲမရဖြစ်ကာ စိုးရိမ်မှုများ ဖြစ်ပေါ်နေကြောင်း သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးမှုများတွင် အပူပိုင်းဒေသ၏ အဓိကသီးနှံဖြစ်သည့် ပဲအမျိုးမျိုးသည် ထိပ်ဆုံးကပါဝင်လျက်ရှိပြီး နိုင်ငံခြားတင်ပို့မှု၊ ပြည်တွင်းစားသုံးမှုများကြောင့် သီးနှံတင်သလောက် အကျိုးအမြတ်လည်းရရှိနိုင်သည့် သီးနှံများ ဖြစ်သည်။ သို့သော် ယခုနှစ်မှစတင်ကာ အိန္ဒိယမှ ပဲအမျိုးမျိုး မှာယူခြင်းကို ကန့်သတ်လိုက်ခြင်းကြောင့် ပဲစိုက်ပျိုးသူများအတွက် စိန်ခေါ်မှုကြီးမားစွာကြုံတွေ့နေကြခြင်းဖြစ်သည်။

"ကျွန်တော်တို့ဆီမှာ စပြီးစိုက်ကြပျိုးကြတော့မယ်၊ အခုထိ ဝေခွဲမရသေးဘူး၊ အကျိုးအမြတ် ရနိုင်မယ်၊ မရနိုင်ဘူးဆိုတာ မခန့်မှန်းနိုင်ဘူး၊ မစိုက်ပြန်ရင်လည်းအခက်၊ စိုက်ဖို့ရာလည်း အကျိုးအမြတ်ကို မတွက်ချက်နိုင်နဲ့ တောင်သူတွေအတွက် ခန့်မှန်းရခက်တဲ့အနေအထားပါပဲ''ဟု မတ်ပဲစိုက်တောင်သူတစ်ဦးကပြောကြားသည်။

မတ်ပဲမှာ အိန္ဒိယမှ အဝယ်မရှိတော့သည်နှင့်တစ်ပြိုင်နက် ဈေးနှုန်းများကျဆင်းလာခဲ့ရာ ယခုနှစ်တွင် တောင်သူအများစုမှာ စိတ်ပူပန်မှုများစွာဖြင့် မတ်ပဲများပျိုးကြဲနေကြသည်ကိုလည်း တွေ့ရှိရသည်။ မတ်ပဲစိုက်ပျိုးရန်အတွက် အချိန်ကာလနှစ်လခွဲသာကြာမြင့်ပြီး မူလက အကျိုးအမြတ်ဖြစ်ထွန်းမှုများကိုမူ မှန်းဆမနေရဲကြောင်း စိုက်ပျိုးလျက်ရှိသည့် တောင်သူများက ဆိုသည်။

ထူးခြားသည်မှာ ယခုနှစ်တွင် နှစ်တိုင်းထက် မျိုးစေ့ဈေးနှုန်းများ ကျဆင်းနေသည့်အတွက် စိုက်ပျိုးစရိတ်ကုန်ကျမှုတွင် အနည်းငယ်လျော့ပါးလာစေနိုင်ကြောင်းသိရသည်။ ယမန်နှစ်တွင် မျိုးတစ်တင်းကို ငွေကျပ် ခုနစ်သောင်းကျော် ပေးရသော်လည်း ယခုနှစ်တွင် ငွေကျပ် နှစ်သောင်းဝန်းကျင်သာရှိတော့ကြောင်း သိရသည်။ သို့သော် မတ်ပဲသည် ပျိုးထက် ဆေးဖိုးကုန်ကျစရိတ်များ အလွန်ကုန်ကျသည့် သီးနှံမျိုးလည်းဖြစ်သည်။ ပိုးသတ်ဆေးမှာ တစ်ဧကလျှင် ငွေကျပ် လေးသောင်းဝန်းကျင်ကုန်ကျတတ်ကြောင်း၊ စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်းတို့တွင်လည်း အလုပ်သမားခ၊ သယ်ယူပို့ဆောင်ခများ ကြီးမြင့်ခြင်းကြောင့် မတ်ပဲတောင်သူ အချို့က မတ်ပဲအစား နှမ်းနှင့် အခြားသော ရေတိုသီးနှံများကို စိုက်ပျိုးရန် စဉ်းစားနေကြသည်ကိုလည်း မြင်တွေ့ရသည်။

"ဈေးတွေက တစ်တင်းကို သုံးချိုးတစ်ချိုးလောက် ကျဆင်းသွားတာ၊ ရာသီဥတုကလည်း မိုးများခဲ့တော့ တစ်လျှောက်လုံး အလုပ်မဖြစ်ခဲ့ဘူး၊ ရတာကျတော့လည်း ဈေးကွက်က ဈေးနှိမ်တာဆိုတော့ မတ်ပဲကို တော်တော်လေး မှန်းမရကိုဖြစ်နေတယ်၊ တစ်ပြည်လုံးအတိုင်းအတာနဲ့လည်း စိုက်သူနည်းမယ်လို့ ခန့်မှန်းရပါတယ်၊ အဓိကကတော့ ဈေးကွက်မရှိမှာစိုးရိမ်ကြလို့ပါ''ဟု စလင်းမြို့နယ်မှ တောင်သူတစ်ဦးကလည်း ပြောကြားသည်။

**သွန်းဝသန်**

# မတ်ပဲအစားထိုးသီးနှံ စိုက်ပျိုးရန် လိုအပ်သော နည်းပညာနှင့်မျိုးစေ့များဖြန့်ဝေပေး

**ဘားအံ နိုဝင်ဘာ ၁၂**

ကရင်ပြည်နယ် ဘားအံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများအား မတ်ပဲအစား အစားထိုးသီးနှံစိုက်ပျိုးရန်အတွက်လိုအပ်သော နည်းပညာနှင့် အစားထိုးသီးနှံမျိုးစေ့များ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံကနေ အိန္ဒိယနိုင်ငံကို တင်ပို့ရောင်းချနေတဲ့မတ်ပဲနဲ့ ပဲစင်းငုံကိုမဝယ်တော့ဘူး၊ အခုပြည်ပမှာ ဈေးကွက်မရှိတော့တဲ့အတွက်ကြောင့် မတ်ပဲအစား အခြားသော အစားထိုးသီးနှံစိုက်ပျိုးနိုင်ဖို့အတွက် မတ်ပဲစိုက်ပျိုးနေတဲ့ တောင်သူတွေကို လိုအပ်တဲ့နည်းပညာနဲ့ မျိုးစေ့တွေ ဖြန့်ဝေပေးထားပြီးဖြစ်တယ်''ဟု ဘားအံမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဦးက ပြောသည်။

လက်ရှိဘားအံမြို့နယ်အတွင်း မတ်ပဲစိုက်ပျိုးသည့် ဧက ၁၅၀၀ ကျော်ရှိကာ လာမည့် ပဲစိုက်ရာသီတွင် မတ်ပဲအစား အစားထိုးသီးနှံစိုက်ပျိုးရန် ကုမ္ပဏီနှစ်ခုနှင့်ချိတ်ဆက်ပြီး တောင်သူများလက်ဝယ်သို့ အစေ့ထုတ်ပြောင်း တင်း ၂၀၀ ကျော်ကိုဖြန့်ဝေပေးထားပြီးဖြစ်ကာ တောင်သူများကိုလည်း နှမ်းစမုံနက်၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်များစိုက်ပျိုးရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မတ်ပဲအစားထိုးသီးနှံစိုက်ပျိုးရန်အတွက် အခြားသောတောင်သူများအနေဖြင့် လိုအပ်သောနည်းပညာနှင့် အခြားသောအကူအညီများလိုအပ်ပါက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနသို့ လာရောက်ချိတ်ဆက်ကာ အကူအညီများ တောင်းယူနိုင်ပြီး တောင်သူလိုအပ်ချက်များကို ကုမ္ပဏီနှင့် ချိတ်ဆက်ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကူညီဆောင်ရွက်ပေးသွားမည့်အပြင် စိုက်ပျိုးမည့်ကာလတွင်လည်း လိုအပ်သော နည်းပညာများ ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

အစေ့ထုတ်ပြောင်းကိုတောင်သူများအနေဖြင့် အဆင့်မီစိုက်ပျိုးနိုင်ရန်အတွက် ကုမ္ပဏီနှစ်ခုနှင့်ချိတ်ဆက်ကာ ယင်းကုမ္ပဏီမှ လိုအပ်သောနည်းပညာမျိုးစေ့ မြေသြဇာ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးမည့်အပြင် ထွက်ရှိသော ပြောင်းစေ့များကို စာချုပ်ပါအတိုင်း တစ်ပိဿာ ကျပ် ၄၀၀ ဖြင့် ဝယ်ယူမည်ဖြစ်ပြီးကာလပေါက်ဈေးအတိုင်း ဈေးနှုန်းကျဆင်းသော်လည်း စာချုပ်ပါအတိုင်း ကုမ္ပဏီသတ်မှတ်ထားသည့် ဈေးနှုန်းအတိုင်း ဝယ်ယူပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကုမ္ပဏီအနေဖြင့် အစားထိုးသီးနှံအစေ့ထုတ်ပြောင်းစိုက်ပျိုးရန်အတွက် တစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်း အတိုးစနစ်ဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိ အစေ့ထုတ်ပြောင်း တစ်ပိဿာလျှင် ကျပ် ၄၇၀ ကာလပေါက်ဈေးရှိနေပြီး နှမ်းစမုံနက်မှာ ကျပ် ၄၅၀၀၀ ကာလပေါက်ဈေးရှိနေကြောင်း သိရသည်။

**မင်းထွန်းဇော်၊မင်းရာဇာ(မြစ်ကြီးနား)**

# JICA ၏ နှစ်ဆင့်ချေးငွေဖြင့် ဝယ်ယူသည့် စက်ကိရိယာများကို တောင်သူများထံပေးအပ်

**မုံရွာ နိုဝင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီးသည် စိုက်ပျိုးရေး အားကောင်းသော ဒေသကြီးဖြစ်ပြီး စုစုပေါင်း အသားတင် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကျပ် ၇၃၂၅ ဘီလီယံရှိသည့်အနက် လယ်ယာစိုက်ပျိုးရေးကဏ္ဍပါဝင်မှုသည် ၃၈ ဒသမ ၆၇ ရာခိုင်နှုန်းဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဦးစိုးဦးက ပြောသည်။

နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီက မုံရွာမြို့ မြို့တော်ခန်းမဥ္စကျင်းပသော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှစ်ဆင့်ချေးငွေစီမံကိန်း(JICA Two Step) ချေးငွေဖြင့် ဝယ်ယူသည့် စက်ကိရိယာများကို တောင်သူလယ်သမားများသို့ ပေးအပ်သည့် အခမ်းအနားတွင် ဝန်ကြီးကထည့်သွင်းပြောကြားခြင်းဖြစ်သည်။

"စစ်ကိုင်းတိုင်းရဲ့ ကျေးလက်နေလူဦးရေဟာ ၇၀ ရာခိုင်နှုန်းကျော်ရှိတဲ့အတွက် လယ်ယာစိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်နေတာတွေ့ရပါတယ်၊ ဒီလိုလုပ်ကိုင်ရာမှာ လယ်ယာသုံးစက်ကိရိယာနဲ့လုပ်တာ တော်တော်လေးနည်းပြီး မိရိုးဖလာ လှည်းနဲ့ နွားကိုပဲ အဓိကထားလုပ်နေကြတာကို တွေ့ရပါတယ်၊ နိုင်ငံတော်အနေနဲ့ လက်မှုလယ်ယာစနစ်ကနေ စက်မှုလယ်ယာစနစ်ကိုရောက်အောင် မူဝါဒတွေချမှတ်ပြီး ကျေးလက်နေတဲ့ တောင်သူတွေ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံကနေ ကူညီပံ့ပိုးပေးနေပါတယ်''ဟုဝန်ကြီးဦးစိုးဦးကပြောကြားသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် ဂျပန်ချေးငွေအထောက်အပံ့ဖြင့် လယ်ယာသုံးစက်ကိရိယာများကို ကျေးလက်နေတောင်သူများကိုထုတ်ချေးပေးနိုင်ရန်အတွက် သင့်လျော်သည့် ငွေချေးစည်းကမ်းချက်များ သတ်မှတ်ပြီး မြို့နယ်၊ ခရိုင်ချေးငွေကြီးကြပ်ရေးအဖွဲ့၊ တိုင်းဒေသကြီးချေးငွေကြီးကြပ်ရေးကော်မတီနှင့် ဗဟိုအဆင့်ဦးဆောင်ကော်မတီအဆင့်ဆင့်ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် လက်ရှိဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း၆၅၀၀၊ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ကျပ်သန်း၇၅၀၀၊ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ကျပ်သန်း ၂၀၀၀ စုစုပေါင်း ကျပ်သန်း ၁၉၀၀၀ လျာထားပြီးဖြစ်ကြောင်း ဝန်ကြီးဦးစိုးဦးထံမှ သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရွှေဘိုမြို့နယ်၊ ခင်ဦးမြို့နယ်၊ တန့်ဆည်မြို့နယ်နှင့် ပင်လည်ဘူးမြို့နယ်တို့မှ တောင်သူ ခြောက်ဦးကိုပေးအပ်သည့် စက်ကိရိယာတန်ဖိုးသည် ငွေကျပ် ၂၃၈ ဒသမ ၁၀ သန်း ဖြစ်ကြောင်း သိရသည်။

တောင်သူများသို့ စက်ကိရိယာပေးအပ်ပွဲတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက နှစ်ဆင့်ချေးငွေ စီမံကိန်းအကြောင်း ရှင်းပြသည်။ ထို့နောက် JICA Myanmar Officer Senior Representative ဖြစ်သူ Mr Mamiza Sahai က ပူးပေါင်း ဆောင်ရွက်ရမှုအပေါ် ဝမ်းသာအားရစကားကို ပြောကြားပြီး JICAချေးငွေဖြင့် ဝယ်ယူသည့်စက်ကိရိယာများကို တောင်သူခြောက်ဦးသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံ၊ စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာတို့က ပေးအပ်သည်။

"လယ်ယာသုံး စက်ကိရိယာတွေ လက်ခံတဲ့တောင်သူတွေအနေနဲ့ လယ်ယာလုပ်ငန်းခွင်မှာ အကျိုးရှိရှိ အသုံးချတတ်မှသာ မိသားစုဝင်ငွေတိုးလာမှာဖြစ်ပါတယ်၊ ဘဏ်ကနေ သတ်မှတ်ထားတဲ့ ငါးနှစ်တာကာလအတွင်းမှာ ချေးငွေကို အရစ်ကျပြန်လည်ပေးဆပ်နိုင်ရမှာ ဖြစ်ပါတယ်၊ ကျန်တဲ့တောင်သူတွေအနေနဲ့လည်း သတ်မှတ်ထားတဲ့ စည်းကမ်းဘောင်အတွင်းမှာဝင်ရင် နိုင်ငံတော်က အချိန်ကာလတစ်ခုအတွင်း ဆောင်ရွက်ပေးလာတဲ့အခွင့်အရေးကို လက်လွှတ်မခံဘဲ မိသားစုဝင်ငွေတိုးတက်ရေးကနေ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အကျိုးရှိရှိထိထိရောက်ရောက်ဆောင်ရွက်နိုင်ဖို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နဲ့ ဆက်သွယ်ဆောင်ရွက်ကြဖို့လိုပါတယ်''ဟု မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက ပြောကြားသည်။

နှစ်ဆင့်ချေးငွေစီမံကိန်းကို ၂၀၁၇-၂၀၁၈ ခုနှစ်မှစတင်ကာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး ငါးခုတွင် စတင်အကောင်အထည်ဖော်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီးသည် စတုတ္ထပြုလုပ်သော တိုင်းဒေသကြီးဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# မြစ်ရေကို အားထားသည့် ညောင်ဦးမြို့နယ်ကျေးရွာအချို့ ဆောင်းမြေပဲ စိုက်ပျိုးကြပြီ

**ညောင်ဦး နိုဝင်ဘာ ၁၂**

ညောင်ဦးမြို့နယ်၌ မြေပဲစိုက်ရာသီရောက်ရှိလာပြီဖြစ်သဖြင့် ဆောင်းမြေပဲစိုက်ချိန်သုံးလအတွင်း ဧရာဝတီမြစ် ရေကျသောကျွန်းဒေသများပေါ်တွင်လည်းကောင်း၊ မြစ်ရေတင်ကြီးများရှိနေသည့် ကုန်းမြေများပေါ်တွင် လည်းကောင်း သီးထပ်အဖြစ် စတင်စိုက်ပျိုးကြတော့မည်ဖြစ်သည်။

ဆောင်းမြေပဲစိုက်ပျိုးရာတွင် စိုက်ပြီး ၁၅ ရက်သားအထိ မိုးလွတ်ရန်စောင့်ဆိုင်းစိုက်ပျိုးကြရသဖြင့် တန်ဆောင်မုန်းလပြည့်ကျော်ပြီးမှ ရက်သတ္တပတ်တစ်ခုအချိန်ပေးရကြောင်း ဒေသခံတောင်သူများထံက သိရှိရသည်။ "ကျွန်တော်တို့ တောင်သူတွေက ဆောင်းမြေပဲကို အလေးထားစိုက်ပျိုးပါတယ်၊ တခြားလည်း စိုက်ပျိုးစရာ ဘာမှ မရှိသလောက်ပါပဲ၊ ဒါကြောင့် နှစ်ပတ်လည်တိုင်း ဆောင်းမြေပဲကို မလွတ်တမ်းအားထည့် စိုက်ကြပျိုးကြရတယ်၊ တွက်ခြေကိုက်တဲ့ သီးနှံဖြစ်တာကြောင့် ဂရုစိုက်ရတယ်၊ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာတော့ အောက်ညဥ့်ရွာ၊ အထက်ညဥ့်ရွာနဲ့ သူကောင်းတည်ရွာတို့တွေက တောင်သူအားလုံး ဆောင်းမြေပဲနဲ့ အသက်ဆက်ကြရတာပါ၊ မြေပဲစိုက်တဲ့အခါမှာလည်း မိုးရွာရင်၊ မိုးပိရင် အပင်ကပင်ပေါက်မကောင်းတတ်ဘူး၊ အဲလိုမိုးမိခဲ့ရင် မြေပဲက ထွားကြိုင်းမှုမရှိဘဲ အထွက်နှုန်းလည်း နည်းတတ်တယ်၊ ဒါကြောင့်မြေကြီးကို အခြောက်ခံစိုက်ကြရပါတယ်၊ မြေခြောက်သွားပေမယ့်လည်း သူကောင်းတည်မြစ်ရေတင်နဲ့နီးတဲ့အတွက် ရေပေးလို့ လွယ်ကူပါတယ်၊ ဒီနှစ်မှာ မြေကြီးက တအားခြောက်တဲ့အတွက် မနက်ဖြန်တော့အခြေအနေကြည့်ပြီးရင် မြစ်ရေတင်ကလာမယ့်ရေနဲ့ ဖျန်းပေးဖို့လိုမယ်''ဟု တောင်သူတစ်ဦးက ပြောသည်။

သို့သော် ယခုနှစ်တွင် မြစ်ရေတင်မှ ရေကို အသုံးပြုရန် အခက်အခဲအချို့ကြုံတွေ့နေရကြောင်းလည်း ဒေသခံများက ပြောကြားသည်။ မြစ်ရေတင်တောင်းတဲ့အခါ "ကျွန်တော်တို့ ဆောင်းသီးနှံက လျာထားကေထဲမှာ မပါဘူးလို့ ဌာနဆိုင်ရာက တာဝန်ရှိသူတွေ ပြောပါတယ်၊ ဆောင်းမြေပဲစိုက်တဲ့သူတွေအတွက် လျာထားကေတွေ ထည့်သွင်းပေးသင့်ပါတယ်၊ ကျွန်တော်တို့က သူကောင်းတည်မြစ်ရေကိုအဓိက အားကိုးစိုက်ကြတာမို့ ဆောင်းသီးနှံစိုက်တဲ့အတွက်လည်း ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေအဖြစ် ရယူလိုပါတယ်၊ တောင်သူတွေအတွက်လည်း မြေပဲဟာ တစ်နှစ်မှာ တစ်ခါသာ စိုက်ရတဲ့သီးနှံဖြစ်နေတာမို့ လက်လွှတ်မခံလိုကြပေမယ့် နောက်ပိုင်းမှာ သွင်းအားစုတွေ၊ ပိုးသတ်ဆေး၊ မြေသြဇာကုန်ကျစရိတ်ဖိုးကာမိအောင် ချေးငွေလည်းရယူလိုပြီး မြစ်ရေတင်လည်း အဆင်ပြေစေချင်တယ်''ဟု ဒေသခံတစ်ဦးကလည်း သုံးသပ်ပြသည်။



**ကျော်ဌေး(ညောင်ဦး)**

# ဂျပန်ဦးနှောက်ရောင်ရောဂါ ကြိုတင်ကာကွယ်ပါ

ဒေါက်တာ မြတ်ထွင့်ညွန့်

ကူးစက်တတ်သော ရောဂါတစ်မျိုးဖြစ်သည့် ဂျပန်ဦးနှောက်ရောင်ရောဂါသည် ကာကွယ်ဆေးဖြင့် ထိရောက်စွာ ကာကွယ်တားဆီးနိုင်သော ရောဂါတစ်မျိုးဖြစ်သောကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ကလေးငယ်များကို အစုလိုက် ကာကွယ်ဆေးထိုးနှံပေးလျက်ရှိရာ ပူးပေါင်း ပါဝင် ထိုးနှံကြရန် လိုအပ်ပါသည်။

**ဂျပန်ဦးနှောက်ရောင်ရောဂါဆိုတာ**

ဂျပန်ဦးနှောက်ရောင်ရောဂါ (Japanese Encephalitis) ဆိုသည်မှာ JEV ဗိုင်းရပ်စ်ပိုးတစ်မျိုး၊ JEV ကြောင့်ဖြစ်သော ရောဂါဖြစ်သည်။ ရောဂါပိုးရှိနေသော ခြင်အကိုက်ခံရရာမှ လူတွင် ဗိုင်းရပ်စ်ပိုး ကူးစက်ခံရပြီး ရောဂါဖြစ်ပွားခြင်း ဖြစ်သည်။ ၁၈၇၁ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ စတင်ဖော်ထုတ် တွေ့ရှိခဲ့သည့်အတွက် ဂျပန်ဦးနှောက်ရောင်ရောဂါဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။ နှစ်စဉ် ဂျပန်ဦးနှောက်ရောင်ရောဂါ ဖြစ်ပွားမှုပေါင်း ၆၈၀၀၀ ကျော်အထိရှိပြီး အကြမ်းဖျင်းအားဖြင့် ၃၀ ရာခိုင်နှုန်းခန့်အထိသည် ဂျပန်ဦးနှောက်ရောင်ရောဂါကြောင့် အသက်သေဆုံးရလျက်ရှိသည်။ ခန့်မှန်းခြေအားဖြင့် ဂျပန်ဦးနှောက်ရောင်ရောဂါကြောင့် နှစ်စဉ် သေဆုံးရသူပေါင်း ၁၃၆၀၀ မှ ၂၀၄၀၀ အထိရှိသည်။ ရောဂါဖြစ်ပွားပြီး ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ နောက်ဆက်တွဲပြဿနာများဖြင့် ရေရှည်ထိခိုက်သူများမှာလည်း ရောဂါဖြစ်ပွားခံစားရသူများ၏ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိရှိသည်။ ဂျပန်ဦးနှောက်ရောင်ရောဂါကို မြန်မာနိုင်ငံအပါအဝင် အာရှ-ပစိဖိတ်နိုင်ငံ ၂၄ နိုင်ငံတွင် ဖြစ်ပွားနေကြောင်း သိရသည်။ ဂျပန်ဦးနှောက်ရောင်ရောဂါသည် သက်ရွယ်မရွေး ဖြစ်ပွားနိုင်သော်လည်း ကလေးများတွင် ပိုမိုဖြစ်ပွားလေ့ရှိသည်။

၁၉၂၄ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ ၆၁၂၅ ဦးတွင် ရောဂါဖြစ်ပွားကြောင်း တွေ့ခဲ့ပြီး ထိုအထဲမှ ၃၇၉၇ ဦး သေဆုံးခဲ့သည်။ ၁၉၄၀ မှ ၁၉၇၈ ခုနှစ်အတွင်းတွင် တရုတ်နိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် အိန္ဒိယနိုင်ငံများတွင် အဖြစ်များခဲ့သည်။ အလားတူ ၁၉၇၅ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိခဲ့သည်။ မြန်မာနိုင်ငံ၌ ၂၀၀၇ နှင့် ၂၀၀၈ ခုနှစ်များ၌ ရခိုင်ပြည်နယ်တွင် အဖြစ်များခဲ့သည်။

**ရောဂါကူးစက်ဖြစ်ပွားပုံ**

ဂျပန်ဦးနှောက်ရောင်ရောဂါသည် ခြင်ကိုက်ခံရရာမှတစ်ဆင့် ဗိုင်းရပ်စ်ပိုးကူးစက်ခံရသော ရောဂါဖြစ်သည်။ အဓိကအားဖြင့် စပါးစိုက်ခင်း၊ ရွံ့နွံတော၊ ရေမြောင်းနှင့် ရေအိုင်ငယ်များတွင် ပေါက်ပွားရှင်သန်လေ့ရှိသည့် ခပ်ညိုညို အရောင်အသွေးရှိသည့် ကျူးလက်ခြင် (Culex) မှတစ်ဆင့် ကူးစက် ပျံ့နှံ့လေ့ရှိသည်။ ဂျပန်ဦးနှောက်ရောင်ရောဂါပိုး (JEV) သည် ဝက်နှင့် ရေပျော်ငှက်များဖြစ်သည့် ဗျိုင်း၊ တောဘဲ စသည်တို့တွင် ရှိနေတတ်သည်။ ထိုတိရစ္ဆာန်များကို ခြင်ကကိုက်သည့်အခါ ဗိုင်းရပ်စ်ပိုးက ခြင်ထဲရောက်သွားသည်။ ထိုရောဂါပိုးရှိနေသော ခြင်က လူကို ကိုက်သည့်အခါ လူတွင် ရောဂါလက္ခဏာများ ပေါ်လာစေသည်။ လူမှာသာမက မြင်း၊ ကျွဲ၊ နွား စသည်တို့တွင်လည်း ကူးစက်ခံရနိုင်သည်။ ဂျပန်ဦးနှောက်ရောင်ရောဂါပိုးသည် ရောဂါပိုး သယ်ဆောင်ထားသော ခြင်ကိုက်ခြင်းဖြင့်သာ ကူးစက်ခံရနိုင်ပြီး အခြားသောနည်းများဖြင့် ကူးစက်နိုင်ခြင်း မရှိပါ။

**ရောဂါလက္ခဏာများ**

ရောဂါပိုးရှိသည့် ခြင် အကိုက်ခံရပြီး ၂ ရက်မှ ၁၅ ရက်အတွင်း ရောဂါလက္ခဏာများ ဖြစ်ပေါ် ခံစားရနိုင်သည်။ ရောဂါပိုး ကူးစက်ခံရသော်လည်း အများစုမှာ ရောဂါလက္ခဏာပေါ်သည့်အဆင့် မရောက်ဘဲ တချို့တွင်သာ ရောဂါဖြစ်ပေါ်ခံစားရသည်။ ရောဂါကူးစက်ခံရသူ ၂၅၀ လျှင် တစ်ယောက်ခန့်သည်သာ ဦးနှောက်ရောင်ရမ်းသည့်အဆင့်အထိ ဖြစ်တတ်သည်။ အထူးသဖြင့် ကလေးများတွင် ရောဂါ ပိုမိုဆိုးရွားလေ့ရှိသည်။ ရောဂါလက္ခဏာများအဖြစ် ချမ်းတုန်ခြင်း၊ ကိုယ်ပူကြီးခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲ နာကျင်ခြင်း၊




ပျို့အန်ခြင်း စသည်တို့ကို ဖြစ်ပေါ် ခံစားရနိုင်သည်။ အဆိုပါလက္ခဏာများသည် ၁ ရက်မှ ၆ ရက်အထိ ဖြစ်နေတတ်ပြီး တချို့တွင် ပိုမိုဆိုးရွားလာကာ ဦးနှောက်ရောင်ရမ်းသည့်အဆင့်အထိ ဖြစ်လာနိုင်သည်။ ထိုအခါတွင် ဇက်ခိုင်သွားခြင်း၊ ခေါင်းငုံ့စောင်းလိုက်တိုင်း နာကျင်ခြင်း၊ တက်ခြင်း၊ နွမ်းနယ်နုံးချည့်ခြင်း၊ ခြေလက်များ အကြောသေအားနည်းခြင်း၊ စိတ်ကယောက်ကယက်ဖြစ်ခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ အာရုံ စူးစိုက်၍မရခြင်း၊ စကားပြောသည့်အခါ အာလေး လျှာလေးဖြစ်နေခြင်း၊ ကြွက်သားများ တောင့်တင်းခိုင်နေခြင်း၊ ကယောင်ကတမ်းများ ပြောခြင်း၊ သတိလစ်ခြင်းများအထိဖြစ်ကာ အသက်သေသည် အထိ ဖြစ်သွားနိုင်သည်။ ရောဂါပျောက်ကင်း သက်သာလာသူများထဲမှ ၃၀ ရာခိုင်နှုန်းအထိသည် နောက်ဆက်တွဲပြဿနာများအဖြစ် ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ဝေဒနာများ ခံစားရခြင်း၊ နားအကြားအာရုံ ချို့ယွင်းသွားခြင်း၊ မကြာခဏတက်ခြင်း၊ ခြေလက်များ အားနည်းချည့်နဲ့ခြင်းများ ဖြစ်စေနိုင်သည်။ ဂျပန်ဦးနှောက်ရောင်ရောဂါသည် ရာသီမရွေး ဖြစ်နိုင်သော်လည်း ကျူးလက်ခြင်များ ပေါက်ပွားမှု များပြားသည့် မိုးတွင်းကာလတွင် ပိုမို ဖြစ်ပွားလေ့ရှိသည်။ ရောဂါဖြစ်ပွားတတ်သည့် ဒေသများတွင် ၂ နှစ်မှ ၁၅ နှစ် ကြာတိုင်း တစ်ကြိမ်ခန့် သိသိသာသာ ဖြစ်ပွားမှု များလာတတ်သည်။ ထို့ကြောင့် ဂျပန်ဦးနှောက်ရောင်ရောဂါကို လျှော့မတွက်မိကြဖို့ လိုသည်။

**ကုသနည်း**

ဂျပန်ဦးနှောက်ရောင် ရောဂါလက္ခဏာများမှာ အခြားသော ရောဂါလက္ခဏာများနှင့် ဆင်ဆင်တူသည့်အတွက် ဂျပန်ဦးနှောက်ရောင်ရောဂါဟု သံသယရှိပါက ဆေးရုံ၊ ဆေးခန်းများတွင် ပြသကာ သွေးစစ်ဆေးခြင်း၊ ခါးဆစ်ရိုးရည် ရယူစစ်ဆေးခြင်းများ ပြုလုပ်ရမည်ဖြစ်သည်။ ရောဂါသေချာပါက ခံစားနေရသော ဝေဒနာကို လိုက်ပြီး သက်သာအောင်သာ ကုသပေးရနိုင်သည်။ ဂျပန်ဦးနှောက်ရောင်ရောဂါအတွက် သီးသန့် ကုသပေးနိုင်သည့်ဆေး မရှိသေးပါ။ ထို့ကြောင့် ကာကွယ်ရေးလုပ်ငန်းများသည် ပိုအရေးပါလာသည်။

**ကြိုတင်ကာကွယ်ပါ**

ဂျပန်ဦးနှောက်ရောင်ရောဂါကို အောက်ပါနည်းများဖြင့် ကြိုတင်ကာကွယ်နိုင်ပါသည်။

**(၁) ခြင်အကိုက်မခံရအောင်နေထိုင်ခြင်း**

ဂျပန်ဦးနှောက်ရောင်ရောဂါသည် ရောဂါပိုး သယ်ဆောင်ထားသည့် ကျူးလက်ခြင်ကြောင့် ဖြစ်ပွားရသည့်အတွက် ခြင်အကိုက်မခံရအောင်နေနိုင်ပါက ဂျပန်ဦးနှောက်ရောင်ရောဂါကို တားဆီးကာကွယ်ရာရောက်သည်။ သို့သော် ခြင်အကိုက်မခံရအောင် ကာကွယ်ဖို့ရာမှာ ထင်သလောက် မလွယ်ပါ။ သို့သော် အတတ်နိုင်ဆုံး ခြင်အကိုက်ခံရမှုနည်းအောင် ခြင်ပေါက်ပွားနိုင်သော နေရာများကို ရှင်းလင်းခြင်း၊ ဆေးစိမ်ခြင်ထောင်သုံးခြင်း၊ ခြင်ပြေးလိမ်းဆေးလိမ်းခြင်း၊ အဝတ်ထူထူ ဝတ်ခြင်းများ ပြုလုပ်သင့်သည်။

**(၂) ကာကွယ်ဆေးထိုးခြင်း**

ဂျပန်ဦးနှောက်ရောင်ရောဂါအတွက် အထိရောက်ဆုံး ကာကွယ်နည်းမှာ ကာကွယ်ဆေးထိုးနှံခြင်း ဖြစ်သည်။ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးကို ၁၉၃၀ ပြည့်လွန်နှစ်များကတည်းက စတင် သုံးစွဲခဲ့ကြသည်။ ကြွက်ဦးနှောက်မှ ထုတ်လုပ်ထားသော ကာကွယ်ဆေး၊ ဖော်မလင်ဖြင့် ဗိုင်းရပ်စ်ပိုး ဖျက်ဆီး ပြုပြင် ထုတ်လုပ်ထားသော ကာကွယ်ဆေး၊ ဆဲလ်မွေးခြင်းနည်းဖြင့် ထုတ်လုပ်ထားသော ကာကွယ်ဆေးနှင့် မျိုးဗီဇနည်းဖြင့် ထုတ်လုပ်ထားသော ကာကွယ်ဆေးများကို လက်ရှိရနိုင်ပြီး ကာကွယ်ဆေးများသည် ဂျပန်ဦးနှောက်ရောင်ရောဂါကို ၉၀ ရာခိုင်နှုန်းကျော်အထိ ထိရောက်စွာ ကာကွယ်ပေးနိုင်သည်။

> “ နှစ်စဉ် ဂျပန်ဦးနှောက်ရောင်ရောဂါ ဖြစ်ပွားမှုပေါင်း ၆၈၀၀၀ ကျော်အထိ ရှိပြီး အကြမ်းဖျင်းအားဖြင့် ၃၀ ရာခိုင်နှုန်း ခန့်အထိသည် ဂျပန်ဦးနှောက်ရောင် ရောဂါကြောင့် အသက် သေဆုံးရလျက် ရှိသည်။ ခန့်မှန်းခြေအားဖြင့် ဂျပန် ဦးနှောက်ရောင် ရောဂါကြောင့် နှစ်စဉ် သေဆုံးရသူပေါင်း ၁၃၆၀၀ မှ ၂၀၄၀၀ အထိရှိ ”

**ကာကွယ်ဆေး ထိုးကြပါစို့**

ဂျပန်ဦးနှောက်ရောင်ရောဂါသည် ဖြစ်ပွားပါက အသက်သေဆုံးစေနိုင်သလို ပြန်နေကောင်းလာသည့်တိုင် နောက်ဆက်တွဲ ဆိုးကျိုးများသည့်အတွက် ရောဂါ မဖြစ်မီကတည်းက ကြိုတင် ကာကွယ်ရန် လိုအပ်သည်။ ထိရောက်သည့် ကာကွယ်ဆေးရှိသည့်အတွက် ဂျပန်ဦးနှောက်ရောင်ရောဂါကို ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ကာကွယ်သင့်သည်။ ယခုအခါ မြန်မာနိုင်ငံတွင် ဂျပန်ဦးနှောက်ရောင်ရောဂါအဖြစ်များပြီး အန္တရာယ်မြင့်မားသည့် အသက်အုပ်စုဖြစ်သည့် အသက် ၉ လမှ ၁၅ နှစ်အတွင်းရှိ ကလေးသူငယ် ၁၄ သန်းကို ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။ ကျောင်းအခြေပြု ကာကွယ်ဆေး ထိုးနှံခြင်းကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အတွင်း ပြည်သူလူထုအခြေပြု ကာကွယ်ဆေး ထိုးနှံခြင်းကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အတွင်း အစီအစဉ်နှစ်ရပ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ စတင်ကာ ပုံမှန် ကာကွယ်ဆေးထိုး အစီအစဉ်တွင် ကလေး အသက် ၉ လ အရွယ် ကလေးတိုင်းကို ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးကို ထည့်သွင်းထိုးနှံပေးမည်ဖြစ်သည်။ ထိုအသက်အရွယ် အပိုင်းအခြားရှိ ကလေးငယ်များ ကာကွယ်ဆေး ထိုးနှံရာတွင် ကျန်ရစ်ခဲ့ခြင်း မရှိစေရန် ပူးပေါင်း ပါဝင်ကူညီဖို့ လိုအပ်သည်။

ထို့ကြောင့် ကာကွယ်ဆေးကို ပြည့်ပြည့်ဝဝ ထိုးနှံထားခြင်းဖြင့် ကြောက်စရာ ရောဂါဆိုးတစ်မျိုးဖြစ်သည့် ဂျပန်ဦးနှောက်ရောင်ရောဂါကို ကာကွယ်ကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။ ။



တီးတိန်မြို့နယ် အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး နေလင်းက လူကုန်ကူးမှု အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၁၁ ရက်က ပြုလုပ်ခဲ့ရာ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသူ စုစုပေါင်း ၁၀၀ တက်ရောက်စဉ်။

မြန်မာ့အလင်း

## နာဂစ်မုန်တိုင်း ဖြစ်ပွားပြီးနောက်ပိုင်း လပွတ္တာမှ တခြားအရပ်ဒေသသို့ ပြောင်းရွှေ့လုပ်ကိုင်သူ ရှစ်သောင်းနီးပါးရှိ

**လပွတ္တာ နိုဝင်ဘာ ၁၂**

တစ်ချိန်ကနာဂစ်ဒဏ် အပြင်းအထန်ခံစားခဲ့ရသည့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာဒေသတွင် လူဦးရေ သုံးသိန်းနီးပါးရှိသည့်အနက် ယခုအခါ ရှစ်သောင်းနီးပါးသည် အခြားဒေသများသို့ ရွှေ့ပြောင်း လုပ်ကိုင်နေကြကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။ လပွတ္တာဒေသသည် ပင်လယ်ရေမျက်နှာအထက် လေးပေခန့်သာ မြင့်သဖြင့် နာဂစ်ဖြစ်ချိန်တွင် ပို၍အထိနာခဲ့ပြီး ရေလွှမ်းမိုးခြင်းဒဏ်ကို အဓိက ခံစားခဲ့ရသည်။ နာဂစ်၏အကျိုးအဖြစ် ဆယ်စုနှစ် တစ်ခုအတွင်း လယ်ယာလုပ်ငန်းကို လုပ်ကိုင်သူ နည်းပါးလာကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းကျော်က ပြောသည်။

နာဂစ်မဖြစ်ခင်က လပွတ္တာဒေသသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး ရေလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြကာ နာဂစ်မုန်တိုင်းဒဏ် ခံရပြီးနောက်ပိုင်း မြေနိမ့်ပိုင်းဒေသတွင် နေထိုင်သူများသည် စိုးရိမ်ထိတ်လန့်မှု ရှိနေကြသေး၍ ကုန်းတွင်း အမြင့်ပိုင်းဒေသများသို့ ရွှေ့ပြောင်းလုပ်ကိုင်ကြသည်ဟု ဒေသခံများထံမှ သိရသည်။ ဒေသခံတချို့သည် ရန်ကုန်တိုင်းဒေသကြီးဘက်သို့ အများဆုံး ရွှေ့ပြောင်းပြီး ရေလုပ်ငန်းနှင့်ဆက်စပ်သော မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးဘက်သို့လည်း ပြောင်းရွှေ့ နေထိုင်သူများရှိသကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း သွားရောက်လုပ်ကိုင်လျက် ရှိကြသည်။ ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်နေ့ သန်းခေါင်စာရင်းများအရ လူဦးရေ ၂၂၉၉၂၉ ဦးသာ ကျန်ရှိနေကြောင်း သိရသည်။

“ပင်လယ်နဲ့ နီးတဲ့အခါ ရေလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ခဲ့ရပါတယ်၊ နာဂစ်တုန်းက ရွာလုံးကျွတ် ပျက်စီးသွားခဲ့တယ်၊ ရေလုပ်ငန်းလည်း ဆက်မလုပ်နိုင်ဘဲ အရင်းအနှီးလည်း မရှိတဲ့အခါ ဒီဒေသကနေ ပြောင်းရွှေ့ပြီး အခု မွန်ပြည်နယ် ရေးမြို့နယ်ဘက်မှာ ကျပန်းအလုပ်ကိုသာ လုပ်ကိုင်နေရတယ်” ဟု လပွတ္တာကနေ ပြောင်းရွှေ့လာသူ ဦးဇင်ကိုဦးက ပြောသည်

အရင်လို ရာသီဥတုဖြစ်စဉ် နာဂစ်လို မုန်တိုင်းကဲ့သို့ ထပ်မံ ဖြစ်ပွားမှာကို ဒေသခံများသည် စိုးရိမ်စိတ်များရှိနေကြောင်း၊ ယခုနောက်ပိုင်း မြေပြန့်၊ မြေနိမ့်ဒေသဖြစ်သည့် လပွတ္တာဒေသတွင် ရေလွှတ်တောင်ကုန်းများ မုန်တိုင်းဒဏ်ခံ အဆောက်အအုံများကို အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းကာ တည်ဆောက်ပေးထားကြောင်း သိရသည်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဒဏ် ခံစားရာတွင် လပွတ္တာမြို့နယ်အတွင်း မုန်တိုင်းအရှိန်ကြောင့် ပင်လယ်ရေ မြင့်တက်မှုနှင့်အတူ အသေအပျောက်စာရင်းမှာ ၁ သိန်းကျော်ခန့်ရှိပြီး ကဏန်းလုပ်ငန်း၊ ပုစွန်မွေးမြူရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးလုပ်ငန်းများလည်း ထိခိုက်ခဲ့ကြောင်း သိရသည်။ **နေမျိုးထွင့် (ရေး)**

# ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၇၉ ခုနှစ်၊ လ၊ ရက်**

**(၂၀၁၇ ခုနှစ်၊ လ၊ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို **ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ည)၊ ပုဒ်မ ၃၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ) နှင့် ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ) တို့တွင် ပါရှိသော " ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို **"ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (ည) ၏ နောက်တွင် ပုဒ်မခွဲ (ည-၁) အဖြစ်အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**"(ည-၁) လွှမ်းမိုးပိုင်ခွင့် (Controlling Interest) ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားအဖွဲ့အစည်းတစ်ခုတွင် မဲပေးခွင့် (Voting Stock)၊ အဖွဲ့ဝင်ပိုင်ဆိုင်ခွင့် (Membership Interest) သို့မဟုတ် အစုစပ်ပိုင်ဆိုင်ခွင့် (General Partnership Interest) ၏ ၅၀ ရာခိုင်နှုန်းထက် ပိုမိုသော ပမာဏကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ပိုင်ဆိုင်ထားသည့် ပိုင်ဆိုင်မှုအခြေအနေ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား အောက်ပါ အခြေအနေတစ်ရပ်ရပ်ကို ဖြစ်စေ၊ အားလုံးကိုဖြစ်စေ ဆောင်ရွက်နိုင်ခွင့် ရစေသည့် ပိုင်ဆိုင်မှု အခြေအနေကို ဆိုသည် -**

**(၁) အခြားအဖွဲ့အစည်းတစ်ခု၏ဒါရိုက်တာအဖွဲ့သို့မဟုတ် စီမံခန့်ခွဲမှုကော်မတီ၏ ၅၀ ရာခိုင်နှုန်း အထက်ကို ခန့်ထားနိုင်ခြင်း၊**

**(၂) အခြားအဖွဲ့အစည်းတစ်ခု၏ နေ့စဉ်လုပ်ငန်းများကို ကွပ်ကဲသော အဆင့်မြင့် အမှုဆောင်အရာရှိ(Senior Executive) များအား ခန့်ထားခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်း၊ အဆင့်ချထားခြင်းနှင့် ထုတ်ပယ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခြင်း၊**

**(၃) အခြားအဖွဲ့အစည်းတစ်ခု၏ အရေးကြီးသော ရင်းနှီးမြှုပ်နှံမှု၊ အုပ်ချုပ်မှု သို့မဟုတ် စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ခြင်း၊**

**(၄) အခြားအဖွဲ့အစည်းတစ်ခု၏ စီမံခန့်ခွဲမှု ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် အဓိကကျသော နေရာမှ ပါဝင်ခြင်း၊**

**(၅) အခြား အဖွဲ့အစည်းတစ်ခု၏ နေ့စဉ်လုပ်ငန်း ဆောင်ရွက်မှုများကို စီမံခန့်ခွဲနိုင်ခြင်း၊**

**(၆) အခြားအဖွဲ့အစည်းတစ်ခုက ဖြည့်ဆည်းပေးသော ဝန်ဆောင်မှု၏ သဘောသဘာဝ သို့မဟုတ် ဝန်ဆောင်မှုပုံစံ၊ စည်းကမ်းသတ်မှတ်ချက်များ၊ နှုန်းထားများကို ဆုံးဖြတ်ရာတွင် သိသိသာသာ လွှမ်းမိုးမှု ပြုနိုင်ခြင်း။"**

(ခ) ပုဒ်မခွဲ (ဋ) ၏ နောက်တွင် ပုဒ်မခွဲ (ဋ-၁) အဖြစ်အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**"(ဋ-၁) ယာယီလိုင်စင်ဆိုသည်မှာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်လျှောက်ထားသူ၏ လုပ်ငန်းလိုအပ်ချက်၊ နည်းပညာပိုင်းဆိုင်ရာ ဖြစ်နိုင်ခြေရှိမှုနှင့် အခြားလိုအပ်သည့် သတင်းအချက်အလက်များ အတွက် အချိန်ပေးလေ့လာရန် လိုအပ်မှုတို့အပေါ် မူတည်၍ ကောင်စီက ထုတ်ပေးသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းယာယီလိုင်စင်ကို ဆိုသည်။"**

၄။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အမျိုးသား ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -**

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး<br>ဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အရင်းအမြစ်၊ လှိုင်းနှုန်းစဉ်ကြီးကြပ်ရေး<br>နှင့် စံချိန်စံညွှန်းဌာနကြီး၊ ဆက်သွယ်ရေး<br>ညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဥက္ကဋ္ဌ<br>ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီ | အဖွဲ့ဝင် |
| (ဇ) | ကိုယ်စားလှယ်တစ်ဦး<br>အများပြည်သူဝန်ဆောင်မှုရုပ်မြင်သံကြား<br>နှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး<br>ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်<br>စစ်ဆင်ရေး<br>ညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံ<br>ထုတ်လွှင့်သူများအသင်း | အဖွဲ့ဝင် |
| (ဋ) | ကိုယ်စားလှယ်တစ်ဦး<br>ကွန်ပျူတာပညာရှင်များအသင်း | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး<br>ဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန" | အတွင်းရေးမှူး |

၅။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၄ (ပ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၁၄။(ပ) လိုင်စင်နှင့်ယာယီလိုင်စင်များ ထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်းနှင့် ရုပ်သိမ်းခြင်း၊"**

၆။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၂၄။ ကောင်စီသည် -**

**(က) ဤဥပဒေအရ ပေးအပ်ထားသော တာဝန်များကိုဆောင်ရွက်နိုင်ရန် သတ်မှတ်ချက်နှင့်အညီ ရုံးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။**

**(ခ) မိမိ၏ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ရုံးအဖွဲ့သို့ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။"**

၇။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၃၈ ပုဒ်မခွဲ (င) ၏ နောက်တွင် ပုဒ်မခွဲ (စ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**"၃၈။(စ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု တစ်နှစ်လုပ်ငန်းယာယီလိုင်စင်"**

၈။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၄၅ ၏ နောက်တွင် ပုဒ်မ၄၅-က နှင့် ပုဒ်မ ၄၅-ခ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**"၄၅-က။ ယာယီလိုင်စင် လျှောက်ထားလိုသူသည် သတ်မှတ်ချက်နှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။**

**၄၅-ခ။ ကောင်စီသည် ပုဒ်မ ၄၅-က အရ ယာယီလိုင်စင်လျှောက်ထားချက်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ယာယီလိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ယာယီလိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။"**

၉။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၄၇ တွင် ပါရှိသော **"စီးပွားရေးအရ ထုတ်လွှင့်သည့်"** ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၀။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၅၀ ၌ "လုပ်ငန်းတစ်ခုစီထက်ပို၍" ဆိုသည့် စကားရပ်၏နောက်တွင် **"တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ"** ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၁။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၅၀ ၏ နောက်တွင် ပုဒ်မ (၅၀-က) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**"၅၀-က။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အနေဖြင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းတစ်ခုအား တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍ ကောင်စီက အဆုံးအဖြတ်ပေးနိုင်သည်။"**

၁၂။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၅၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၅၁။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုဇုန်တစ်ခုတွင် ပုဂ္ဂလိက သတင်းစာလုပ်ငန်းကိုဖြစ်စေ၊ ပုဂ္ဂလိက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းကို ဖြစ်စေ ပူးတွဲပိုင်ဆိုင်ခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းတစ်ခုတွင် လွှမ်းမိုးပိုင်ခွင့် (Controlling Interest) ကို ရရှိထားပါက အခြားလုပ်ငန်းတစ်ခုကို ၃၀ ရာခိုင်နှုန်းထက် ပို၍ပိုင်ဆိုင်ခွင့်မပြုရ။"**

၁၃။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၀၀ တွင် ပါရှိသော "ဤဥပဒေ ပြဋ္ဌာန်းသည့်နေ့မှ တစ်နှစ်အတွင်း" ဆိုသည့် စကားရပ်ကို **"လိုင်စင်လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများကို ကောင်စီက ရေးဆွဲထုတ်ပြန်သည့် နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၀၃ ကို အောက်ပါအတိုင်း အစား ထိုးရမည် -

**"၁၀၃။ ဤဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေများ ထုတ်ပြန်သည့် နေ့ရက်မှ ရက်ပေါင်း ၁၈၀ အတွင်း ကောင်စီကို ဖွဲ့စည်းရမည်။"**



မွန်ပြည်နယ်ရဲတပ်ဖွဲ့ မှုခင်းပညာပေးယာဉ်ဖြင့် ကျိုက်မရောမြို့နယ် သက်န်းချောင်းကျေးရွာ အမက(မူလွန်)ကျောင်း ရှေ့၌ နိုဝင်ဘာ ၁၁ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်သန်း၊ ပြည်နယ် အကူတပ်ဖွဲ့ခွဲမှ ဒုရဲမှူး မျိုးသန့်နှင့် နယ်မြေခံစခန်းမှူး ဒုရဲမှူး အောင်မျိုးတို့က ကျောင်းသား ကျောင်းသူများအား မှုခင်း အသိပညာပေးဟောပြော၊ ပြသစဉ်။

နန္ဒကျော်စွာ



ပေါက်ခေါင်းမြို့နယ် ကန်စုကျေးရွာသို့ ဓာတ်အားဖြန့်ဖြူးပေးထားသော ၁၁ ကေဗွီဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ခြင်းနှင့် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၇ ရက်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်သူ ဦးဆောင်သော ဝန်ထမ်းများက ဆောင်ရွက်ကြစဉ်။

မြင့်နိုင်(ရွှေတောင်)

## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် Logistics ဘွဲ့လွန်ဒီပလိုမာ ညနေပိုင်း သင်တန်းသားများခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်(Myanmar Maritime University)တွင် ၂၀၁၇-၂၀၁၈ပညာသင်နှစ်အတွက် အောက်ပါဘွဲ့လွန်ဒီပလိုမာသင်တန်းကို ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် စတင်ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်-

| ဖွင့်လှစ်မည့်သင်တန်း | သင်တန်းကာလ | လက်ခံမည့်ဦးရေ |
|---|---|---|
| - Post Graduate Diploma in Transport and Logistics Management | အချိန်ပိုင်း(၁)နှစ် | ၁၂၀ |

၂။ **ပညာအရည်အချင်းသတ်မှတ်ချက်**

(က) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။

(ခ) လုပ်ငန်းခွင်နှင့် ဆက်စပ်မှုရှိသူများကို ဦးစားပေးစဉ်းစားမည်။

၃။ အဆိုပါသင်တန်းအတွက် ဝန်ထမ်းဖြစ်လျှင်(ပုဂ္ဂလိကလုပ်ငန်းအပါအဝင်)၊ ဌာနဆိုင်ရာအကြီးအကဲ၏ ခွင့်ပြုချက်ပါရှိရမည်။

၄။ သင်တန်းကို တစ်ပတ်လျှင် ၅ရက် (တနင်္လာနေ့မှ သောကြာနေ့) အထိ ညနေ၅း၃၀နာရီမှ ည ၇း၃၀နာရီအထိ သတ်မှတ်ထားသော အချိန်ဇယားအတိုင်း ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ သခင်မြပန်းခြံအနီး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကိုယ်စားလှယ်လုပ်ငန်းဌာနဝင်း (မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုဌာန (HRDC))တွင် ပို့ချပေးမည်ဖြစ်ပါသည်။

၅။ သင်တန်းအောင်မြင်ပြီးဆုံးပါက Diploma in Transport and Logistics Management (Dip.TLM) ဘွဲ့အပ်နှင်းမည်ဖြစ်ပါသည်။

၆။ ဝင်ခွင့်လျှောက်လွှာပုံစံများကို ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် ၂၀၁၇ခုနှစ် နိုဝင်ဘာ ၁၄ရက်မှ စတင်ထုတ်ယူနိုင်ပြီး နိုဝင်ဘာ ၂၇ရက် နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ ဝင်ခွင့်လျှောက်လွှာနှင့်အတူ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူ၊ အမျိုးသားမှတ်ပုံတင်(သို့မဟုတ်)နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူတို့ကို ပူးတွဲတင်ပြရမည်။ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ Logistics ဘွဲ့လွန်ဒီပလိုမာဝင်ခွင့်အတွက် လူတွေ့ဖြေဆိုခွင့်ရရှိသူများစာရင်းကို ၂၈-၁၁-၂၀၁၇(အင်္ဂါနေ့)တွင် ကြေညာမည်ဖြစ်ပြီး အဆိုပါရက်တွင် လူတွေ့ဖြေဆိုခွင့်ကတ်ပြားများ ထုတ်ပေးမည်ဖြစ်ပါသည်။

၈။ ဝင်ခွင့်အတွက် လူတွေ့စစ်ဆေးခြင်းကို ၃၀-၁၁-၂၀၁၇ (ကြာသပတေးနေ့)တွင် ပြုလုပ်မည်ဖြစ်ပါသည်။ သင်တန်းတက်ရောက်ခွင့်ရရှိသူများစာရင်းကို ၁-၁၂-၂၀၁၇ (သောကြာနေ့)တွင် ထုတ်ပြန်ကြေညာပါမည်။

၉။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းနံပါတ် ၀၉-၂၆၄၅၇၂၃၆၁နှင့် ၀၉-၄၅၈၁၃၈၀၇၇သို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်**

## အမြန်ဆုံးဆက်သွယ်ရန်

မောင်ကောင်းမြတ်ကျော် (ခ) မောင်လင်းသက်ဝေ ၁၂/ဗဟန(နိုင်)၁၀၀၄၅၅ သိစေရန်-

JSM International Ltd, Yangon Office, ရုံးသို့ အမြန်ဆုံးလာရောက် ဆက်သွယ်ရန် မေတ္တာရပ်ခံပါသည်။

**Capt.ဦးစောယိုးဟာဝါး**

**ဖုန်း-၀၁-၅၄၆၀၇၂၊ ၀၁-၅၄၉၇၈၅၊ ၀၉-၅၀၉၆၁၉၁**

## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဘွဲ့လွန်ဒီပလိုမာသင်တန်းသားများခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် (Myanmar Maritime University)တွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် အောက်ပါဘွဲ့လွန်ဒီပလိုမာသင်တန်းများကို ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်-

| ဖွင့်လှစ်မည့်သင်တန်းများ | သင်တန်းကာလ | လက်ခံမည့်ဦးရေ |
|---|---|---|
| (က) သင်္ဘောလုပ်ငန်း စီမံခန့်ခွဲမှုဘွဲ့လွန် ဒီပလိုမာ(Post Graduate Diploma in Shipping Management) | အချိန်ပိုင်း(၁)နှစ် | ၅၀ |
| (ခ) ဆိပ်ကမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ (Post Graduate Diploma in Port Management) | အချိန်ပိုင်း(၁)နှစ် | ၅၀ |

(၂) **ပညာအရည်အချင်းသတ်မှတ်ချက်**

(က) တက္ကသိုလ်တစ်ခုခုမှဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။

(ခ) လုပ်ငန်းခွင်နှင့်ဆက်စပ်မှုရှိသူများကို ဦးစားပေးစဉ်းစားမည်။

၃။ ဒီပလိုမာသင်တန်းအားလုံးအတွက် ဝန်ထမ်းဖြစ်လျှင်(ပုဂ္ဂလိကလုပ်ငန်းအပါအဝင်) ဌာနဆိုင်ရာအကြီးအကဲ၏ ခွင့်ပြုချက်ပါရှိရမည်။

၄။ အချိန်ပိုင်းသင်တန်းကို တစ်ပတ်လျှင် ၆ရက် (တနင်္လာနေ့မှ သောကြာနေ့)အထိ နံနက် ၇း၀၀နာရီမှ နံနက် ၉း၀၀နာရီနှင့် စနေနေ့ နံနက် ၈း၀၀နာရီမှ ညနေ ၄း၃၀နာရီအထိ သတ်မှတ်ထားသော အချိန်ဇယားအတိုင်း ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ သခင်မြပန်းခြံအနီး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကိုယ်စားလှယ်လုပ်ငန်းဌာနဝင်း မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုဌာန (HRDC)တွင် ပို့ချပေးမည်ဖြစ်ပါသည်။

၅။ သင်တန်းအောင်မြင်ပြီးဆုံးပါက အောက်ပါအတိုင်း ဒီပလိုမာဘွဲ့များ ပေးအပ်မည် ဖြစ်ပါသည်-

(က) သင်္ဘောလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ Dip.SM

(ခ) ဆိပ်ကမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ Dip.PM

၆။ ဝင်ခွင့်လျှောက်လွှာပုံစံများကို ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တွင် ၂၀၁၇ခုနှစ် နိုဝင်ဘာ ၁၄ရက်မှ စတင်ထုတ်ယူနိုင်ပြီး နိုဝင်ဘာ ၂၇ရက်နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ ဝင်ခွင့်လျှောက်လွှာနှင့်အတူ ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၃)ပုံ၊ ဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူ၊ အမျိုးသားမှတ်ပုံတင်(သို့မဟုတ်)နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူတို့ကို ပူးတွဲတင်ပြရမည်။ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိသောလျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ ဘွဲ့လွန်ဒီပလိုမာ နံနက်ပိုင်း သင်တန်းများအတွက် လူတွေ့ဖြေဆိုခွင့်ရရှိသူများစာရင်းကို ၂၈-၁၁-၂၀၁၇(အင်္ဂါနေ့)တွင် ကြေညာမည်ဖြစ်ပြီး အဆိုပါရက်တွင် လူတွေ့ဖြေဆိုခွင့်ကတ်ပြားများ ထုတ်ပေးမည်ဖြစ်ပါသည်။

၈။ ဝင်ခွင့်အတွက် လူတွေ့စစ်ဆေးခြင်းကို ၂၉-၁၁-၂၀၁၇(ဗုဒ္ဓဟူးနေ့)တွင်ပြုလုပ်မည် ဖြစ်ပါသည်။ သင်တန်းတက်ရောက်ခွင့် ရရှိသူများစာရင်းကို ၁-၁၂-၂၀၁၇(သောကြာနေ့)တွင် ထုတ်ပြန်ကြေညာပါမည်။

၉။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၀၉-၂၆၄၅၇၂၃၆၁နှင့် ၀၉-၄၅၈၁၃၈၀၇၇သို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ **မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်**

**မိခင်အမည်မှန်**

မြိတ်မြို့၊ အလက-၅(မြိတ်)၊ သတ္တမတန်းမှ မသက်စုပန်၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုနှင့် မှတ်ပုံတင်စာရင်းအရ ဒေါ်တင်မာဝင်း ၆/မအရ(နိုင်)၁၀၄၇၇၇ဖြစ်ပါကြောင်း။ **ဒေါ်တင်မာဝင်း**

## နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ် အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ်စာမေးပွဲကျင်းပမည်

အဖွဲ့ချုပ်၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ် စာမေးပွဲများကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ ဝင်ရောက်ဖြေဆိုပူဇော်လိုသူများအနေဖြင့် သိရှိဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျင်းပမည့်ရက်** - ၂၀၁၈ခုနှစ် ဇန်နဝါရီ (၆)၊ (၇)၊ (၈)ရက်

**ကျင်းပမည့်အချိန်** - မွန်းတည့် ၁၂ နာရီမှ ညနေ ၄နာရီထိ

**ကျင်းပမည့်နေရာ** - ပဥ္စနိကာယ်စာသင်တိုက်၊ ရန်ကင်းမြို့နယ်၊ (ရန်ကုန်)

ဓမ္မဗျူဟာသင်တန်းကျောင်း၊ ဥဿာမြို့သစ်(ပဲခူး)

**ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ**

- ဦးဆန်းလင်း(အတွင်းရေးမှူး) ဖုန်း-၀၉-၅၀၅၃၆၉၂
- ဒေါ်နီနီဝင်း (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၀၉-၄၂၀၀၁၈၁၃၇
- ဦးမြတ်သူ(စာရင်းစစ်) ဖုန်း-၀၉-၅၁၂၇၁၈၉

**အလုပ်အမှုဆောင်အဖွဲ့**

## (၆၂)ကြိမ်မြောက် အဘဦးအောင်ချမ်းသာ ပူဇော်ကန်တော့ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပ·လ·ရ ရပ်ကွက်အပိုင်၊ အောင်ချမ်းသာ ကပ်ကျော်ဆုတောင်းပြည့်စေတီရှိ အဖေကြီးဦးအောင်ချမ်းသာ ဓာတ်နန်း၌ ၁၈-၁၁-၂၀၁၇ရက်တွင် အဖေကြီးဦးအောင်ချမ်းသာအား ပူဇော်ကန်တော့မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးရှိ တပည့်သားသမီးများအား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**အောင်ချမ်းသာကပ်ကျော်**
**ဆုတောင်းပြည့်စေတီ**

## စာရင်းစစ်ချုပ်ရုံးအစိုးရစာရင်းစစ်ဟောင်းများ မိတ်ဆုံစားပွဲ

နိုင်ငံတော်စာရင်းစစ်ချုပ်ရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့သည့် အစိုးရစာရင်းစစ်ဟောင်းများနှင့် တာဝန်ထမ်းဆောင်ဆဲ အစိုးရစာရင်းစစ်များ(၈)ကြိမ်မြောက် မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်ဖြင့် ကျင်းပမည်ဖြစ်ရာ မိတ်ဆွေများပြန်လည်ဆုံတွေ့နိုင်ရန်အတွက် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** -၂၄-၁၂-၂၀၁၇ရက်(တနင်္ဂနွေနေ့)

**အချိန်** -မွန်းတည့် ၁၂း၀၀နာရီမှ မွန်းလွဲ ၁း၃၀နာရီထိ

**နေရာ** -Dolphin Restaurant မြေပဒေသာကျွန်း၊ နတ်မောက်လမ်း

**အမှုဆောင်ကော်မတီ**

## တက္ကသိုလ်၊ ဒီဂရီကောလိပ်အသီးသီးရှိ ဒဿနိကဗေဒဌာနများနှင့် ဒဿနိကဗေဒအသင်း(မြန်မာနိုင်ငံ)က ကျင်းပမည့် စတုတ္ထအကြိမ်မြောက် WORLD PHILOSOPHY DAY အခမ်းအနား

**ကျင်းပမည့်နေ့ရက်** - ၂၀၁၇ခုနှစ် နိုဝင်ဘာ ၁၆ရက် (ကြာသပတေးနေ့)

**ကျင်းပမည့်အချိန်** - ၁၃း၀၀နာရီမှ ၁၇း၀၀နာရီအထိ

**ကျင်းပမည့်နေရာ** - M3 food center ရွှေတိဂုံဘုရား မြောက်ဘက်မုခ်အနီး၊ ဗဟန်းမြို့နယ်

အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်-

၁။ Keynote Address ပါမောက္ခ ဒေါက်တာကြည်ကြည်လှ

၂။ ဟောပြောပွဲ

ဆရာချစ်ဦးညို

မောင်ကြည်သစ်

ဒဿနိကဗေဒဌာနမှ အငြိမ်းစားဆရာ ဆရာမကြီးများ၊ တာဝန်ထမ်းဆောင်ဆဲ ဆရာ ဆရာမများ၊ ဒဿနိကဗေဒ ကျောင်းသားကျောင်းသူ(ဟောင်း/သစ်)များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အခမ်းအနားကျင်းပရေးကော်မတီ**

## လပွတ္တာမြို့နယ်အသင်း(ရန်ကုန်) တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေး

၂၀၁၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ ရာသက်ပန်အသင်းဝင်များ၏ သားသမီးများအနက် သတ်မှတ်စည်းကမ်းချက်နှင့် ညီညွတ်သူ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်(သို့မဟုတ်)ဝိဇ္ဇာချွန်ဆု၊ သိပ္ပံချွန်ဆု၊ ချီးမြှင့်မည့် တက္ကသိုလ်တစ်ခုခုသို့ တက်ရောက်သင်ကြားခွင့်ရသူများအား ၂၀၁၇-၂၀၁၈ ခုနှစ် တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေးချီးမြှင့်မည်ဖြစ်ရာ ရန်ကုန်မြို့တွင် ဥက္ကဋ္ဌ ဦးရွှေလှိုင် ဖုန်း-၀၉-၉၇၄၀၅၇၂၉၂၊အတွင်းရေးမှူး ဦးသန်းထွန်း ဖုန်း-၀၉-၄၄၈၀၀၉၆၃၃၊ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်လေး ဖုန်း-၀၉-၅၁၅၅၃၉၉၊ အသင်းတိုက်ရုံး ဖုန်း-၀၁-၂၂၂၀၈၈၊ လပွတ္တာမြို့တွင်ဌာနေအမှုဆောင် ဦးအင်းကက်၊ ဦးမြတ်စိုးတို့ထံ ၂၈-၁၁-၂၀၁၇ ရက်နောက်ဆုံးထား၍ ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)**

## မိဘအမည်မှန်

မြိတ်မြို့၊ အထက(၆)၊ နဝမတန်း (D) မှ မအိမ့်ပိုင်ဖြိုး၏ မိဘအမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဇော်ဝင်း ၁၄/ညတန(နိုင်)၀၅၆၀၂၇နှင့် မစမ်းစမ်းအေး ၆/မမန(နိုင်)၁၂၄၄၄၇ဖြစ်ပါကြောင်း။

**ဦးဇော်ဝင်း-မစမ်းစမ်းအေး**

## မြန်မာ့အာမခံလုပ်ငန်းအကြောင်း သိကောင်းစရာ ရှင်းလင်းဟောပြောပွဲကျင်းပ

မြန်မာ့အာမခံလုပ်ငန်း မြိတ်ခရိုင်ရုံးမှ ၇-၁၁-၂၀၁၇ရက် မွန်းလွဲ ၁း၃၀နာရီတွင် အာမခံလုပ်ငန်းအကြောင်းသိကောင်းစရာများ ရှင်းလင်းဟောပြောပွဲ ကို မြိတ်မြို့ စည်ပင်သာယာရေးအဖွဲ့ရုံးခန်းမတွင် ကျင်းပရာ ခရိုင်တာဝန်ခံမှ အသက်အာမခံ၊ မီးအာမခံ၊ ရေ-လေ ခရီးသွားအာမခံ၊ သူတစ်ပါးထိခိုက်မှု အာမခံလုပ်ငန်းများအကြောင်းကို အကျယ်တဝင့်ဟောပြောခဲ့ပြီး တက်ရောက်လာသူများမှ သိလိုသည်များကိုမေးမြန်းရာ ခရိုင်တာဝန်ခံမှ ရှင်းလင်းပြောကြားကာ ဟောပြောပွဲကို ကျင်းပခဲ့ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ မြေကွက်အမှတ် ၂၈၅၊ မြေကွက်တည်နေရာအမှတ် ၂၈၅၊ နေမျိုးနော်ရထာလမ်း၊ (၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဦးဘီသိန်းမောင် (MTA-၁၈၂၅၇၃) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်စိန် ၉/အမရ(နိုင်)၀၅၉၄၆စမ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာနှင့် ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာတရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ စ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိ မြောက်ရပ်၊ လူနေရပ်ကွက်၊ ဇဝနသိဒ္ဓိရပ်ကွက်၊မြေကွက်အမှတ် (ဉ-၆၀၈၁)ရှိ ဒေါ်တင်မြ (ဘ)ဦးတင်မြင့် ၉/ရမသ(နိုင်)၀၃၂၄၅၂ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်တင်လှ (ဘ)ဦးတင်မြင့် ၁၃/တကန(နိုင်)၁၀၀၉၅၄မှ မြေပေးမိန့်မူရင်း၊မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံမူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ် ၁၂၈/က၊ မြေကွက်တည်နေရာအမှတ် ၁၂၈/က၊ အင်ကြင်းလမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးမျိုးမြင့်အောင် ၁၂/အလန(နိုင်)၀၃၉၄၀၀၊ ဒေါ်ခင်စိုးမိုးထွေး ၈/မကန(နိုင်)၁၄၂၃၀၄ တို့မှ ပေါင်းကူညာဏဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့ ရွှေနံ့သာကျေးရွာ အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်းထောက်ခံစာတို့ကိုတင်ပြ၍ နှစ်၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း

**မြဝတီနယ်စပ်ဒေသ သယ်ယူပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း** ကို မြဝတီမြို့နယ် မြစန္ဒီပန်းခြံ City Home ခန်းမ၌ ၂-၁၁-၂၀၁၇ ရက်တွင် အောင်မြင်စွာ အသင်းဖွဲ့စည်းနိုင်ခဲ့ပါသည်။ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးကို ရှေးရှု၍ တည်ထောင်ဖွဲ့စည်းခွင့်ပြုပေးပါသော ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များအားလည်းကောင်း၊ အောင်မြင်စွာ ဖွဲ့စည်းနိုင်ရေးကြီးကြပ်ဆောင်ရွက်ပေးပါသော ပြည်နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပီတာ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကိုကိုနိုင်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်းအမှုဆောင်အဖွဲ့ဝင်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ မြဝတီ နယ်စပ်ဒေသကုန်သွယ်ရေး ကုန်သည်များအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးနှင့်တကွ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း။

**မြဝတီနယ်စပ်ဒေသသယ်ယူပို့ဆောင်ရေးနှင့်**
**ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း**
**TLEA(MWD)**

# YAW MIN GYI APARTMENT

No.62,Yaw Min Gyi Road, Dagon Township

ရာနှုန်းပြည့် တည်ဆောက်ပြီးစီးပြီဖြစ်၍
ငွေချေပြီး အသင့်တက်ရောက် နေထိုင်နိုင်ပါပြီ






ပရိုမိုးရှင်းကာလ အထူးဈေးနှုန်း



- ရန်ကုန်မြို့၏အချက်အခြာ အကျဆုံး Downtown ဧရိယာဖြစ်သည့် ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်းပေါ်တွင် တည်ရှိပါသည်။
- RC Structure, Post Tensioned slab, Shear Wall များဖြင့် ငလျင်ဒဏ်ခံနိုင်စေရန် တည်ဆောက်ထားပါသည်။
- Laminate Floor, Plaster board ceiling ,Lighting Fixtures , Air-conditioning ၊ရေပူရေအေးစက်များ ပြည့်စုံစွာ ပါဝင်၍ Security access control & CCTV system၊ Schindler ဓာတ်လှေကား (၂) စင်း၊ ကိုယ်ပိုင် Transformer နှင့် Generator ပါရှိပါသည်။
- (၁၇၅၀) စတုရန်းပေ မှ (၁၈၀၀) စတုရန်းပေအထိ ကျယ်ဝန်းသည့် အခန်းများဖြစ်ပြီး တစ်ခန်းလျှင် Car parking (၁) စီးစာ ပါရှိပါသည်။

DEVELOPER-
GRAND STYLE CO.,LTD.၊ အမှတ် (၂၄၅)၊ ဗားကရာလမ်း (ဂမုန်းပွင့်မြေနီကုန်း)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL: 01-524963,01-526928
01-516533~6


## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ယုဇနလမ်း၊ အကွက်အမှတ်(ရ/၃၅)နှင့် (ရ/၃၆)၊ ဦးပိုင်အမှတ် (၂၁၈၊ ၂၁၉)၊ ဧရိယာ ၀ဒသမ၁၁၀ဧကရှိ မြေကွက်အား ဦးငွေထွန်း ၁၃/မရတ(နိုင်)၀၀၄၅၈၃က မြေငှားဂရန်အမှတ်တွဲအမှတ် ၁၉၇(၂၀၁၇၊ ၂၀၁၈)ဖြင့် မြေငှားဂရန်လျှောက်ထားလိုပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများသို့ ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးငွေထွန်း**
**၁၃/မရတ(နိုင်)၀၀၄၅၈၃**
**ဖုန်း-၀၉-၈၅၅၀၅၈၇၊ ၀၉-၄၂၇၂၂၈၈၉၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏဂရန်ပေးစီမံချက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ် ၁၂၆၊ မြေကွက်တည်နေရာအမှတ် ၁၂၆၊ အင်ကြင်းလမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဒေါ်ခင်သက်မော် ၁၂/ဒဂန(နိုင်)၀၂၀၀၂၄ ကိုယ်တိုင်မှ ပေါင်းကူညာဏဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ် ၃၇၄၊ မြေကွက်တည်နေရာအမှတ် ၃၇၄၊ ခိုင်သဇင်လမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဒေါ်ယဉ်လှ ၁၂/မဂဒ(နိုင်)၀၆၅၅၇၂ ကိုယ်တိုင်မှ ပေါင်းကူညာဏဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၁)ရပ်ကွက်၊ အကွက်အမှတ် (၅၁)၊ အကောက်ဆိပ်တောင်အကွက် အကွက်အမှတ် (၅၁)၊ ဦးပိုင်အမှတ် (၂၄)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ မြေအား ဦးအုန်းငွေ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းချထားပေးပါရန် လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ

**ပြင်ဦးလွင်ခရိုင်တရားရုံးတော်**
**၂၀၁၇ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၆**

| | | |
|---|---|---|
| ဒေါ်စိုးစိုးလွင် | နှင့် | ၁။ ဒေါ်မာရီဝေ(ခ)မဝေ |
| | | ၂။ ဒေါ်ရွှေယဉ် |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူများ** |

ဒေါ်ရွှေယဉ် အမှတ် (၈/၈၇)၊ ရွှေဘုံသာရပ်၊ ရောလီဝိုင်းအုပ်စု၊ မိုးကုတ်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဒေါ်စိုးစိုးလွင်က ဤရုံးသို့ ပြင်ဦးလွင်ခရိုင်တရားရုံး၏ တရားမဇာရီမှုအမှတ် ၆/၂၀၁၇၏ အရောင်းကြော်ငြာအား ပြန်လည်ရုပ်သိမ်းပေးရန် လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်ကဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၂ ရက် (၁၃၇၉ ခုနှစ် နတ်တော်လဆန်း ၄ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်ရာတွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၇ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သဇင်ရွှေ)**
**ခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**
**ရန်ကင်းမြို့နယ်တရားရုံးတော်**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၁၃**

| | | |
|---|---|---|
| ဒေါ်မြတ်မျိုးလွင် | နှင့် | ဒေါက်တာရဲဝင်းနိုင် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့၊ အမှတ်(ပ-၄/၆၄)၊ ၄၁လမ်းနှင့် ၄၂လမ်းကြား၊ ၆၁ လမ်းနှင့် ၆၂ လမ်းကြားနေ တရားပြိုင် ဒေါက်တာရဲဝင်းနိုင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မြတ်မျိုးလွင်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၅ရက် (၁၃၇၉ခုနှစ် နတ်တော်လပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် နိုဝင်ဘာ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခိုင်ဖူးဝေ)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ရန်ကင်းမြို့နယ်တရားရုံး**

## SENIOR GROUP LIMITED (အကြီးတန်းအုပ်စုလီမိတက်) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ်-၂၅၈၅/၂၀၁၀-၂၀၁၁ အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသော မြေကွက်နှင့် အိမ်အပါအဝင်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား အပြီးအပိုင်အရောင်းအဝယ်ပြုခြင်းကို ကန့်ကွက်နိုင်ကြောင်း

# အများသိစေရန်အသိပေးကြေညာခြင်း

